# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်၊ တနင်္လာနေ့။ Monday, 20 February 2023 ၁၁၀၁၇


### လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၅)နှစ်မြောက် စိန်ရတု ချင်းအမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

( ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက် )

ချစ်ကြည်လေးစားအပ်ပါသော ချင်းပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား

ယနေ့ကျရောက်သည့် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၀)ရက်နေ့၊ (၇၅)နှစ်မြောက် စိန်ရတု ချင်းအမျိုးသားနေ့ နေ့ထူးနေ့မြတ် အခါသမယတွင် မြန်မာနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံအသီးသီး၌ ရောက်ရှိနေကြသော ချင်းတိုင်းရင်းသားများနှင့်အတူ တိုင်းရင်းသားပြည်သူများအားလုံး ကောင်းကျိုးချမ်းသာမင်္ဂလာအဖြာဖြာနှင့်ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

# သီတဂူဆရာတော် ဘဒ္ဒန္တဉာဏိဿရ ဦးစီးမှုဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမောင်ကိုနှင့် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းတို့ ပြင်ဦးလွင်မြို့တွင် "သီတဂူ ဆန်ချီစေတီတော်" ထီးတော်တင်လှူပူဇော်

ပြင်ဦးလွင် ဖေဖော်ဝါရီ ၁၉

သီတဂူဆရာတော် ဘဒ္ဒန္တ ဉာဏိဿရဦးစီးမှုဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမောင်ကို၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်တို့သည် ယနေ့ နံနက်ပိုင်းက ပြင်ဦးလွင်မြို့ ထုံးဘိုကျေးရွာရှိ "သီတဂူဆန်ချီစေတီတော်" တည်ထားမှုအား ထီးတော်တင်လှူပူဇော်ကြသည်။

### ငါးပါးသီလ ခံယူဆောက်တည်

ရှေးဦးစွာ သီတဂူဆရာတော် ဘဒ္ဒန္တ ဉာဏိဿရထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမောင်ကိုနှင့် တက်ရောက်လာကြသော ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် သီတဂူဆရာတော်ကြီး အမှူးပြုသော ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❂



သီတဂူဆန်ချီစေတီတော် ထီးတော်တင်လှူပွဲ ကျင်းပစဉ်။


ယနေ့ ဖတ်စရာ

အိပ်မက်ထဲက ချင်းတောင် သို့မဟုတ် အောက်ချင်းငှက်တို့နှလုံးသား နယ်မြေ
ဆောင်းပါး စာမျက်နှာ » ၆



လုလင်ငယ်သွေး အားမာန်မွေးရမလေ
ဆောင်းပါး စာမျက်နှာ » ၈

လူငယ်များသိသင့်သော ထူးချွန်ထင်ရှားပုဂ္ဂိုလ်များ
အဒမ်စမစ်
စာမျက်နှာ » ၂၁

ကြေးမုံ

# ကိုဗစ်-၁၉ ရောဂါနှင့် အတူယှဉ်တွဲ အမြဲနိုးကြားမှုဖြင့် ထိန်းချုပ်ကာကွယ်

ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုသည် အချိန်ကာလအားဖြင့် သုံးနှစ်ကျော် ကြာမြင့်ခဲ့ပြီဖြစ်သည်။ ယနေ့အချိန်ကာလအထိ ကမ္ဘာပေါ်ရှိနိုင်ငံများတွင် ရောဂါဖြစ်ပွားနေဆဲဖြစ်သည်။ ရောဂါဖြစ်ပွားမှုအရှိန်အဟုန်မှာ ကျဆင်းနေသော်လည်း ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်လာသည့်အပြင် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲသစ်များ လျင်မြန်စွာကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ နှင့်အတူယှဉ်တွဲ၍ အစဉ်အမြဲနိုးကြားမှုဖြင့် ကာကွယ်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားသည့် ၂၀၂၀ ပြည့်နှစ် မတ်လ ၃၁ ရက်နေ့မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီလအထိ ဓာတ်ခွဲနမူနာစစ်ဆေးမှု စုစုပေါင်း ၉ ဒသမ ၉၃ သန်းကျော်တွင် အတည်ပြုလူနာဦးရေ ၆ သိန်း ၃ သောင်းကျော်ရှိပြီး သေဆုံးသူ ၁၉၄၉၁ ဦး ရှိခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ နိုင်ငံ့တာဝန်ယူခဲ့သည့်ကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုနှုန်း များပြားနေချိန်ကာလဖြစ်သည်။ ကူးစက်မှုအမြင့်ဆုံးကာလမှာ ၂၀၂၁ ခုနှစ် ဇူလိုင်လ တတိယပတ်နှင့် စတုတ္ထပတ်ကာလဖြစ်ပြီး တစ်ရက်လျှင် ပျမ်းမျှပိုးတွေ့လူနာဦးရေ ၅၀၀၀ (၄၁ ရာခိုင်နှုန်း)အထိ ဖြစ်ပွားခဲ့သည်။ နိုင်ငံတော်အကြီးအကဲက လတ်တလောဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို "အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်" ခံယူချက်ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ရောဂါဖြစ်ပွားမှုလျော့နည်းကျဆင်းခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ ဖွဲ့စည်းပြီး လိုအပ်သည့် အုပ်ချုပ်ထောက်ပံ့ရေးကိစ္စများကို တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပြီး အနီးကပ်ကြပ်မတ်ဆောင်ရွက်နိုင်ခဲ့သည်။ အဆိုးရွားဆုံးဖြစ်သည့် တတိယလှိုင်းဖြစ်ပွားနေသည့်ကာလတွင် ဖြစ်ပွားမှု၊ သေဆုံးမှုများကို လျင်မြန်စွာထိန်းချုပ်နိုင်ရေးအတွက် ဆေးရုံ/ဆေးခန်းများအပြင် ကုသမှုစင်တာပေါင်း ၁၆၇၄ ခု ဖွင့်လှစ်ကုသပေးခဲ့သည်။ အဆိုပါကာလတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က "လက်တွေ့ကျကျ မြန်မြန်ဆန်ဆန်လုပ်၊ လူ့အသက်ထက်အရေးကြီးတာ ဘာမှမရှိ" ဟူသည့် မူဝါဒကို ချမှတ်ပေးခဲ့သည်။ တာဝန်ရှိသူများကလည်း နည်းလမ်းပေါင်းစုံဖြင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို နေ့မနား၊ ညမနားဆောင်ရွက်ခဲ့ကြသည်။

နိုင်ငံတော်အစိုးရ အောက်ဆီဂျင်စက်ရုံ ၂၁၆ ရုံ၊ ပုဂ္ဂလိကစက်ရုံ ၂၇၁ ရုံ စုစုပေါင်း ၄၈၇ ရုံတည်ဆောက်ပြီး ပြည်သူလူထုအသက်များကို ကယ်တင်ဆောင်ရွက်ပေးခဲ့သည်။ အလားတူ မြန်မာတို့၏ ပင်ကိုစိတ်ရင်းဖြစ်သည့် လှူဒါန်းလိုမှုစိတ်ဖြင့် ရောဂါကာကွယ်ရေးပစ္စည်းများ၊ ကုသရေးဆေးဝါး၊ အောက်ဆီဂျင်နှင့် ငွေကြေး အစားအသောက်တို့ကို အင်တိုက်အားတိုက်လှူဒါန်းပေးခဲ့ကြသည်။ အိမ်နီးချင်းမိတ်ဆွေနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့က အောက်ဆီဂျင်အိုးများ မပြတ်ရရှိရေးကို ကူညီဆောင်ရွက်ပေးခဲ့သည်။ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဝိုင်းဝန်းလက်တွဲပူးပေါင်းဆောင်ရွက်နိုင်မှုများကြောင့် ရောဂါပိုးတွေ့ရှိမှုနှုန်းနှင့် သေဆုံးမှုနှုန်းများ လျင်မြန်စွာကျဆင်းသွားသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့အပြင် နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းအားထုတ်မှုနှင့် မိတ်ဆွေနိုင်ငံများမှ ကူညီလှူဒါန်း၊ ရောင်းချပေးမှုဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ အဆက်မပြတ်ရရှိခဲ့သည်။

ကာကွယ်ဆေးထိုးနှံထားခြင်းသည် ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုကို ထိရောက်စွာလျှော့ချပေးနိုင်သဖြင့် ကာကွယ်ဆေးထိုးနှံမှုကို ဦးစားပေးအုပ်စုအလိုက် စဉ်ဆက်မပြတ်ဆောင်ရွက်ပေးခဲ့သည်။ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကို ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်နေ့အထိ အသက် (၁၈) နှစ်အထက် ရည်မှန်းလူဦးရေ ၃၁ ဒသမ ၆၆ သန်းကျော်တွင် ၃၁ ဒသမ ၀၁ သန်းကျော်ကို ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်၍ ၉၈ ရာခိုင်နှုန်း ကာကွယ်ဆေးလွှမ်းခြုံပေးနိုင်ခဲ့သည်။ အသက် ငါးနှစ်မှ (၁၈) နှစ်အတွင်း ရည်မှန်းလူဦးရေ ၉ ဒသမ ၂၇ သန်းကျော်တွင် ၆ ဒသမ ၈၁ သန်းကျော်အား ပထမအကြိမ် ထိုးနှံပေးပြီးဖြစ်သည့်အတွက် ကာကွယ်ဆေး ၇၃ ရာခိုင်နှုန်း လွှမ်းခြုံပေးနိုင်ခဲ့သည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှု၊ သက်ဆိုင်ရာတာဝန်ရှိသူများ၏ အနီးကပ်ကြီးကြပ်ဆောင်ရွက်နိုင်မှုနှင့် ပြည်သူများ၏ လက်တွဲပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မှုများကြောင့် ယခုအခါ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုမှာ သိသာစွာ လျော့နည်းကျဆင်းသွားပြီဖြစ်ရာ ဤသို့အမြဲနိုးကြားမှုဖြင့် ဆက်လက်ထိန်းချုပ်ထားနိုင်ရေး ကြိုးပမ်းရမည်ဖြစ်ပါကြောင်း။ ။

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း



**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ရေဆင်းကန်ဦးကျောင်းတိုက်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ အဘယာရာမ ပရိယတ္တိစာသင်တိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ မဟာဓမ္မိကာရုံကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ခေမာသီဝံကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ လင်းလွန်းပင်ပရိယတ္တိစာသင်တိုက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ဓမ္မဇေယျကျောင်းတိုက်နှင့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရှိ ရတနာမဏ္ဍိုင်ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ ရွှေတောင်ပရိယတ္တိစာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ ဉာဏိကာရုံကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ အောင်မြေရွှေဘုံကျောင်းတိုက်နှင့် ပြည်ကြီးတံခွန်မြို့နယ်ရှိ စက်မှုမစိုးရိမ်ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ပဲခူးပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ အလိုတော်ပြည့်ဓမ္မာစရိယတက္ကသိုလ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်ရှိ မူလမင်းကွန်းကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့နှင့် ဦးစီးဌာနများမှ သက်ဆိုင်ရာ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့ရှိ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## စစ်တွေတက္ကသိုလ်၌ "လူငယ်နှင့်နည်းပညာ" ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းကျင်းပ

**စစ်တွေ ဖေဖော်ဝါရီ ၁၉**

ရခိုင်ပြည်နယ် စစ်တွေမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စစ်တွေတက္ကသိုလ်တို့ ပူးပေါင်း၍ "လူငယ်နှင့် နည်းပညာ" ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းကို ယမန်နေ့က တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ စစ်တွေတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဇော်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရခိုင်ပြည်နယ်ရုံး ညွှန်ကြားရေးမှူး ဦးတင်ကိုဝင်းက လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ စစ်တွေတက္ကသိုလ် အဏ္ဏဝါသိပ္ပံဌာနမှ လက်ထောက်ကထိက ဒေါ်ဝင်းထက်စံနှင့် စီးပွားရေးပညာဌာနမှ နည်းပြ ဒေါ်ဆွေဇင်တို့က ဦးဆောင်ဆွေးနွေးသူများအဖြစ် ပါဝင်ဆောင်ရွက်ပြီး စစ်တွေတက္ကသိုလ်မှ ရူပဗေဒ ဒုတိယနှစ်ဂုဏ်ထူးတန်း ကျောင်းသား မောင်ထက်အာကာမိုး၊ တတိယနှစ်ဥပဒေပညာ ကျောင်းသား မောင်ဘုန်းပြည့်ဖြိုး၊ စီးပွားရေးပညာ ပထမနှစ်ကျောင်းသား မောင်ထွန်းဇော်မြင့်မြတ်၊ စိတ်ကြိုက်မြန်မာစာ ပထမနှစ် ကျောင်းသား မောင်ပိုင်နိုင်ဖြိုးကျော်၊ မဟာဝိဇ္ဇာ ပထမနှစ် အင်္ဂလိပ်စာကျောင်းသား မောင်ရဲလင်းထွန်းနှင့် ဘူမိဗေဒစတုတ္ထနှစ် ကျောင်းသား မောင်မြတ်သူတို့က "လူငယ်နှင့်နည်းပညာ" ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားခဲ့ကြသည်။



**ပါဝင်ဆွေးနွေး**

ဆွေးနွေးပြောကြားချက်များအပေါ် တက်ရောက်လာကြသော ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက မေးမြန်းဆွေးနွေးဖြေကြားကြပြီး လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြသည့် ကျောင်းသား ကျောင်းသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

**သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။**


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်မြသီတာနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

**ချင်းပြည်နယ်သည် ပထဝီအနေအထားအရ မြင့်မားသော၊ ထင်ရှားသော တောင်တန်းများကြားတွင် တောင်ဇလပ်ပန်းများ အမြဲတစေ ဝေဆာပွင့်လန်းနေသော ပြည်နယ်၊ အေးချမ်းလှသော ရာသီဥတုရှိပြီး သဘာဝအလှအပများနှင့် ပြည့်စုံနေသော ပြည်နယ်၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကိုလည်း အစဉ်ထိန်းသိမ်းစောင့်ရှောက်နေသည့် ချမ်းမြေ့သာယာသော ပြည်နယ်တစ်ခုအဖြစ် တည်ငြိမ်အေးချမ်းစွာ ရှိခဲ့ပါသည်။ သို့သော်လည်း လက်ရှိအခြေအနေတွင် ချင်းပြည်နယ် နေရာဒေသအချို့ အပါအဝင် နိုင်ငံ၏ နေရာအချို့၌ ဆူပူအကြမ်းဖက်မှုများ၊ တရားဥပဒေကို ဖောက်ဖျက်ကျူးလွန်မှုများနှင့် နိုင်ငံကို အဖျက်အမှောင့်လုပ်ရပ်များပြုလုပ်နေခြင်းမှာ ပြည်နယ်၏ အစဉ်အလာကောင်းများကို မှေးမှိန်စေပြီး နိုင်ငံအတွက် အလွန်အန္တရာယ်ကြီးမားလှ**

☆ ရှေ့ဖုံးမှ

ချင်းပြည်နယ်တွင် ချင်းလူမျိုးစုဖြစ်သည့် ချင်းတိုင်းရင်းသားများသည် အခြားတိုင်းရင်းသားများနှင့်အတူ သမိုင်းစဉ်တစ်လျှောက်လုံး အေးအတူ ပူအမျှ ဥမကွဲသိုက်မပျက် စည်းလုံးညီညွတ်စွာ နေထိုင်လာခဲ့ကြပါသည်။ ထို့အပြင် ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့်အတူ သူ့ကျွန်မခံလို၍ နယ်ချဲ့ဆန့်ကျင်ရေး၊ လွတ်လပ်ရေးတိုက်ပွဲများတွင်လည်း ပူးပေါင်းပါဝင်ခဲ့ကြသကဲ့သို့ ပဒေသရာဇ်စနစ်ဖျက်သိမ်းရေး၊ တောင်တန်းမြေပြန့်တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်ရေးတို့ကိုလည်း အမျိုးသားရေးစိတ်ဓာတ်ဖြင့် ဖော်ဆောင်ခဲ့ကြပါသည်။

လွတ်လပ်ရေးရပြီးနောက် ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့မှ ၂၂ ရက်နေ့အထိ ကိုယ်စားလှယ် ၅၀၀၀ ကျော် တက်ရောက်ခဲ့သည့် ချင်းအမျိုးသားညီလာခံကို ဖလမ်းမြို့တွင် ကျင်းပခဲ့ပါသည်။ ဖလမ်းညီလာခံမှ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးရန် ရှေ့လုပ်ငန်းစဉ်များကို ညှိနှိုင်းချမှတ်ပေးနိုင်ခဲ့ကြပါသည်။

ထိုသို့ တိုက်သူကြီးအုပ်ချုပ်သည့်စနစ်မှ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲကျင့်သုံးရေးတို့ကို ဖော်ဆောင်ပေးနိုင်ခဲ့သည့် သမိုင်းအစဉ်အလာကောင်းခဲ့သော ဖေဖော်ဝါရီလ(၂၀)ရက်နေ့ကို ချင်းအမျိုးသားနေ့ဟု သတ်မှတ်၍ တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြပါသည်။ ထိုသမိုင်းဖြစ်စဉ်အရ ယနေ့ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀)ရက်နေ့သည် ချင်းတိုင်းရင်းသားတစ်ရပ်လုံး၏ (၇၅)နှစ်မြောက် စိန်ရတုချင်းအမျိုးသားနေ့၊ နေ့ထူးနေ့မြတ်ကြီးပင် ဖြစ်ပါသည်။ ချင်းအမျိုးသားနေ့ ဖြစ်ပေါ်လာစေရန်အတွက် ချင်းအမျိုးသားခေါင်းဆောင်ကြီးများ၏ ဦးဆောင်မှုကဏ္ဍသည် အလွန်အရေးပါခဲ့ပါသည်။ လွတ်လပ်ရေးမရမီကာလမှ လွတ်လပ်ရေးရပြီးကာလအထိ ချင်းတိုင်းရင်းသားခေါင်းဆောင်ကြီးများ များစွာရှိသည့်အနက် သမိုင်းမှတ်တမ်းအရ လေးစားစံပြုထိုက်သော ချင်းအမျိုးသားခေါင်းဆောင်ကြီးအချို့မှာ ဗြိတိသျှနယ်ချဲ့တော်လှန်ရေးတွင် ဦးဆောင်ဆင်နွှဲခဲ့ကြသည့် ဗိုလ်ကြွမ်ဘိခ်နှင့် ဗိုလ်ခိုင်ကမ်း၊ ပင်လုံစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသည့် ချင်းအမျိုးသား ကိုယ်စားလှယ်များဖြစ်သော ဦးလှုရ်မှုန်၊ ဦးထောင်ဇခုပ်နှင့် ဦးကီယိုမန်း၊ တောင်တန်းနှင့်ပြည်မလွတ်လပ်ရေး တစ်ချိန်တည်းပေးရန် တောင်းဆိုခဲ့ပြီး လွတ်လပ်ရေးတိုက်ပွဲများကို ရှေ့တန်းမှပါဝင်ခဲ့သောလွတ်လပ်ရေးမော်ကွန်းဝင် (ပထမအဆင့်) သတိုးမဟာစည်သူ ဦးဝမ္မသူးမောင်နှင့် နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ရှပ်ရှပ်ချွံချွံ ထမ်းဆောင်ခဲ့သဖြင့် တပ်မတော်ဆိုင်ရာ အမြင့်ဆုံးစွမ်းရည်သတ္တိ ဂုဏ်ထူးဆောင်ဘွဲ့ဖြစ်သည့် အောင်ဆန်းသူရိယဘွဲ့နှင့် သူရဘွဲ့တို့ချီးမြှင့်ခြင်းခံရသော ဗိုလ်ကြီးသူရအောင်ဆန်းသူရိယတိုက်ချွန်းတို့သည် ဂုဏ်ယူလေးစားရသော ချင်းတိုင်းရင်းသားခေါင်းဆောင်များ ဖြစ်ကြပါသည်။ ထိုကဲ့သို့ သမိုင်းအစဉ်အလာကောင်းကို ထိန်းသိမ်းလျက် နောင်အနာဂတ်တွင် မိမိတို့ ချင်းအမျိုးသားထဲမှ ချင်းပြည်နယ်နှင့် ချင်းတိုင်းရင်းသားများ၏ ဂုဏ်ကိုမြှင့်တင်ပေးနိုင်မည့် ခေါင်းဆောင်ကောင်းများ ထွက်ပေါ်လာစေရန် ချင်းတစ်မျိုးသားလုံးက ကြိုးပမ်းဆောင်ရွက်ဖို့လိုကြောင်း တိုက်တွန်းအပ်ပါသည်။

ချင်းပြည်နယ်သည် ပထဝီအနေအထားအရ မြင့်မားသော၊ ထင်ရှားသော တောင်တန်းများကြားတွင် တောင်ဇလပ်ပန်းများ အမြဲတစေ ဝေဆာပွင့်လန်းနေသော ပြည်နယ်၊ အေးချမ်းလှသော ရာသီဥတုရှိပြီး သဘာဝအလှအပများနှင့် ပြည့်စုံနေသော ပြည်နယ်၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကိုလည်း အစဉ်ထိန်းသိမ်းစောင့်ရှောက်နေသည့် ချမ်းမြေ့သာယာသော ပြည်နယ်တစ်ခုအဖြစ် တည်ငြိမ်အေးချမ်းစွာ ရှိခဲ့ပါသည်။ သို့သော်လည်း လက်ရှိအခြေအနေတွင် ချင်းပြည်နယ် နေရာဒေသအချို့အပါအဝင် နိုင်ငံ၏ နေရာ အချို့၌ ဆူပူအကြမ်းဖက်မှုများ၊ တရားဥပဒေကို ဖောက်ဖျက်ကျူးလွန်မှုများနှင့် နိုင်ငံကို အဖျက်အမှောင့်လုပ်ရပ်များပြုလုပ်နေခြင်းမှာ ပြည်နယ်၏ အစဉ်အလာကောင်းများကို မှေးမှိန်စေပြီး နိုင်ငံအတွက် အလွန်အန္တရာယ် ကြီးမားလှပါသည်။ ထိုသို့ မတည်မငြိမ်ဖြစ်ရခြင်း အကြောင်းရင်းအမှန်တရားကို နားလည်ကြပြီး နိုင်ငံတော်ပြိုကွဲပျက်စီးအောင် လုပ်ဆောင်နေကြသူများ၊ အမှောင့်ပယောဂများကို သတိထားကြရန်နှင့် အဖျက်လုပ်ရပ်များကို ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရန် လိုအပ်ကြောင်း အသိပေးအပ်ပါသည်။

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏တာဝန်ကို ယူနေရသည့် သတ်မှတ်ကာလအတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များနှင့် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်အတိုင်း အောင်မြင်အောင် ဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ချမှတ် ဆောင်ရွက်လျက်ရှိပါသည်။ ပြည်တွင်း၊ ပြည်ပငြိမ်းချမ်းရေးရရှိစေရန်နှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးအတွက် အလေးထားကြိုးစားဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့်လည်း မိတ်ဝတ်မပျက် ရင်းနှီးခင်မင်စွာ ဆက်ဆံဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးစားဆောင်ရွက်လျက်ရှိသော်လည်း မိမိတို့နိုင်ငံ၏ ကောင်းရာကောင်းကျိုးနှင့် ဖွံ့ဖြိုးတိုးတက်မှုကိုမလိုလားသော ပြည်ပနိုင်ငံကြီးများနှင့် ပြည်ပသြဇာခံအဖွဲ့အစည်းများ၊ နိုင်ငံ့အကျိုးကိုပစ်ပယ်ပြီး မိမိအာဏာရရှိရေးနှင့် ကိုယ်ကျိုးအတ္တကိုသာ ရှေ့တန်းတင်၍ အလုံးစုံပျက်စီးရေးကို ပြုလုပ်နေကြသူများ၏ ဆူပူအကြမ်းဖက်မှုများကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုများနှင့် အလှမ်းဝေးဆဲဖြစ်ပါသည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ပုံမှန်အခြေအနေရောက်အောင် ထိန်းသိမ်းမြှင့်တင်ပြီးမှသာ ရှေ့ဆက်ရမည့် လုပ်ငန်းတာဝန်များနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆက်လက်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။

တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတော်တည်ဆောက်ရေးအတွက် အရေးပါသည့်အလျောက် တည်ငြိမ်အေးချမ်းမှုကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးကို ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မိမိတို့ ဦးတည်ချက်ထားဖော်ဆောင်နေသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ဖြစ်ပေါ်လာစေရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းဖော်ဆောင်ကြပါရန် မေတ္တာရပ်ခံ တိုက်တွန်းအပ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံနှင့်အဝန်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန် ဘက်ပေါင်းစုံမှ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ချင်းပြည်နယ်၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျောင်းများကို တိုးချဲ့ဖွင့်လှစ်ပေးခြင်းနှင့် အဆင့်တိုးမြှင့်ပေးခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အအုံများပြုပြင်ပေးခြင်းနှင့် အသစ်ဆောက်လုပ်ပေးခြင်း၊ ဆရာ/ဆရာမများ ပိုမိုခန့်ထားပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးရုံ၊ ဆေးပေးခန်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်းနှင့် ဆရာဝန်လိုအပ်မှု ဖြည့်ဆည်းပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့အပြင် နိုင်ငံတော်အစိုးရက ချင်းပြည်နယ်ရှိ ပြည်သူများ မျှော်လင့်စောင့်စားနေသော မဟာဓာတ်အားလိုင်းလျှပ်စစ်မီး ချင်းပြည်နယ်အနှံ့ရရှိရေးကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်အတွက် ပြည်မနှင့် လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်သည့် အဝေးပြေးလမ်းများနှင့် ပြည်နယ်အတွင်းလမ်းများကို တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ချင်းပြည်နယ်မှ နိုင်ငံရပ်ခြားအထိ ရေကြောင်းခရီးဖြင့် ဆက်သွယ်သွားလာနိုင်မည့် ကုလားတန်မြစ်ဝှမ်းဖွံ့ဖြိုးရေးနှင့် ပလက်ဝမြို့ ဆိပ်ကမ်းတည်ဆောက်ခြင်းစီမံကိန်းများလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုအခါ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးရန်ပုံငွေမှ ကျပ်ဘီလီယံ ၄၀၀ ကို နိုင်ငံ၏ စီးပွားရေးမြှင့်တင်နိုင်ရေး အသုံးပြုနိုင်ရန် စီမံဆောင်ရွက်ပေးခဲ့ရာ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ချင်းပြည်နယ်အတွက် ၁၀ ဘီလီယံကို ထောက်ပံ့မတည်ပေးထားပါသည်။ ထို့ပြင် ဒေသဖွံ့ဖြိုးရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ချင်းပြည်နယ်တွင် တီးတိန်ခရိုင်နှင့် ပလက်ဝခရိုင်တို့ကိုလည်း တိုးချဲ့ဖွဲ့စည်းပေးခဲ့ပါသည်။ ထိုကဲ့သို့ နိုင်ငံတော်အစိုးရက ချင်းပြည်နယ်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို စီမံဆောင်ရွက်နေသည့် လုပ်ငန်းရပ်များတွင် ချင်းပြည်နယ်ရှိ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကူညီ ပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းတည်ထောင်ထားသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို တည်ငြိမ်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီဖယ်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုအဖြစ် တည်ဆောက်ရာတွင် တိုင်းရင်းသားအားလုံးတန်းတူရည်တူ ပါဝင်မှုသည် လွန်စွာအရေးပါသည့်နည်းတူ ချင်းပြည်နယ်ရှိ ချင်းတိုင်းရင်းသားများအပါအဝင် ပြည်သူအားလုံးကလည်း စည်းလုံးညီညွတ်စွာ ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

**တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတော်တည်ဆောက်ရေးအတွက် အရေးပါသည့်အလျောက် တည်ငြိမ်အေးချမ်းမှုကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးကို ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မိမိတို့ ဦးတည်ချက်ထားဖော်ဆောင်နေသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးဖြစ်ပေါ်လာစေရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းဖော်ဆောင်ကြပါရန် မေတ္တာရပ်ခံတိုက်တွန်း**

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**✪ သီတဂူဆရာတော်မှ**

ဆက်လက်၍ သီတဂူဆန်ချီ စေတီတော်တွင် တင်လှူပူဇော်မည့် ထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို အလှူရှင်များနှင့် တက်ရောက်လာကြသူများက လက်ယာရစ်သုံးပတ် ပင့်ဆောင် ပူဇော်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမောင်ကို ဦးစီးသည့်အလှူရှင်များက သီတဂူ ဆန်ချီစေတီတော်အား ထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို တင်လှူပူဇော်ကြပြီး နံ့သာရည်များပက်ဖျန်းကာ ရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမောင်ကို၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်တို့က မဟာဗောဓိညောင်ပင် သုံးပင်နှင့် မဟာဗောဓိလင်းလွန်းပင် တစ်ပင်တို့ကို အင်္ဂါထောင့်မှစ၍ စိုက်ပျိုးက ဆရာတော် သံဃာတော်များထံမှ အနုမောဒနာတရား နာယူကြပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။ ယင်းနောက် သီတဂူဆရာတော်ကြီး အမှူးပြုသော ဆရာတော် သံဃာတော်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမောင်ကိုနှင့် ဧည့်ပရိသတ်များက စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ ထို့နောက် သီတဂူ ဆန်ချီစေတီတော် ထီးတော်တင် မင်္ဂလာအခမ်းအနားကို သီတဂူအဓိဋ္ဌာန် သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းလိုက်သည်။ ဆက်လက်၍ ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြသည်။

သီတဂူ ဆန်ချီစေတီတော်ကြီးအား အိန္ဒိယနိုင်ငံ ဆန်ချီမြို့အနီးတွင် အေဒီ(၃)ရာစုအတွင်း အသောကမင်းကြီး တည်ထားကိုးကွယ်ခဲ့သော ဆန်ချီစေတီတော်ကြီးပုံစံဖြင့်သီတဂူဆရာတော်ကြီး ဘဒ္ဒန္တဉာဏိဿရ ဦးဆောင်၍



သီတဂူဆရာတော်ကြီး ဘဒ္ဒန္တဉာဏိဿရထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမောင်ကို၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တက်ရောက်လာကြသော ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမောင်ကို၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်တို့က မဟာဗောဓိညောင်ပင် စိုက်ပျိုးပူဇော်စဉ်။

**❖ သီတဂူဆန်ချီစေတီတော်ကြီးအား အိန္ဒိယနိုင်ငံ ဆန်ချီမြို့အနီးတွင် အေဒီ (၃)ရာစုအတွင်း အသောကမင်းကြီး တည်ထားကိုးကွယ်ခဲ့သော ဆန်ချီစေတီတော်ကြီးပုံစံဖြင့် သီတဂူဆရာတော် ဘဒ္ဒန္တဉာဏိဿရ ဦးဆောင်၍ အလှူရှင်များစုပေါင်းပြီး ပြင်ဦးလွင်မြို့ ထုံးဘိုကျေးရွာရှိ မြေရိယာ ၂ ဒသမ ၁၉ ဧကပေါ်တွင် ၂၀၂၂ ခုနှစ် မေ ၉ ရက်က မြေသန့်ပန္နက်တင်ကာ ၂၀၂၂ ခုနှစ် မေ ၁၄ ရက် (ကဆုန်လပြည့်နေ့)က အုတ်မြစ်တော်စီမင်္ဂလာပြုလုပ်၍ စေတီတော်ရင်ပြင် အမြင့် သုံးပေပေါ်၌ စေတီတော်ဉာဏ်တော် အမြင့် ၃၇ ပေဖြင့် ကိုးလကြာ တည်ထားကိုးကွယ်ခဲ့ရာ ယနေ့ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် ထီးတော်တင်လှူပူဇော်ပွဲအား အောင်မြင်စွာ ကျင်းပနိုင်ခြင်းဖြစ်**

ပူဇော်ပြီး နံ့သာရည်ပက်ဖျန်း ပေးကြသည်။ ဆက်လက်၍ သီတဂူဆရာတော်ကြီး အမှူးပြုသော ဆရာတော် သံဃာတော်များက ဘုရားအနေကဇာတင် ရွတ်ဖတ် ပူဇော်ကြသည်။ ထို့နောက် အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော် သံဃာတော်များထံ ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမောင်ကိုက ငွေကျပ်သိန်း ၂၀၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပြန်ကြားရေးဝန်ကြီးဌာနမှ လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၅၀၊ ဒေါ်ဒီပက်ရာထေရီက ငွေကျပ်သိန်း ၆၀၊ တော်ဝင် ဦးကိုကိုထွေး မိသားစုက ငွေကျပ်သိန်း ၄၀၊ မောရိယမန်းဆေး မိသားစုက ငွေကျပ်သိန်း ၂၀ အပါအဝင်အလှူရှင်များက ငွေပဒေသာပင်များ လှူဒါန်းကြကာ ဧည့်ပရိသတ်များ အလှူရှင်များစုပေါင်းပြီး ပြင်ဦးလွင်မြို့ ထုံးဘိုကျေးရွာရှိ မြေရိယာ ၂ ဒသမ ၁၉ ဧကပေါ်တွင် ၂၀၂၂ ခုနှစ် မေ ၉ ရက်က မြေသန့်ပန္နက်တင်ကာ ၂၀၂၂ ခုနှစ် မေ ၁၄ ရက် (ကဆုန်လပြည့်နေ့)က အုတ်မြစ်တော်စီ မင်္ဂလာပြုလုပ်၍ စေတီတော်ရင်ပြင် အမြင့် သုံးပေပေါ်၌ စေတီတော်ဉာဏ်တော် အမြင့် ၃၇ ပေဖြင့် ကိုးလကြာ တည်ထားကိုးကွယ်ခဲ့ရာ ယနေ့ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင်ထီးတော်တင်လှူပူဇော်ပွဲအား အောင်မြင်စွာ ကျင်းပနိုင်ခြင်းဖြစ်သည်။

စေတီတော်အတွင်း၌ "မာရဝိဇယ"ဘွဲ့တော်ဖြင့် မဟာဗောဓိကြေးသွန်း ဆင်းတုတော်ကြီးနှင့် အတူ အစောဆုံးဆင်းတုဖြစ်သော အေဒီ(၁)ရာစုခန့်က ထုလုပ်ကိုးကွယ်ခဲ့သည့် အိန္ဒိယနိုင်ငံ မထုရာခေတ် ဆင်းတုတော်ပုံစံ အပါအဝင် အေဒီ(၁၉)ရာစုခန့် ရတနာပုံခေတ်လက်ရာ ဆင်းတုတော်အထိ နိုင်ငံစုံမှ ဆင်းတုတော် ပုံစံမျိုးစုံ ၃၂ ဆူဖြင့် ထည့်သွင်း ထုလုပ်ပူဇော်ထားပြီး စေတီတော် တစ်ခုလုံးအတွက် ငွေကျပ်သိန်း ၆၀၀၀ ကျော် အသုံးပြုထားကြောင်း သိရသည်။ **သတင်းစဉ်**



သီတဂူဆန်ချီစေတီတော်တွင် တင်လှူပူဇော်မည့် ထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို အလှူရှင်များနှင့် တက်ရောက်လာကြသူများက လက်ယာရစ်သုံးပတ် ပင့်ဆောင်ပူဇော်ကြစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အထည်ချုပ်စက်ရုံ(ပြင်ဦးလွင်)၊ ပွဲကောက်ရေတံခွန်အပန်းဖြေစခန်းနှင့် မင်္ဂလာ(မန္တလေး)တို့တွင် ကြည့်ရှုလေ့လာ

**မန္တလေး ဖေဖော်ဝါရီ ၁၉**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင် မောင်အုန်းသည် ယနေ့မွန်းလွဲပိုင်းက ပြင်ဦးလွင်မြို့ရှိ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် အထည်ချုပ်စက်ရုံ(ပြင်ဦးလွင်)နှင့် ပွဲကောက်ရေတံခွန်အပန်းဖြေစခန်းတို့သို့လည်းကောင်း၊ ညနေပိုင်းတွင် မင်္ဂလာ(မန္တလေး) မြို့ပြအိမ်ရာစီမံကိန်းသို့လည်းကောင်း သွားရောက်ကြည့်ရှုလေ့လာသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် အထည်ချုပ်စက်ရုံ (ပြင်ဦးလွင်)သို့ ရောက်ရှိ၍ SMART တံဆိပ်ဖြင့်ရှပ်အင်္ကျီများ ချုပ်လုပ်/ရောင်းချမှုကို ကြည့်ရှုလေ့လာပြီး ဝယ်ယူအားပေးသည်။

အဆိုပါ စက်ရုံကို ၂၀၁၅ ခုနှစ်အတွင်း ကိုရီးယားနိုင်ငံထုတ် အရည်အသွေးမြင့် စက်ပစ္စည်းများဖြင့် တပ်ဆင်တည်ဆောက်ခဲ့ပြီး ပြည်ပနိုင်ငံများမှ အရောင်အသွေးမျိုးစုံ ပိတ်စများကို တင်သွင်းကာ Export Quality ချုပ်လုပ်ပြီး ပြည်တွင်းရှိ ကုန်တိုက်ကြီးများအပါအဝင် လက်လီ/လက်ကားစနစ်ဖြင့် ဈေးနှုန်းသင့်တင့်ချိုသာစွာ ဖြန့်ဖြူးရောင်းချလျက်ရှိရာ နှစ်စဉ် အမြတ်ရရှိနေသော အောင်မြင်နေသည့် လုပ်ငန်းတစ်ခု ဖြစ်ကြောင်း သိရသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (B–E Fall) သို့ သွားရောက်လေ့လာကြပြီး တနင်္ဂနွေ ရုံးပိတ်ရက်တွင် ပျော်ရွှင်စွာ လာရောက်အပန်းဖြေနေကြသော ပြည်သူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Sky Cable Car ဖြင့် စီးနင်းလိုက်ပါကြရာ တာဝန်ရှိသူများက ၎င်းအစီအစဉ်ကို ယခုနှစ်ပြည်ထောင်စုနေ့ (ဖေဖော်ဝါရီ ၁၂ ရက်)က စတင်ဖွင့်လှစ်ခဲ့ပြီး လူလေးဦး လိုက်ပါစီးနင်းနိုင်သော Sky Cable Car ၃၆ စီးအား အမြင့် ၃၄ ဒသမ ၈ မီတာခန့်တွင် တိုင်ခြောက်ခုဖြင့် အရှည် ၅၅၃ ဒသမ ၆၄၂ မီတာအား သွယ်တန်းတပ်ဆင်ထားကြောင်း၊ အသွား/အပြန် စီးနင်းရန် စီစဉ်ထားရာ အသွား/အပြန်ကြာချိန် ၁၂ မိနစ်စီဖြင့် ၂၄ မိနစ်ကြာ စီးနင်းနိုင်ပြီး ၎င်းအတွက် တစ်ဦးလျှင် ကျပ်ငါးထောင်နှုန်းဖြင့် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း၊ ရုံးပိတ်ရက်များတွင် လူဦးရေ တစ်သောင်းခန့်နှင့် ကျန်ရက်များတွင် ၄၅၀ ခန့် စီးနင်းကြကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မှန်တံတားပေါ် လမ်းလျှောက်ခြင်း၊ ဆင်လိမ္မာလေးများ စွမ်းရည်ပြသခြင်းတို့ကို ကြည့်ရှုပြီး ရုံးပိတ်ရက်၌ အပန်းဖြေစခန်းအတွင်း အများပြည်သူ အပန်းဖြေခြင်း၊ ကလေးများ ပျော်ရွှင်စွာ ကစားနေခြင်းတို့ကို ကြည့်ရှုကာ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း(B–E Fall)ကို ယခင် မြေအကျယ် ၃၇ ဧကခန့်ပေါ်တွင် တည်ဆောက်ထားရာမှ ၁၃ ဧကထပ်မံတိုးချဲ့ပြီး စုစုပေါင်းဧက ၅၀ ခန့်ပေါ်တွင် နိုင်ငံတကာအဆင့်မီ အပန်းဖြေစခန်းများကဲ့သို့ မြေယာရှုခင်း အလှပြုပြင်ခြင်းများ အပါအဝင် အဆင့်မြှင့်တင်ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း သိရသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မင်္ဂလာ(မန္တလေး)အဆင့်မြင့်အိမ်ရာဖွံ့ဖြိုးမှုစီမံကိန်းသို့ရောက်ရှိပြီး စီမံကိန်းဧရိယာအတွင်း လုံးချင်းအိမ်ရာ၊ ကွန်ဒိုတိုက်ခန်းများ၊ အငှားအိမ်ရာ၊ ယာယီယာဉ်ရပ်နားစခန်းနှင့် နေအိမ်/ဆိုင်ခန်းများ စုဖွဲ့တည်ဆောက်ထားရှိမှု၊ နေအိမ်/ဆိုင်ခန်းဧရိယာအတွင်း ညဈေးခင်းကျင်းရောင်းချမှုနှင့် မန္တလေးကုန်သည်ကြီးများ အသင်းက ဈေးရောင်းပွဲတော် သုံးရက်တာ ပေါင်းစပ်၍ ခင်းကျင်းရောင်းချမှုတို့ကို လှည့်လည်ကြည့်ရှုလေ့လာသည်။

အဆိုပါစီမံကိန်းကို ၂၀၁၂ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့ရာ လုံးချင်းအိမ်ရာများ၊ ကွန်ဒိုတိုက်ခန်းများ၊ နေအိမ်/ဆိုင်ခန်းများအားလုံး ရောင်းချပြီးဖြစ်သော်လည်း အငှားအိမ်ရာအား ဆောက်လုပ်ဆဲဖြစ်ပြီး ပြီးစီးပါက ရုံးခန်းများ အသုံးပြုနိုင်ရေး ငှားရမ်းသွားရန် စီစဉ်ထားရှိကြောင်း၊ ဟိုတယ်လုပ်ငန်းမှာ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှု အလွန်ကာလရောက်ရှိချိန်မှစ၍ လည်ပတ်နေပြီဖြစ်ကြောင်း၊ ယာယီယာဉ်ရပ်နားစခန်းနေရာမှာလည်း ခရီးဝေးလာရောက်သည့် ယာဉ်များရောက်ရှိ အသုံးပြုနေပြီဖြစ်ကြောင်း၊ New Star Light ကုမ္ပဏီအနေဖြင့် စီမံကိန်းဧရိယာအတွင်း လုံခြုံရေး၊ သန့်ရှင်းရေး၊ မြေယာရှုခင်းသာယာလှပရေး၊ ကျန်းမာရေးနှင့် စက်မှု/ဆောက်လုပ်ရေးဆိုင်ရာ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်စောင့်ကြည့်စစ်ဆေး၍ ဝန်ဆောင်မှုပေးနိုင်သဖြင့် အောင်မြင်မှုရရှိနေပြီး မန္တလေးမြို့တော်ဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသည့်ကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် အထည်ချုပ်စက်ရုံ (ပြင်ဦးလွင်)၌ SMART တံဆိပ်ဖြင့် ရှပ်အင်္ကျီများချုပ်လုပ်နေမှုကို ကြည့်ရှုလေ့လာစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း ( B–E Fall)၌ ကြည့်ရှုလေ့လာစဉ်။

## ရွှေမုယင်းဒေသကုန်ထုတ်လမ်း ဖောက်လုပ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဋ္ဌေးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၇ နာရီတွင် ပြည်လမ်းနှင့် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)အဝင်လမ်းအကြား တိုးချဲ့ကွန်ကရစ်လမ်းနှင့် ဆက်စပ်၍ Culvert တည်ဆောက်ပြီးစီးမှုကိုလည်းကောင်း၊ အင်းလျားလေးကန်ပေါင် လူသွားစင်္ကြံစက်ဘီးလမ်း Inter Lock ခင်းကျင်းပြီးစီးမှု၊ မြေယာရှုခင်းပြုလုပ်ထားရှိမှုနှင့် အင်းလျားလေးကန် သန့်ရှင်းကြည်လင်စေရေး အမှိုက်၊ မှော်၊ ဒိုက်များ ဆယ်ယူရှင်းလင်းနေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်သည် တွံ့တေးမြို့နယ် ခရမ်းဝရွာသို့ ရောက်ရှိပြီး ရွှေမုယင်းဒေသကုန်ထုတ်လမ်းဖောက်လုပ်ရေး၊ ဒေသဖွံ့ဖြိုးရေးအတွက် ခရမ်းဝချောင်းကူးတံတားတည်ဆောက်နေမှုနှင့် ခရမ်းဝရွာမှ ကွင်းပေါက်ရွာအထိ ကွန်ကရစ်ခင်းကျင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ကပ္ပလီပင်လယ်ပြင် နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

## မြန်မာ့ပင်လယ်ပြင်

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

(၇၅) နှစ်မြောက် စိန်ရတု ချင်းအမျိုးသားနေ့ ဂုဏ်ပြုဆောင်းပါး

# အိပ်မက်ထဲက ချင်းတောင် သို့မဟုတ် အောက်ချင်းငှက်တို့နှလုံးသားနယ်မြေ

နွေကံ့ကော်(မြို့လှ)

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးသည် ပန်းဥယျာဉ်ကြီးတစ်ခုဖြစ်ပါလျှင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း ဆိုသည့် တိုင်းရင်းသားများသည် ပန်းဥယျာဉ်ကြီးအတွင်း အလှဆင်နေသည့် ရောင်စုံပန်းလေးများပင်ဖြစ်သည်။ ထိုရောင်စုံပန်းလေးများသည် အမိနိုင်ငံကြီးအတွင်း သူ့နေရာ၊ သူ့အလှတို့ကိုယ်စီဖြင့် တိုင်းပြည်ကို အလှတန်ဆာဆင်နေကြပုံမှာ မြင်ရသူများအဖို့ အားရကြည်နူး စိတ်ချမ်းမြေ့ဖွယ်ကောင်းလှသည်။ တောင်ပေါ်မှာ ချယ်ရီ၊ မြေပြန့်မှာ ပိတောက်တို့နည်းတူ ချင်းပြည်နယ်မှ တောင်ဇလပ်ပန်းနီနီသည်လည်း အလှဂုဏ်တင့်သည့်ပန်းလေးပင်ဖြစ်၏။ ဖေဖော်ဝါရီလ ၂၀ ရက်နေ့သည် ချင်းပြည်နယ်နေ့ဖြစ်သည်။

### အောက်ချင်းငှက်အား အမျိုးသားရေးသင်္ကေတအဖြစ် အထွတ်အမြတ်ထား

တိုင်းရင်းသားလူမျိုးအသီးသီးတွင် မိမိတို့အလေးထားရာ အမျိုးသားရေးသင်္ကေတများရှိကြရာ ချင်းတိုင်းရင်းသားတို့မှာ အောက်ချင်းငှက်အား အမျိုးသားရေးသင်္ကေတအဖြစ် အထွတ်အမြတ်ထားကြသည်။ အောက်ချင်းငှက်ကို သစ္စာရှိသောငှက်အဖြစ် တန်ဖိုးထားပြီး အမြတ်တနိုးထားကြ၏။ ချင်းတိုင်းရင်းသားတို့ အောက်ချင်းငှက်ကို အလေးအမြတ်ထားလည်း ထားချင်စရာကောင်းလှပါ၏။ အောက်ချင်းငှက်မ ဥဥတော့မည်ဆိုပါက စောင့်ရှောက်သည့် ငှက်ဖို၏အပြုအမူမှာ လေးစားဖွယ်ကောင်းလှသည်။ ငှက်မ ဥဥတော့မည့်အချိန်တွင် ငှက်ဖိုက သူကိုယ်တိုင်ရွေးချယ်ထားသည့် သစ်ခေါင်းပေါက်အတွင်းသို့ ငှက်မကို ဝင်စေသည်။ သုံးလေးရက်အတွင်း ငှက်မသည် မိမိ၏ကျင်ကြီးဖြင့် သရိုးကိုင်သကဲ့သို့ ဝင်ပေါက်ကို စတင်ပိတ်သည်။ ငှက်အဖိုကလည်း အပြင်ဘက်မှနေ၍ ငှက်မကို အစာခွံ့ရန် အပေါက်ငယ်လေးတစ်ခုသာ ချန်ပြီး ရွှံ့ဖြင့် မိမိနှုတ်သီးကို ပန်းရန်ဆရာများသုံးသည့် သန်လျက်ပမာသုံးကာ ဝင်ပေါက်ကို ကူပိတ်ပေး၏။ ငှက်မသည် တစ်ကြိမ်ဥလျှင် နှစ်လုံးမှ လေးလုံးအထိဥတတ်ပြီး ငှက်မ အသိုက်မှထွက်သည်အထိ ငှက်အဖိုက အစာကျွေးသည်။ ငှက်ကလေးများပေါက်၍ နှစ်ပတ်မျှကြာသည့်အခါ ငှက်မသည် သရိုးကိုင်ထားသောဝင်ပေါက်ကို ထိုးဖောက်၍ထွက်၏။ ပေါက်လာသောငှက်လေးများအား ငှက်ဖိုနှင့် အမတို့က အလှည့်ကျအစာရှာကျွေးကြသည်။ အောက်ချင်းငှက်သည် အခြားအောက်ချင်းငှက် တစ်ဒါဇင်ခန့်နှင့် အတူ အုပ်စုဖွဲ့နေတတ်ပြီး ကိုယ့်ရပ်ဌာနေကို ချစ်ခင်တတ်သူများလည်းဖြစ်ကြသည်ကို တွေ့ရသည်။ အောက်ချင်းငှက်၏ ကတိသစ္စာတည်ကြည်မှုနှင့် ကိုယ့်ရပ်ဇာတိကိုချစ်မြတ်နိုးမှုကြောင့် ချင်းတိုင်းရင်းသားများက မိမိတို့၏အထွတ်အမြတ်ထားရာသင်္ကေတအဖြစ် ရွေးချယ်ကြခြင်းဖြစ်သည်။

အောက်ချင်းငှက်တို့ သစ္စာတရားကြီးမားပြီး အမျိုးကိုချစ်ကြသကဲ့သို့ အမိနိုင်ငံတော် သူ့ကျွန်ဘဝကျရောက်စဉ် နယ်ချဲ့ကို ရဲရဲတောက်ဆန့်ကျင်တွန်းလှန်ခဲ့ကြသည့် သမိုင်းထဲမှ ဗိုလ်ကြွမ်ဘိခ်၊ ဗိုလ်ခိုင်ကမ်းနှင့် အခြားသောချင်းတိုင်းရင်းသားများအပြင် အောင်ဆန်းသူရိယတိုက်ချွန်း၏ အမျိုးချစ်စိတ်များကလည်း မော်ကွန်းတင်စရာများအဖြစ်



ယနေ့ထက်တိုင်တင်ရှိနေဆဲဖြစ်သည်။ နယ်ချဲ့ဖက်ဆစ်များအား ချင်းတောင်တန်းမှ ခုခံတွန်းလှန်ခဲ့ကြသည့် ချင်းတိုင်းရင်းသားသူရဲကောင်းများစွာပေါ်ထွက်ခဲ့ပြီး ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကာကွယ်ရေးအစုအဖွဲ့များစုစည်းကာ လက်နက်စွဲကိုင်တိုက်ပွဲဝင်ခဲ့ကြသည်။ လွတ်လပ်ရေးဆုံးရှုံးပြီးစအချိန်တွင် မြန်မာပြည်အနှံ့အပြား တိုင်းရင်းသားတို့၏ ခုခံတွန်းလှန်မှုများကြောင့် ဗြိတိသျှတို့အခက်တွေ့ခဲ့ရသည်။ နယ်ချဲ့တို့အနေဖြင့် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုပျက်ပြားစေရန် သွေးခွဲမှုများ ဆက်လက်ဆောင်ရွက်ခဲ့ကြသည်။ ချင်းတောင်ကို တိုက်ခိုက်ခြင်းမပြုစေလိုလျှင် ရွှေချိုးဖြူမင်းသားကို ဖမ်းဆီးအပ်နှံရမည်ဟူသော ဗြိတိသျှတို့၏ ကမ်းလှမ်းချက်အား ချင်းအမျိုးသားများကပယ်ချပြီး တိုင်းရင်းသားသွေးစည်းမှုကို ပြသခဲ့ကြသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်ပေါ်ပေါက်လာချိန်တွင် ဦးဝမ္မသူးမောင် ဦးဆောင်သော တော်လှန်ရေးအင်အားစုသည် အဆက်အသွယ်ပြုလုပ်ခဲ့ပြီး ချင်းအမျိုးသား ၃၇၀ ကို ဗမာ့လွတ်လပ်ရေးတပ်မတော်သို့ သွင်းခဲ့သည်။ ဦးဝမ္မသူးမောင်ခေါင်းဆောင်သော ချင်းအမျိုးသားများသည် တိုင်း ၇ ဗိုလ်မှူးအောင်၏ တပ်များနှင့် အဆက်အသွယ်ယူကာ ဖက်ဆစ်ဆန့်ကျင်ရေးတွင် တက်တက်ကြွကြွပါဝင်ဆင်နွှဲခဲ့ကြပြီး ချင်းတိုင်းရင်းသားတို့၏ သွေးနှင့်သတ္တိကို ဖော်ထုတ်နိုင်ခဲ့ကြသည်။

### ထီးလင်းမြို့၌ ချင်း-မြန်မာ ချစ်ကြည်ရေးညီလာခံကြီးကို ကျင်းပနိုင်ခဲ့

သမိုင်းဝင် ပင်လုံစာချုပ်ချုပ်ဆိုရာတွင်လည်း ဖလမ်း၊ တီးတိန်၊ ဟားခါးမှ ကိုယ်စားလှယ်များ တက်ရောက်လက်မှတ်ထိုးနိုင်ခဲ့ပြီး ချင်းတိုင်းရင်းသားများကိုယ်စား ပြည်ထောင်စုစိတ်ဓာတ်ကို ပြသနိုင်ခဲ့ကြသည်။ ၁၉၄၇ ခုနှစ် မတ်လတွင် ထီးလင်းမြို့၌ ချင်း-မြန်မာ ချစ်ကြည်ရေးညီလာခံကြီးကို ကျင်းပနိုင်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း၊ ဒီးဒုတ်ဦးဘချိုတို့ တက်ရောက်ခဲ့ကြပြီး ချင်းအမျိုးသားများဘက်မှ ဦးဝမ္မသူးမောင်ဦးဆောင်သည့် ချင်းအမျိုးသား တစ်သောင်းကျော်တို့ တက်ရောက်ကာ ချင်း-မြန်မာချစ်ကြည်ရေး ခိုင်မာနွေးထွေးမှုကို ပြသနိုင်ခဲ့သည်။ ဗြိတိသျှနယ်ချဲ့တို့ မည်မျှပင်သွေးခွဲစေကာမူ ချင်း-မြန်မာအမျိုးသားတို့ ဥမကွဲသိုက်မပျက် စိတ်ဝမ်းမကွဲဘဲ စည်းလုံးပူးပေါင်းကြမည်ဟူသည့် အဓိကအချက်ကြီးများကို သန္နိဋ္ဌာန်ပြုခဲ့ကြသည်။

စာရေးသူတို့၏ အမိနိုင်ငံတော်ကြီးသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကိုယ်ပိုင်အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးကို ပြန်လည်ရရှိခဲ့သည်။ ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ဖလမ်းမြို့၌ ကျင်းပသည့် လူထုညီလာခံက ပဒေသရာဇ်အုပ်ချုပ်ရေးစနစ်ဟောင်းကို ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ဖြင့် အစားထိုးရန် တစ်ခဲနက်ဆုံးဖြတ်ခဲ့ကြသည်။ ထိုသို့ညီလာခံကျင်းပပြီး ပဒေသရာဇ်အုပ်ချုပ်ရေးစနစ်ဟောင်းကို ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ဖြင့် အစားထိုးရန်ဆုံးဖြတ်ခဲ့သည့် ဖေဖော်ဝါရီလ ၂၀ ရက်နေ့အား ချင်းအမျိုးသားနေ့အဖြစ် သတ်မှတ်ခဲ့ကြသည်။ ယခုဆိုလျှင် ၇၅ နှစ်တိုင်ခဲ့ပြီဖြစ်၏။

> **"သဘာဝတရားကြီးမှ ဖန်ဆင်းပေးထားသည့် မြစ်ချောင်းအင်းအိုင်များ၊ စိမ်းညို့အုံ့မှိုင်းပြီး ထင်ရှားလှပသည့်တောင်တန်းကြီးများနှင့် ရှားပါးသားရဲမျိုးစိတ်များ၊ ဆေးဖက်ဝင်နွယ်မြက်သစ်ပင်များသည် ချင်းပြည်နယ်အတွက် အဖိုးတန်ရတနာများဖြစ်သည့်အားလျော်စွာ မတူကွဲပြားမှုများနှင့် စိတ်ဝင်စားဖွယ်ကောင်းလှသည့် ချင်းတိုင်းရင်းသားအသီးသီး၏ ရိုးရာယဉ်ကျေးမှုများကလည်း တစ်ကျောင်း တစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းဆိုသလို အံ့ဩဖွယ်ကောင်းလှသည်။ မည်သို့ပင်မတူညီမှုများရှိစေ အားလုံးသည် မြန်မာတည်းဟူသော သွေးချင်းညီနောင်စိတ်ဖြင့် အမိပန်းဥယျာဉ်ကြီးအတွင်း အလှပဆုံးဝေဆာပွင့်လန်းနိုင်အောင် ကြိုးစားသွားရမည်"**

### ချင်းပြည်နယ်အတွက် အဖိုးတန်ရတနာများ

သဘာဝတရားကြီးမှ ဖန်ဆင်းပေးထားသည့် မြစ်ချောင်းအင်းအိုင်များ၊ စိမ်းညို့အုံ့မှိုင်းပြီး ထင်ရှားလှပသည့် တောင်တန်းကြီးများနှင့် ရှားပါးသားရဲမျိုးစိတ်များ၊ ဆေးဖက်ဝင် နွယ်မြက်သစ်ပင်များသည် ချင်းပြည်နယ်အတွက် အဖိုးတန်ရတနာများဖြစ်သည့်အားလျော်စွာ မတူကွဲပြားမှုများနှင့် စိတ်ဝင်စားဖွယ်ကောင်းလှသည့် ချင်းတိုင်းရင်းသားအသီးသီး၏ ရိုးရာယဉ်ကျေးမှုများကလည်း တစ်ကျောင်း တစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းဆိုသလို အံ့ဩဖွယ်ကောင်းလှသည်။ မည်သို့ပင်မတူညီမှုများရှိစေ အားလုံးသည် မြန်မာတည်းဟူသော သွေးချင်းညီနောင်စိတ်ဖြင့် အမိပန်းဥယျာဉ်ကြီးအတွင်း အလှပဆုံးဝေဆာပွင့်လန်းနိုင်အောင် ကြိုးစားသွားရမည်ဖြစ်သည်။ ယခင်က သွားလာရေးခက်ခဲခဲ့သည့် ချင်းပြည်နယ်ခရီးစဉ်သည် ယနေ့ကာလတွင် ဟိုစဉ်ကလို မဟုတ်တော့ဘဲ အဆင်ပြေချောမွေ့လျက်ရှိသည်ကို မြင်တွေ့ရသည်မှာ ဝမ်းမြောက်ဖွယ်ကောင်းလှသည်။ လမ်းတံတားများ အဆင့်မြှင့်တင်ခြင်း၊ အသစ်တည်ဆောက်ခြင်းများအပြင် ဖလမ်းမြို့တွင် တည်ဆောက်ပြီးစီးခဲ့သည့် လေဆိပ်ကြီးကြောင့်လည်း ချင်းပြည်နယ်၏ လူမှုစီးပွားများ ပိုမိုဖွံ့ဖြိုးလာတော့မည်မှာ မလွဲဧကန်ပင်ဖြစ်သည်။

### အမိနိုင်ငံတော်ကို အကျိုးပြုခဲ့ကြသည့် တိုင်းရင်းသားများ

လွတ်လပ်ရေးကြိုးပမ်းမှုကာလမှသည် ယနေ့တိုင် ချင်းတိုင်းရင်းသားတို့သည် မတူကွဲပြားသည့် နယ်ပယ်မှ မတူကွဲပြားသည့် ပုံစံမျိုးစုံဖြင့် အောက်ချင်းငှက်တို့နှလုံးသား၊ တောင်ဇလပ်ပန်းတို့၏သစ္စာတရားကဲ့သို့ အမိနိုင်ငံတော်ကို အကျိုးပြုခဲ့ကြသည့် တိုင်းရင်းသားများပင်ဖြစ်သည်။ (၇၅) နှစ်မြောက်စိန်ရတု ချင်းအမျိုးသားနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် မိမိတို့၏ရိုးရာယဉ်ကျေးမှုစာပေနှင့် သူရသတ္တိအမွေကောင်းများကို လက်ဆင့်ကမ်းထိန်းသိမ်းလျက် အမိမြန်မာနိုင်ငံတည်းဟူသော ပန်းဥယျာဉ်ကြီးထဲ ပြည်ထောင်စုစိတ်ဓာတ်အပြည့်ဖြင့် အလှကိုယ်စီ ဆက်လက်ပုံဖော်သွားလိမ့်မည်ဟု စာရေးသူအနေဖြင့် ယုံကြည်မိသည်။ အခွင့်အခါပေးသည့် တစ်နေ့တွင်မူ စာရေးသူအိပ်မက်ထဲက ချင်းတောင် သို့မဟုတ် အောက်ချင်းငှက်တို့နှလုံးသားရှိရာနှင့် တောင်ဇလပ်ပန်းနီနီတို့ပွင့်လန်းရာဒေသသို့ အလည်တစ်ခေါက်ပြန်ရောက်ချင်ပါကြောင်း ဆန္ဒပြုရင်း (၇၅) နှစ်မြောက် စိန်ရတုချင်းအမျိုးသားနေ့ကို ဂုဏ်ပြုကြိုဆိုလိုက်ရပါသည်။ ။


ကိုးကား

(၁) မြတ်နိုးစရာ တို့တိုင်းရင်းသား အမှတ်သင်္ကေတများ (မြန်မာ့အသံသိန်းဟန်)

(၂) တိုင်းရင်းသားလူမျိုးများ၏ နယ်ချဲ့ဆန့်ကျင်ရေးသမိုင်း

## ဟိုင်းကြီးကျွန်းမြို့ မဟာမကုဋ္ဌရုံသီ ဆံတော်ရှင်မြတ်မော်တင် စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲ ကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၁၉

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ရှိ မဟာမကုဋ္ဌရုံသီဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်မြတ်ကြီး၏တောင်ခြေရှိ မင်္ဂလာမုခ်ဦး၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် ဘုရားဖူးလာပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက စေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီးဆွမ်းများ ကပ်လှူပူဇော်ခဲ့ကြပြီး သဲဖြူနှင့် မဟာမြိုင်တောရဓမ္မရိပ်သာတို့၏ ဦးစီးပဓာနနာယက ဘဒ္ဒန္တ ပညာဇောတ သာသနဓဇဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ မဟာထေရ်မြတ်ထံမှ ငါးပါးသီလခံယူ ဆောက်တည်၍ အနုမောဒနာတရားနာကြားကြပြီး ကောင်းမှုကုသိုလ်အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ ဆရာတော်ကြီးအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဩဝါဒဆရာတော်ကြီးများနှင့်တကွ မြတ်မော်တင်တောင်ခြေနှင့် အနီးဝန်းကျင်ကျေးရွာများတွင် သီတင်းသုံးတော်မူကြသော သံဃာတော်အပါး ၂၀၀ တို့အား ဆွမ်း၊ လှူဖွယ်ပစ္စည်းများနှင့် အလှူတော်ငွေများ လောင်းလှူပူဇော်ခဲ့ကြပြီး ဆံတော်ရှင်မြတ်မော်တင် စေတီတော်မြတ်ကြီးတောင်ခြေတွင် ရှင်ဥပဂုတ္တမထေရ်မြတ်အား ပင့်ဆောင်ပူဇော်၍ ဖောင်တော်အား ရေမျှောပူဇော်ကုသိုလ်ပြုလုပ်ခဲ့ကြသည်။

ဆက်လက်၍ မဟာမကုဋ္ဌရုံသီ ဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲမင်္ဂလာအခမ်းအနားအား ဗုဒ္ဓါဘိသေက မင်္ဂလာဩဘာစာတမ်းအား ဖတ်ကြားပြီးနောက် မင်္ဂလာအချိန်အခါတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မင်္ဂလာမုခ်ဦးအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်း၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရှမ်းပြည်နယ်ဝန်ကြီးချုပ် မိုင်းဖြတ်မြို့နယ်၌ ဌာဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ



မိုင်းဖြတ် ဖေဖော်ဝါရီ ၁၉

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးနှင့် ဝန်ကြီးများအဖွဲ့သည် ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်သို့ ရောက်ရှိလာပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံပွဲ အခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရှိ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က ဒေသဆိုင်ရာအချက်အလက်များနှင့် မြို့နယ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ လိုအပ်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် မြို့မိမြို့ဖများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်နယ် ဝန်ကြီးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက မိုင်းဖြတ်မြို့နယ်အတွက် ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်းအထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့်စပ်လျဉ်းပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဌာနဆိုင်ရာဝန်ထမ်းများအတွက် ငွေကျပ်သိန်း ၃၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းနောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက မြို့နယ်စည်ပင်သာယာရေးဌာနမှ ဆောင်ရွက်သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၉ ဒသမ ၃၅ သန်းဖြင့် လမ်းအရှည် ၄၇၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ၉ လက်မ အတိုင်းအတာရှိ ကျောက်ချောလမ်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရခိုင်ပြည်နယ်ဝန်ကြီးချုပ် (၇၅) နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ တက်ရောက်ကြမည့် ချင်းတိုင်းရင်းသားများနှင့် တွေ့ဆုံ



စစ်တွေ ဖေဖော်ဝါရီ ၁၉

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက ရခိုင်ပြည်နယ်လွှတ်တော် ဧည့်ရိပ်သာအစည်းအဝေးခန်းမ၌ စစ်တွေမြို့တွင် ကျင်းပမည့် (၇၅) နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ တက်ရောက်ရန် ရောက်ရှိနေကြသည့် ချင်းတိုင်းရင်းသားများနှင့် တွေ့ဆုံကြသည်။

တွေ့ဆုံပွဲတွင် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းက ရခိုင်ပြည်နယ်အတွင်း တိုင်းရင်းသားလူမျိုးစုများသည် စုပေါင်းညီညာစွာ ခေတ်အဆက်ဆက် နေထိုင်ခဲ့ကြပါကြောင်း၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် မိမိတို့နှင့်အတူ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မိမိတို့ပြည်နယ်အတွင်း အတူတကွနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးစု ညီရင်းအစ်ကိုများ၏ အကျိုးကို အလေးထားပြီး ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးက အမှာစကားပြောကြားပြီး (၇၅) နှစ်မြောက် စိန်ရတု ချင်းအမျိုးသားနေ့အတွက် ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ထောက်ပံ့သည့် ငွေကျပ်သိန်း ၉၀ အား ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ရာ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးတင်လှက လက်ခံရယူသည်။

ထို့နောက် တိုင်းရင်းသားရေးရာဝန်ကြီး ဦးတင်လှက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ (၇၅) နှစ်မြောက် စိန်ရတု ချင်းအမျိုးသားနေ့ အထိမ်းအမှတ် အမှတ်တရ လက်ဆောင်များ ပေးအပ်ခဲ့သည်။

ယင်းနောက်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ချင်းတိုင်းရင်းသား၊ တိုင်းရင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျရောက်မည့် (၇၅) နှစ်မြောက် စိန်ရတုချင်းအမျိုးသားနေ့ အခမ်းအနားကို စစ်တွေမြို့၌ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနရုံးတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

## နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု နည်းပညာပေးသင်တန်းဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ဒေသရေမြေ ရာသီဥတုနှင့်ကိုက်ညီသည့် တန်ဖိုးမြင့် သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု ကျယ်ကျယ်ပြန့်ပြန့်လုပ်ကိုင်နိုင်ရေး ဆောင်ရွက်ပေးခြင်းဖြင့် တောင်သူများ၏ ဝင်ငွေနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေခြင်းအပြင် ဆက်စပ်လုပ်ငန်းများမှ အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လင်းပေါ်ပေါက်လာစေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်များနှင့်အညီ ဒေသအလိုက် စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ အသိပညာ နည်းပညာဖြန့်ဝေခြင်းနှင့် လိုအပ်သည့် အကူအညီများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၅ ရက်က စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများနှင့် စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများသည် လဟယ်မြို့နယ် လူငယ်သင်တန်းကျောင်းခန်းမတွင် လဟယ်၊ နန်းယွန်း၊ ပန်ဆောင်၊ ဒုံဟီး၊ ထန်ပါခွေမြို့နယ်များမှ ကော်ဖီစိုက်တောင်သူများနှင့် တွေ့ဆုံ၍ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အထူးရန်ပုံငွေဖြင့် ကော်ဖီမျိုးစေ့၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု လက်ကမ်းစာစောင်နှင့် လက်စွဲစာအုပ်များ၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းသုံးပစ္စည်းကိရိယာများကို ထောက်ပံ့ပေးအပ်သည်။ ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲမှ စိုက်ပျိုးရေးပညာရှင်များက ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ နည်းပညာများကို ဟောပြောဆွေးနွေးကြပြီး တောင်သူများ၏ မေးမြန်းချက်များကို ရှင်းလင်းဖြေကြားကြသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ အဓိကထုတ်ကုန်အဖြစ် လက်ဖက်၊ ကော်ဖီ၊ လိမ္မော်သီး၊ မက်မန်း၊ ဂရိတ်ဖရုနှင့် ထောပတ် စသည့် သီးနှံများကို ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ဒေသထွက်ကုန်တစ်ခုအဖြစ် အမည်ကောင်းရသည့် စီးပွားဖြစ်စိုက်ပျိုးရေးလုပ်ငန်းများ ပေါ်ထွန်းလာရေးအတွက် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**မင်းမင်း**

# လုလင်ငယ်သွေး အားမာန်မွေးရမလေ

ခင်သန်းမြင့်

"မည်သူမဆို ကူညီသည်ဖြစ်စေ၊ မည်သူမဆို မကူညီသည်ဖြစ်စေ၊ ကိုယ်ထူကိုယ်ထ ကိုယ့်ဘဝ အခြေအနေ၊ ကိုယ့်အားကိုယ်ကိုးမှ ကိုယ်သာသခင် ဖြစ်ပေ၊ ဝန်ထမ်းရှင်လန်း၊ ပန်းတိုင်ကိုအရောက် လျှောက်နိုင်ဖို့လေ၊ လုလင်ငယ်သွေး အားမာန်မွေး ရမလေ"

ကဗျာစာဆိုရှင် ဆရာကြီး ထီလာစစ်သူ ရေးဖွဲ့သီကုံးခဲ့တဲ့ "လုလင်ငယ်သွေး " သီချင်းသံကြားရင် ကွယ်လွန်သွားရှာပြီဖြစ်တဲ့ ကျွန်မရဲ့အသိမိတ်ဆွေ တစ်ဦးကို သတိရမိတယ်။

သူက ဒီသီချင်းကို သိပ်ကြိုက်တာ၊ လက်လုပ်လက်စား သူ့ဘဝနဲ့ထင်ဟပ်လို့နဲ့တူပါတယ်။ သူ့ရဲ့ တစ်ဦးတည်းသောသားလေးကိုလည်း မကြာခဏ ဆိုပြလေ့ရှိတယ်။ ရည်ရွယ်ချက်ကတော့ ကိုယ်ထူကိုယ်ထ ကိုယ့်ဘဝအခြေအနေအရ သားငယ်လုလင်ငယ်သွေးကို ကိုယ့်အားကိုယ်ကိုးဖို့၊ အားမာန်တွေ မွေးဖို့ ဆိုလိုတဲ့သဘောပါ။ သူ့ရည်ရွယ်ချက် အောင်မြင်တယ်လို့ပဲဆိုရပါမယ်။ သူကွယ်လွန်သွားပြီးနောက်မှာ သူ့သားငယ်လေးဟာ ဘွဲ့ရပညာတတ်တစ်ဦးဖြစ်လာရုံမက အခုဆို ကုမ္ပဏီတစ်ခုမှာ လစာကောင်းကောင်းနဲ့ အလုပ်ဝင်နေပြီး မိခင်မုဆိုးမကြီးကို ပြုစုလုပ်ကိုင်ကျွေးမွေးနိုင်ခဲ့ပါပြီ။

**လူချွန်လူမွန်သားကောင်းရတနာလေးတွေ**

မိဘတွေအနေနဲ့ အနာဂတ်မိသားစုဘဝ သာယာလှပရေးအတွက် လူချွန်လူမွန်သားကောင်း ရတနာလေးတွေကို အခုလိုပြုစုပျိုးထောင်မွေးမြူပေးရသလို နိုင်ငံတစ်နိုင်ငံအနေနဲ့လည်း စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွေကို အမြော်အမြင်ရှိရှိ စနစ်တကျပြုစုပျိုးထောင်ပြီး မွေးထုတ်ပေးကြရပါတယ်။

အိမ်နီးချင်း တရုတ်နိုင်ငံဆိုရင် မဟာယဉ်ကျေးမှုတော်လှန်ရေးအလွန် တရုတ်ပြည်ကို အခက်အခဲတွင်းမှ လွတ်မြောက်လာပြီး အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သိပ္ပံနဲ့ နည်းပညာ ပညာရေးဘက်က လုပ်ငန်းတွေကို အစွမ်းကုန် ဆောင်ရွက်ခဲ့ကြပါတယ်။

တရုတ်ပြည်ကွန်မြူနစ်ပါတီဗဟိုကော်မတီက ၁၉၉၀ ပြည့်နှစ်တွေက သိပ္ပံပညာဖွံ့ဖြိုးတဲ့နိုင်ငံဖြစ်ရေး သေနင်္ဂဗျူဟာကို ရေးဆွဲရာမှာ သိပ္ပံနဲ့ နည်းပညာဆိုင်ရာ ပညာရေးဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်သေနင်္ဂဗျူဟာအဖြစ် သဘောထားခဲ့ပါတယ်။ အခြေခံပညာရေးကိုတိုးချဲ့ပြီး မသင်မနေရ ကိုးနှစ်အခြေခံပညာရေးစနစ်အဖြစ် ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးလိုက်တဲ့အတွက် တရုတ်ပြည်မှာ အခြေခံပညာရေးတက်ရောက်သင်ကြားခွင့် ရရှိဖို့ဟာ ၉၀ ရာခိုင်နှုန်းကျော် ရှိလာခဲ့ပါတယ်။ အဲဒီနောက် တရုတ်ပြည်ရဲ့ အထက်တန်းအဆင့်ပညာရေး အဆင့်အတန်းဟာ တစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်လာခဲ့ပါတယ်။

တစ်ဖက်မှာလည်း ဥရောပ၊ ဩစတြေးလျနဲ့ ဂျပန်စတဲ့နိုင်ငံတွေကို သွားရောက်ပညာသင်နေတဲ့ ပညာသင်အရေအတွက်က အရှိန်အဟုန်နဲ့ တိုးပွားလာတယ်။ ၁၉၇၈ ခုနှစ်နောက်ပိုင်းမှာ နှစ်စဉ်ပျမ်းမျှ နှစ်သောင်းကျော် တိုင်းတစ်ပါးသို့ ပညာတော်သင် သွားရောက်ခဲ့ကြပြီး ၁၉၉၇ ခုနှစ်ရောက်တော့ လေးသိန်းအထိ ရှိလာတယ်။ အမေရိကန်၊ အင်္ဂလန်နဲ့ ဂျပန်ကို သွားရောက်ပညာသင်ယူနေတဲ့ ပညာတော်သင်အရေအတွက်က အများဆုံးဖြစ်တယ်။ ကနဦးမှာတော့ ပညာတော်သင် လေးဦးမှာ တစ်ဦးသာ နိုင်ငံသို့ပြန်လာပြီး အလုပ်အကျွေးပြုပေမယ့် နောက်ပိုင်းမှာတော့ တိုင်းပြည်ပြန်လာတဲ့ ပညာတော်သင်အရေအတွက်က နှစ်စဉ်တိုးလာခဲ့ပါတယ်။ ၂၀၀၉ ခုနှစ်အတွင်းက တိုင်းပြည်ပြန်လာတဲ့ ပညာတော်သင်အရေအတွက်ဟာ ပထမဆုံးအကြိမ်အဖြစ် တစ်သိန်းကျော်သွားခဲ့တယ်လို့ဆိုပါတယ်။

**ထူးချွန်သူ ၁၀ မျိုး**
**ဖွံ့ဖြိုးတိုးတက်လာရေးစီမံကိန်း**

တရုတ်ပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီကလည်း လူတော်လူကောင်းတွေ အစုံအလင် အပြည့်အဝရှိပြီး အင်အားကောင်းတဲ့ နိုင်ငံတော်ဖြစ်လာရေး သေနင်္ဂဗျူဟာကို ရေးဆွဲချမှတ်ခဲ့ရာမှာ အထူးသဖြင့် တီထွင်ဖန်တီးမှုစွမ်းအားရှိတဲ့ ထူးချွန်သူတွေ ပြုစုပျိုးထောင်ရေးကို ဦးတည်ချက်အဖြစ် အလေးထားခဲ့ပါတယ်။ ၂၀၁၀ ပြည့်နှစ် ဇွန်လမှာ တရုတ်နိုင်ငံအစိုးရက နိုင်ငံတော်ရဲ့ ထူးချွန်သူများ ဖွံ့ဖြိုးတိုးတက်လာရေး၊ ရေရှည်နဲ့ တာလတ်စီမံကိန်း (၂၀၁၀-၂၀၂၀) အကျဉ်းချုပ်ကို ရေးဆွဲပြီး ထူးချွန်သူ ၁၀ မျိုး ဖွံ့ဖြိုးတိုးတက်လာရေးစီမံကိန်းကို ချမှတ်ခဲ့ပါတယ်။

တစ်ဖက်မှာလည်း တရုတ်နိုင်ငံလုံးဆိုင်ရာ လူငယ်အဖွဲ့အစည်း ( All China Youth Federation) ကို ဖွဲ့စည်းခဲ့ပြီး လူငယ်လူရွယ်တွေရဲ့ ပညာရေးနဲ့ လေ့ကျင့်ရေး၊ စေတနာ့ဝန်ထမ်းတွေ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ လူငယ်တွေအတွက် အခွင့်အရေးနဲ့ အကျိုးစီးပွားများ ကာကွယ်ရေး၊ ဆန်းသစ်တီထွင်ရေးနဲ့ အလုပ်အကိုင်ရရှိစေရေးအတွက် ကဏ္ဍအလိုက် စနစ်တကျဆောင်ရွက်ပေးခဲ့ပါတယ်။

> **"၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော်ကို ကျင်းပပေးခဲ့သလို ဉာဏ်ပညာထူးချွန်ပြီး ကျန်းမာသန်စွမ်းကာ အကျင့်စာရိတ္တကောင်းမွန်တဲ့၊ ထူးချွန်ထက်မြက်တဲ့ ကျောင်းသားလူငယ်တွေပေါ်ထွန်းလာစေဖို့၊ ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်းတွေမှာ ပိုမိုစိတ်ပါဝင်စားလာပြီး နိုင်ငံအကျိုးပြုလုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်လာနိုင်တဲ့ နိုင်ငံ့သားကောင်းတွေပေါ်ပေါက်လာစေဖို့၊ ထူးချွန်ထက်မြက်တဲ့ ကျောင်းသား ကျောင်းသူတွေကို စံနမူနာပြုပြီး ကျောင်းသားလူငယ်တွေကို ပြုစုပျိုးထောင်ပေးဖို့ဆိုတဲ့ ရည်ရွယ်ချက်သုံးရပ်နဲ့အညီ လူရည်ချွန်စီမံကိန်းကို အကောင်အထည်ဖော်ပြီး ပညာရေးဝန်ကြီးဌာနက ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာအဆင့် အဋ္ဌမတန်း၊ ဒသမတန်းနဲ့ ဧကာဒသမတန်းအတွက် တိုင်းဒေသကြီး/ပြည်နယ်တွေရဲ့ ခရိုင်အလိုက် လူရည်ချွန်မောင်မယ် ၄၇၈ ဦးကို ရွေးချယ်ခဲ့"**

အိမ်နီးချင်း အိန္ဒိယနိုင်ငံဆိုလည်း လူငယ်ရေးရာနှင့် အားကစားဝန်ကြီးဌာနကိုဖွဲ့စည်းပြီး လူငယ်လူရွယ်တွေ ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတကာလူငယ်အချင်းချင်း ပူးပေါင်းဖလှယ်ရေးအစီအစဉ်တွေ၊ လူငယ်တွေအတွက် နိုင်ငံအဆင့်ထူးချွန်ဆုတံဆိပ်များ ချီးမြှင့်ခြင်းစတဲ့ လူငယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို ကျယ်ပြန့်စွာ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒ့ါအပြင် ပြည်နယ်အစိုးရတွေနဲ့ အမျိုးသားအဆင့် လူငယ်အဖွဲ့အစည်းတွေကို လေ့ကျင့်သင်တန်းပေးခြင်း၊ ရာဂျစ်ဂန္ဒီလူငယ်ဖွံ့ဖြိုးတိုးတက်ရေး သိပ္ပံနဲ့ အမျိုးသားလူငယ်အဖွဲ့အစည်း (National Youth Corp)များ ဖွဲ့စည်းတည်ထောင်ခြင်း စသဖြင့် ကဏ္ဍအလိုက်ဆောင်ရွက်လျက်ရှိပါတယ်။

ဒေသတွင်းနိုင်ငံတွေဖြစ်တဲ့ မလေးရှားနိုင်ငံမှာလည်း လူငယ်နှင့် အားကစားဝန်ကြီးဌာန ဖွဲ့စည်းတည်ထောင်ထားပြီး လူငယ်ဖွံ့ဖြိုးရေးစီမံကိန်းတွေကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေသလို စင်ကာပူနိုင်ငံကလည်း ယဉ်ကျေးမှု၊ လူ့အဖွဲ့အစည်းနှင့် လူငယ်ရေးရာဝန်ကြီးဌာနကို ဖွဲ့စည်းထားရှိပြီး စနစ်တကျ စီမံဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံအနေနဲ့လည်း ၁၉၆၄ ခုနှစ်မှ စတင်ပြီး ၁၉၈၈ ခုနှစ်အထိ "လူရည်ချွန်စီမံကိန်း"၊ ၂၀၁၃ ခုနှစ်မှာ "ဘက်စုံပညာထူးချွန်လူငယ်" စီမံကိန်း၊ ၂၀၁၈ ခုနှစ်မှာ မူလအခေါ်အဝေါ်အတိုင်း " လူရည်ချွန်စီမံကိန်း"တွေချမှတ်ပြီး စီမံဆောင်ရွက်ခဲ့ပါတယ်။

**လူငယ်ရေးရာဦးစီးဌာနသစ်တစ်ခု**
**ပေါင်းစပ်ထည့်သွင်း**

လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီခေတ်မှာတော့ နိုင်ငံတော်ရဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ လူငယ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်တာဝန်တွေ ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်နိုင်ဖို့ မူလအားကစားဝန်ကြီးဌာနမှာ လူငယ်ရေးရာဦးစီးဌာနသစ်တစ်ခု ပေါင်းစပ်ထည့်သွင်းပြီး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအဖြစ် တိုးမြှင့်ပြောင်းလဲဖွဲ့စည်းတည်ထောင်ခဲ့ပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီလ ၂၈ ရက်နေ့မှာ လူငယ်တွေရဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍတွေ မြှင့်တင်ဆောင်ရွက်ပေးနိုင်ဖို့၊ အမျိုး၊ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှု၊ စာပေတို့ကို ထိန်းသိမ်းမြှင့်တင်ဖို့နဲ့ ဗလငါးတန်ဖွံ့ဖြိုးလာစေဖို့၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ပေါ်ထွန်းလာရေးအတွက် လူငယ်တွေက စည်းလုံးညီညွတ်စွာနဲ့ ကြိုးပမ်းဆောင်ရွက်စေဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့အညီ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပတဲ့ လူငယ်ရေးရာကော်မတီ စုံညီပွဲတော်ကို မန္တလေးမြို့ မန္တလာသီရိအားကစားကွင်းမှာ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပါတယ်။ စုံညီပွဲတော်မှာ **"သွေးချင်းညီနောင်၊ ကောင်းကျိုးဆောင်၊ ပြည်သစ်အောင်ဖို့ ဆွေးနွေးစို့"**ဆိုတဲ့ ဆောင်ပုဒ်နဲ့ လူငယ်ငြိမ်းချမ်းရေးစကားဝိုင်းကိုလည်း ထည့်သွင်းကျင်းပပေးခဲ့ပါတယ်။

အလားတူ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော်ကို ကျင်းပပေးခဲ့သလို ဉာဏ်ပညာထူးချွန်ပြီး ကျန်းမာသန်စွမ်းကာ အကျင့်စာရိတ္တကောင်းမွန်တဲ့၊ ထူးချွန်ထက်မြက်တဲ့ ကျောင်းသားလူငယ်တွေ ပေါ်ထွန်းလာစေဖို့၊ ပညာရေးလက်တွေ့ ဖွံ့ဖြိုးမှုလုပ်ငန်းတွေမှာ ပိုမိုစိတ်ပါဝင်စားလာပြီး နိုင်ငံအကျိုးပြုလုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်လာနိုင်တဲ့ နိုင်ငံ့သားကောင်းတွေပေါ်ပေါက်လာစေဖို့၊ ထူးချွန်ထက်မြက်တဲ့ ကျောင်းသား ကျောင်းသူတွေကို စံနမူနာပြုပြီး ကျောင်းသားလူငယ်တွေကို ပြုစုပျိုးထောင်ပေးဖို့ဆိုတဲ့ ရည်ရွယ်ချက်သုံးရပ်နဲ့အညီ လူရည်ချွန်စီမံကိန်းကို အကောင်အထည်ဖော်ပြီး ပညာရေးဝန်ကြီးဌာနက ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာအဆင့် အဋ္ဌမတန်း၊ ဒသမတန်းနဲ့ ဧကာဒသမတန်းအတွက် တိုင်းဒေသကြီး/ပြည်နယ်တွေရဲ့ ခရိုင်အလိုက် လူရည်ချွန်မောင်မယ် ၄၇၈ ဦးကို ရွေးချယ်ခဲ့ပါတယ်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာနအနေနဲ့လည်း နိုင်ငံတကာ လူငယ်အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ရာမှာ မြန်မာလူငယ်တွေရဲ့ ဂုဏ်သိက္ခာအရည်အသွေးနဲ့ အဆင့်အတန်းမြင့်မားလာစေရေးအတွက် အခြေခံ အင်္ဂလိပ်စကားပြောသင်တန်းတွေကိုလည်း ဖွင့်လှစ်ပို့ချပေးလျက်ရှိပါတယ်။

သို့ပေမယ့် အလုပ်လုပ်နိုင်တဲ့ လူငယ်လူရွယ် အင်အားများပြားနေတဲ့ လက်ရှိအချိန်မှာ လူငယ်ဖွံ့ဖြိုးတိုးတက်ရေးအစီအမံတွေကို နိုင်ငံတော်အပိုင်းတစ်ခုတည်းသာမက အသိပညာရှင်၊ အတတ်ပညာရှင်၊ ရပ်မိရပ်ဖလူကြီးမိဘတွေကလည်း ဝိုင်းဝန်းကူညီပံ့ပိုးပေးကြဖို့ လိုအပ်ပါတယ်။ အထူးသဖြင့် စာပေပညာရှင်တွေအပိုင်းကပေါ့။ တစ်ခေတ်တစ်ခါက စာပေအနုပညာရှင်၊ အသိပညာရှင်ကြီးတွေက တာဝန်ကျေခဲ့တယ်လို့ဆိုရမယ်။ ဒီထဲမှာ ဆရာမကြီးလူထုဒေါ်အမာနဲ့ ဆရာမောင်ဝံသတို့ကို ကျွန်မ မှတ်မှတ်ထင်ထင် ဖြစ်ရတယ်။

၁၉၉၀ ကျော်လွန်နှစ်များအတွင်းက မဂ္ဂဇင်း၊ ဂျာနယ်တချို့မှာ မိန်းကလေးအချို့ ဘောင်းဘီဝတ်ပြီး ကိုးရိုးကားရား နေထိုင်ပြတဲ့ဓာတ်ပုံတွေ ခေတ်စားလာတော့ ဆရာမကြီး လူထုဒေါ်အမာက ၁၉၉၄ ခုနှစ် နိုဝင်ဘာလထုတ် မိုးဂျာနယ်မှာ "လူကြီးတွေက ဝိုင်းပြီးထိန်းသိမ်းကြပါဦးစို့" ခေါင်းစဉ်နဲ့ **"ကျွန်မတို့ လူ့အဖွဲ့အစည်းက မိန်းကလေးမှာ ယောကျ်ားလေးနဲ့ တန်းတူရည်တူလုပ်ကိုင်ခွင့်ရှိတယ်ဆိုပေမယ့် မိန်းကလေးကို ပေါက်လွှတ်ပဲစားကြီးပြင်းခွင့်ပေးထားတဲ့ လူ့အဖွဲ့အစည်းမျိုးတော့ မဟုတ်ပါဘူး၊ မိဘမောင်ဖွားအစ်ကိုတွေကြားမှာ ကြီးပြင်းစေတဲ့အစဉ်အလာ၊ မိန်းကလေးတစ်ယောက် မိန်းကလေးပီပီ နေတတ်ထိုင်တတ်အောင် အမေနဲ့ တကွ အစ်မ၊ အဒေါ်၊ မိကြီး၊ မိထွေးနဲ့ အိမ်နီးချင်းကပါ ဆုံးမသွန်သင်တဲ့လူ့အဖွဲ့အစည်းပါ။**

**ဒါကြောင့် ငယ်ရွယ်သေးတဲ့မိန်းကလေးတွေကို ထဘီချွတ်ပစ်အောင် ရုပ်ပုံနဲ့ မြောက်ချွန်သွေးဆောင်နေတာမျိုးမဖြစ်စေသင့်ပါဘူး၊ စိတ်မိုက်ရိုင်းတွေ အလွန်ဝင်ချင်စရာကောင်းတဲ့ ဒီကာလမှာ ကလေးတွေ အတွေးအမြင်မမှားရအောင် ရှင်တို့၊ ကျွန်မတို့ လူကြီးပိုင်းက ဝိုင်းပြီးထိန်းကြရအောင်ပါ"**လို့ ပညာပေးရေးသားခဲ့ပါတယ်။

**နိုင်ငံတကာက လူချွန်လူမွန်တွေရဲ့အကြောင်း**

ဆရာမောင်ဝံသကတော့ လူချွန်လူမွန်ဖြစ်လိုသူလူငယ်တွေအတွက် အားကျစရာ၊ အတုယူစရာ၊ စံပြနမူနာယူစေဖို့ နိုင်ငံတကာက လူချွန်လူမွန်တွေရဲ့အကြောင်း ထုပ္ပတ်များကို စုစည်းပြီး "လူချွန်လူမွန်"ခေါင်းစဉ်နဲ့ ၁၉၈၅ ခုနှစ်က ထုတ်ဝေခဲ့ဖူးတာ အမှတ်ရမိပါတယ်။ ဒီစာအုပ်မှာ ကလောင်ရှင် အသီးသီးက ကမ္ဘာ့အရပ်ရပ်က ထူးချွန်သူတွေ၊ ရှုပ်ရှုပ်ချုံချုံ စွန့်စားသူတွေ၊ တီထွင်သူတွေ၊ စံနမူနာပြုလောက်အောင် ကောင်းမှုကောင်းကျိုးပြုခဲ့ကြကုန်သော မေတ္တာရှင်၊ ကရုဏာရှင်၊ စေတနာရှင်တွေရဲ့အကြောင်းကို စာပေါင်းစုအဖြစ်ရေးခြယ်သီကုံးထားပါတယ်။

မျက်မှောက်ကာလမှာလည်း အနာဂတ်နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရေးနဲ့ မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်လုံး ငြိမ်းချမ်းသာယာဝပြောစေရေးအတွက် လူငယ်အရေးကို ကျွန်မတို့ လျစ်လျူရှုနေလို့ မရပါဘူး။ လူငယ်တွေရဲ့ အနာဂတ်ဘဝသာယာလှပစေဖို့၊ မိသားစုအကျိုး၊ ရပ်ရွာဒေသအကျိုး၊ နိုင်ငံအကျိုးအတွက် နိုင်ငံတော်က အားထားရမယ့် နိုင်ငံ့သားကောင်း လူချွန်လူမွန်တွေအဖြစ် ပေါ်ထွက်လာစေဖို့ ကျွန်မတို့ မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်လုံးမှာ တာဝန်ကိုယ်စီရှိတယ်လို့ပဲဆိုပါရစေ။ ။

# မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကျင်းပနေမှု ကြည့်ရှုအားပေး

**ဟားခါး ဖေဖော်ဝါရီ ၁၉**

(၂၆) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို ယမန်နေ့ မွန်းတည့် ၁၂ နာရီက ချင်းပြည်နယ် ဟားခါးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ဗိုလ်တိုက်ချွန်းခန်းမ၌ ကျင်းပသည်။

ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်နှင့်အတူ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးနေစိုးနှင့် ပြည်နယ်ဝန်ကြီးများ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးထွဋ်လှိုင်နှင့် ပြည်နယ်ဥပဒေချုပ် ဦးဆွန်ဒုတ်ကျင်တို့က ကျောင်းသား ကျောင်းသူများ၏ ပန်းချီ ကာတွန်းနှင့် ပိုစတာပြိုင်ပွဲများတွင် စိတ်ပါဝင်စားစွာ ပါဝင်ယှဉ်ပြိုင်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲကို မူးယစ်ဆေးရန် တို့တွန်းလှန်ကြိုးစားတိုက်ဖျက် နိုင်ငံ့အတွက်၊ မူးယစ်ကင်းစင်တို့ပြည်တစ်ခွင် သာယာလှပလူမှုဘဝ၊ ငါတို့ရဲ့အနာဂတ် သာယာလှပဖို့ မူးယစ်ကင်းစင် ကမ္ဘာဖန်တီးစို့၊ မျိုးဆက်သစ်များတိုးတက်ဖို့ မူးယစ်ဆေးမှန်သမျှ တိုက်ထုတ်စို့၊ လုံခြုံစိတ်ချ ပြည်သူ့ဘဝ မူးယစ်မှန်သမျှတိုက်ဖျက်ကြ၊ မိသားစုစနေ့းထွေးမှုဖြင့် မိမိတို့ရင်သွေးများအား မူးယစ်ဆေးဝါးအန္တရာယ်မှ ကာကွယ်ကြပါစို့၊ လူသားချင်းစာနာကျန်းမာဖို့ စိန်ခေါ်မူးယစ်တိုက်ဖျက်စို့ စသည့်ဆောင်ပုဒ်များဖြင့် ကျောင်းသား ကျောင်းသူ ၅၁ ဦးက ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျရောက်သည့် (၇၅) နှစ်မြောက် စိန်ရတုချင်းအမျိုးသားနေ့ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



# နည်းပညာတက္ကသိုလ်(မကွေး) ပြည်ထောင်စုအကအလှပဒေသာပွဲတော်နှင့် မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ

**မကွေး ဖေဖော်ဝါရီ ၁၉**

မကွေးနည်းပညာတက္ကသိုလ်(မကွေး)ပြည်ထောင်စုအကအလှပဒေသာပွဲတော်နှင့် မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက်တွင် မကွေးနည်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မကွေးနည်းပညာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာတင်ဆန်းနှင့် တာဝန်ရှိသူများ၊ နည်းပညာတက္ကသိုလ်(မကွေး)ရှိ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြည်ထောင်စုတိုင်းရင်းသားများ၏ ပေါင်းစည်းညီညွတ်မှုဖြင့် လွတ်လပ်ရေး ကြိုးပမ်းနိုင်ခဲ့ပြီး ပြည်ထောင်စုဖွားတိုင်းရင်းသားတို့၏ ရိုးရာဓလေ့ထုံးတမ်းစဉ်လာနှင့် ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်တတ်စေရန်ရည်ရွယ်ပြီး ကျင်းပခြင်းဖြစ်ကြောင်း၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွင်း နည်းပညာတက္ကသိုလ်(မကွေး)သို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများကိုလည်း နည်းပညာတက္ကသိုလ်(မကွေး) မိသားစုကိုယ်စား မိမိတို့တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဝမ်းသာဂုဏ်ယူစွာဖြင့် ကြိုဆိုပါကြောင်း ပြောကြားသည်။




ဆက်လက်၍ နည်းပညာတက္ကသိုလ်(မကွေး) ဒုတိယပါမောက္ခချုပ် ဒေါက်တာတင်ဆန်းက ပြည်ထောင်စုအကအလှ ပဒေသာပွဲတော်နှင့် မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနား ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ကျောင်းသား ကျောင်းသူများက မြန်မာ့ရိုးရာတေးသီချင်းများ၊ တိုင်းရင်းသားရိုးရာတေးသီချင်းအကများနှင့် ခေတ်ငါးခေတ်မြန်မာ့ရိုးရာအမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုများအား ပြသဖျော်ဖြေခဲ့ကြသည်။

ထို့နောက် နည်းပညာတက္ကသိုလ်(မကွေး)ရှိ ဘာသာရပ်အလိုက် ရွေးချယ်ထားသော သစ်လွင်မောင်၊ သစ်လွင်မယ်များက လမ်းလျှောက်ကိုယ်ဟန်ပြခြင်းဆောင်ရွက်ခဲ့ပြီး ကျောင်းသား ကျောင်းသူများက တိုင်းရင်းသားရိုးရာတေးသီချင်းများဖြင့်လည်းကောင်း၊ ကျောင်းသူများက မျက်မှောက်ခေတ်အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုများကိုလည်းကောင်း ပြသတင်ဆက်ခဲ့ကြသည်။

ယင်းနောက် ဘာသာရပ်အလိုက် ရွေးချယ်ထားသော သစ်လွင်မောင်၊ သစ်လွင်မယ်ဆု ရရှိသည့် ကျောင်းသား ကျောင်းသူများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် ဇနီး ဒေါ်ဝင်းဝင်းမြင့်တို့က စလွယ်များနှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး ကျောင်းသား ကျောင်းသူများက တိုင်းရင်းသားရိုးရာတေးသီချင်းများဖြင့် ကပြဖျော်ဖြေကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



ပဲခူးတက္ကသိုလ် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဖက်ရှင်ပြိုင်ပွဲ၊ သီချင်းဆိုပြိုင်ပွဲ၊ လှယဉ်ကျေးမယ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက်က ပဲခူးတက္ကသိုလ် စုဝေးခန်းမ၌ ကျင်းပရာ ကျောင်းသား ကျောင်းသူများက "စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်" သီချင်းဖြင့် ကပြဖျော်ဖြေစဉ်။

**ခရိုင်(ပြန်/ဆက်)**

# (၂၉)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

(၇၈)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၂၉)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲ (ခ) အဆင့်ပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ဆက်လက်ကျင်းပသည်။



ယနေ့နံနက်ပိုင်း ပွဲစဉ်အဖြစ် (ခ)အဆင့်ပြိုင်ပွဲတွင် အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြုအသင်း၊ အမှတ်(၉၉) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြုအသင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ်(၁)တပ်ခွဲကိုယ်စားပြုအသင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် အမှတ်(၁)တပ်ခွဲကိုယ်စားပြုအသင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် အမှတ်(၂) တပ်ခွဲ ကိုယ်စားပြုအသင်း၊ အမှတ် (၁၁) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြုအသင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ် (၂) တပ်ခွဲ ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကြသည်။

ထို့ပြင် ညနေပိုင်းတွင် (ခ)အဆင့်ပြိုင်ပွဲများ ဆက်လက်ကျင်းပရာ အမှတ်(၃၃) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြုအသင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် အမှတ်(၃) ကိုယ်စားပြုအသင်း၊ အမှတ်(၄၄) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို တပ်မတော်( ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်ထိန်လင်း၊ တပ်မတော်အရာရှိကြီးများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# မန်းရွှေစက်တော် အရောက်သွားလို့ ဆင်စခန်းမှာ တစ်ထောက်နားစို့

**အညာဒေသ၏ နွေပွဲတော် မင်းဘူး(စကု)မြို့နယ်က မန်းရွှေစက်တော်သို့ ဘုရားဖူးသွားရောက်လည်ပတ်ရင်း သဘာဝတောတောင်ရေမြေနှင့် စိမ်းစိုသာယာလှပသည့် အလှတရားများကို ကြည့်ရှုခံစားနိုင်စေရန် ရွှေစက်တော်မန်းချောင်းအပန်းဖြေဆင်စခန်းသို့ ဝင်ရောက်အပန်းဖြေနိုင်ပါသည်။**

**မောင်မောင်(မင်းဘူး)**

မန်းရွှေစက်တော်ဘုရားကြီးသည် မြန်မာနိုင်ငံ၏ တန်ခိုးကြီးသမိုင်းဝင် အထင်ကရဘုရားများစာရင်း (က-အဆင့် စာရင်းဝင်ဘုရား) တွင် ပါဝင်ပြီး မြတ်ဗုဒ္ဓ၏ ပါဒစေတီတော်နှစ်ဆူ (ခြေတော်ရာအစစ်) တည်ရှိတော်မူသော ရှေးဟောင်းသမိုင်းဝင် သာသနာ့နယ်မြေတစ်ခုလည်းဖြစ်သည်။ မန်းရွှေစက်တော်ရာ ပါဒစေတီတော် ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကြီးကို နှစ်စဉ် တပို့တွဲလဆန်း ၅ ရက်နေ့မှ မြန်မာနှစ်ဆန်း ၁ ရက်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်လေ့ရှိသည်။



မန်းရွှေစက်တော်ဘုရား

မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်ရှိ “မန်းရွှေစက်တော်” ဘုရားပွဲတော်နှင့် မွန်ပြည်နယ် မော်လမြိုင်ခရိုင် ကျိုက်ထိုမြို့ရှိ “ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်” ဘုရားပွဲတော်တို့မှာ ဘုရားပွဲတော်ကျင်းပစဉ်ကာလတစ်လျှောက် ဇာတ်ပွဲနှင့် အငြိမ့်ပွဲများပါဝင်ခြင်းမရှိဘဲ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် နှစ်စဉ် ပုံမှန်စည်ကားများပြားခြင်းမှာ ထူးခြားသောအချက်ပင်ဖြစ်သည်။

မန်းရွှေစက်တော် ဘုရားပွဲတော်ကြီးသည် မြန်မာနိုင်ငံ၌ ထင်ရှားကျော်ကြားပြီး အရှည်ကြာဆုံးသော ပွဲတော်ကြီးတစ်ခုဖြစ်သောကြောင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးရဟန်းရှင်လူပြည်သူများသာမက ကမ္ဘာလှည့် နိုင်ငံခြားသားခရီးသွားများကပါ စိတ်ဝင်တစားဖြင့် လာရောက်လည်ပတ်လေ့ရှိသော အထင်ကရနေရာတစ်ခုလည်းဖြစ်သည်။ မန်းရွှေစက်တော်ဘုရားပွဲတော်ကာလအတွင်း ဘုရားဖူးလာရောက်ကြသူများ ညအိပ်တည်းခိုနားနေနိုင်ရန် တည်းခိုဆောင်နှင့်ဈေးဆိုင်ခန်းများကိုလည်း ဆောက်လုပ်ပေးထားသည်။

ထို့အပြင် ဘုရားဖူးများက မြတ်ဗုဒ္ဓ၏ သာသနာတော်ထွန်းကားရာ နေရာတစ်ခုဖြစ်သည့် မန်းရွှေစက်တော်သို့ ဘုရားပွဲတော်အချိန်သာမက တစ်ဆယ့်နှစ်လရာသီလုံး ဘုရားဖူးလာရောက်လည်ပတ်လေ့ရှိကြသည်။ ပွဲတော်ကာလတွင် ဘုရားကြီး၌ ညအိပ်တည်းခိုနိုင်သလို ရွှေစက်တော်မန်းချောင်းအပန်းဖြေဆင်စခန်းတွင်လည်း နွေ၊ မိုး၊ ဆောင်း သုံးရာသီလုံး ရာသီမရွေးလာရောက်လည်ပတ်ရင်း တည်းခိုဆောင်များ၌ ညအိပ်တည်းခိုပြီး အပန်းဖြေအနားယူနိုင်သည်။

မန်းရွှေစက်တော်ဘုရားကြီးကို အမှီပြု၍ မကွေးတိုင်းဒေသကြီးအတွင်း အများပြည်သူနှင့် ကမ္ဘာလှည့်ခရီးသွားများ အပန်းဖြေအနားယူနိုင်သည့် အပန်းဖြေစခန်းတစ်ခုပေါ်ထွန်းလာစေရန် ရွှေစက်တော် မန်းချောင်းအပန်းဖြေဆင်စခန်းတစ်ခုကို ဖွင့်လှစ်ထားသည်။

မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ရွှေစက်တော် မန်းချောင်းအပန်းဖြေဆင်စခန်းအပါအဝင် မြန်မာ့သစ်လုပ်ငန်း သစ်ထုတ်ရေးဌာန ဆင်ထိန်းသိမ်းစောင့်ရှောက်ရေး အခြေပြုခရီးသွားလုပ်ငန်း (Elephant Conservation Based Tourism–ECBT) စခန်း ၂၂ ခုကို ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

**ဆင်စခန်းဖြစ်ပေါ်လာပုံနှင့် တည်နေရာ**

ရွှေစက်တော်မန်းချောင်းအပန်းဖြေ ဆင်စခန်းကို မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ် မန်းရွှေစက်တော်ဘုရားကြီးအနီး မန်းရွှေစက်တော်သို့သွားရာ (၈)မိုင် လမ်းဘေး ပဒေါင်း - ပျော်ဘွယ် ကြိုးပြင်ကာကွယ်တောအတွင်း၌ သဘာဝတောတောင်ရေမြေနှင့် စိမ်းစိုသာယာလှပသော သဘာဝရှုခင်းအလှများကို အခြေခံ၍ မကွေးတိုင်းဒေသကြီး မြန်မာ့သစ်လုပ်ငန်း မင်းဘူးသစ်ထုတ်ရေးဒေသ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေး အခြေပြုခရီးသွားလုပ်ငန်းမှ ပြည်တွင်း ပြည်ပ ခရီးသွားများအား ဆွဲဆောင်နိုင်စေရန်နှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ထားသည်။

> **ရွှေစက်တော်မန်းချောင်းအပန်းဖြေဆင်စခန်းတွင် ထူးခြားချက်မှာ ကျယ်ဝန်းလှသည့် သဘာဝတောတောင်ရေမြေနှင့် မန်းချောင်းအလှကို ဆင်စီးအပန်းဖြေရင်း ကြည့်ရှုရသည့်စိတ်ခံစားချက်က ဆင်ချစ်သူများအတွက် ဆွဲဆောင်နိုင်ဆုံးအချက်ဖြစ်သလို မန်းချောင်းအတွင်း၌ ဆင်ရေချချိန် (ဆင်ရေချိုးချိန်) ဆင်များနှင့်အတူ ရေချိုးရင်း ဆော့ကစားအပန်းဖြေနိုင်ခြင်း၊ ဆင်များနှင့်အတူ တောထဲ၌နေထိုင်ကြသည့် ဆင်ထိန်းကျောင်းသူ (ဆင်ဦးစီး) ဆင်ဝန်ထမ်းများ၏ လက်တွေ့ဘဝအကြောင်းကို စိတ်ဝင်စားသူများအနေဖြင့် လေ့လာနိုင်ခြင်း၊ ဆင်များကို တောထဲ၌ သဘာဝအတိုင်း လွှတ်ကျောင်းထားသည့်အချိန် ဆင်များ၏ဓလေ့စရိုက်များကို လာရောက်လေ့လာနိုင်**

အပန်းဖြေဆင်စခန်းဖွင့်လှစ်ရန် မြန်မာ့သစ်လုပ်ငန်းမှ ခွင့်ပြုရန်ပုံငွေအပြင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏အထောက်အပံ့အစီအစဉ်များဖြင့် စတင်ဖွင့်လှစ်တည်ထောင်ခဲ့သည်။ ဆင်စခန်း၏ ဧရိယာအကျယ်အဝန်းမှာ ပဒေါင်း-ပျော်ဘွယ် ကြိုးပြင်ကာကွယ်တောမှ ဧက ၅၀၊ မြေလွတ်မြေရိုင်းမှ ဧက ၉၀ စုစုပေါင်း ဧက ၁၄၀ ကျယ်ဝန်းပြီး ဆင်စာစားကျက်မြေမှာ ကြိုးပြင်ကာကွယ်တောအတွင်း၌ ဧက ၇၀၀ ကျယ်ဝန်းကြောင်း သိရသည်။



ရွှေစက်တော်မန်းချောင်းအပန်းဖြေ ဆင်စခန်းကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ရာ ယခုဆိုလျှင် ဆင်စခန်းဖွင့်လှစ်ခဲ့သည်မှာ လေးနှစ်တိုင်တိုင် ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

**ဝန်ဆောင်မှုလုပ်ငန်းများ**

ဆင်စခန်း၏ ဝန်ဆောင်မှုလုပ်ငန်းများမှာ ဆင်များနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြသခြင်း၊ ဆင်စီး၍ တောတောင်ရေမြေနှင့် သဘာဝအလှတရားများကို ကြည့်ရှုခံစားနိုင်ခြင်း၊ ဆင်စာဘူဖေးကျွေးမွေးနိုင်ခြင်း၊ ဆင်ရေချမှု (ဆင်ရေချိုးခြင်း)ကို ကြည့်ရှုလေ့လာနိုင်ပြီး ဆင်ဦးစီးများနှင့်အတူ ကိုယ်တိုင်ရေချ (ရေချိုး) ပေးနိုင်ခြင်း၊ ဆင်အလှပြသမှုကို ကြည့်ရှုနိုင်ခြင်း၊ မန်းချောင်းအတွင်း ရေချိုး၊ ရေကစားနိုင်ခြင်း၊ ဆင်များနှင့်အတူ အမှတ်တရ မှတ်တမ်းဓာတ်ပုံ၊ ဗီဒီယိုများရိုက်ကူးနိုင်ခြင်း၊ ကလေးကစားကွင်းများတွင် ပျော်ရွှင်စွာ ဆော့ကစားနိုင်ခြင်း၊ အမှတ်တရလက်ဆောင်ပစ္စည်းများဝယ်ယူနိုင်ခြင်း၊ အစားအသောက်များ မှာယူစားသုံးနိုင်ခြင်း၊ နားနေဆောင်များတွင် အေးချမ်းစွာ အပန်းဖြေအနားယူနိုင်ခြင်းနှင့် တည်းခိုဆောင်များတွင် ညအိပ်တည်းခိုနိုင်ခြင်း စသည့် ဝန်ဆောင်မှုလုပ်ငန်းများကို စီစဉ်ဆောင်ရွက်ထားသည်။

ယခုနှစ်တွင် ထူးထူးခြားခြား အစီအစဉ်တစ်ရပ်အနေဖြင့် ဆင်စခန်းသို့ လာရောက်သည့် ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များ စိတ်အပန်းတော်ပြေစေရန် ဆင်စခန်းရှိ ဆင်လိမ္မာကလေးများက ထူးခြားသောအစီအစဉ်များဖြင့် ဧည့်ခံဖျော်ဖြေသည့် ဆင်သရုပ်ပြခြင်းနှင့် ဆင်အကအလှပြပွဲကို ထည့်သွင်းဆောင်ရွက်နိုင်ခဲ့သည်။

ဆင်သရုပ်ပြခြင်း အစီအစဉ်များတွင် ဆင်လိမ္မာကလေးက ကြိုဆိုနှုတ်ခွန်းဆက်သ၍ ဦးချခြင်း၊ ပန်းခြင်းလက်ဆောင်ပေးခြင်း၊ အလံတင်အလေးပြုပြခြင်း၊ ဦးထုပ်ဆောင်းပေးခြင်း၊ ပုသိမ်ထီးဆောင်း၍ သစ်တုံးများပေါ်တွင် လမ်းလျှောက်ပြခြင်း၊ သစ်တုံးပေါ်၌ ကိုယ်ဟန်ခြေလက်တို့ဖြင့် ယိမ်းနွဲ့ကပြခြင်း၊ ဘောလုံးကိုင်၊ ဘောလုံးကန်နှင့် ဘောလုံးပစ်ပေါက်၍ ကစားပြခြင်း၊ အာလူးကောက်ကစားပြခြင်း၊ Music တူရိယာများ တီးမှုတ်ပြခြင်း၊ အမှိုက်များကို စနစ်တကျခွဲခြားပြီး စွန့်ပစ်ပြခြင်း၊ Reduce (လျှော့ချခြင်း)၊ Reuse (ပြန်လည်အသုံးချခြင်း)၊ Recycle (ပြန်လည်ပြုပြင်သုံးစွဲခြင်း) စသော အမှိုက်ပစ္စည်းများကို ဆင်ကလေးများက ၎င်းတို့၏ မှတ်ဉာဏ်ဖြင့် ခွဲခြားပြသခြင်းများအပြင် မြန်မာ့သစ်လုပ်ငန်း၏ အဓိကလုပ်ငန်းတာဝန်တစ်ခုဖြစ်သော ဆင်များဖြင့် သစ်ဆွဲပြသခြင်းနှင့် ကျန်းမာရေးစစ်ဆေးမှုခံယူခြင်း စသည့် သရုပ်ပြခြင်းအစီအစဉ်ပေါင်းများစွာပါဝင်သည်။

ထို့အပြင် ဘုရားပွဲတော်ကာလတစ်လျှောက် ခရီးသွားကဏ္ဍ မြှင့်တင်ဆောင်ရွက်သည့်အနေဖြင့် သဘာဝတောတောင် ရေမြေအလှတရားများကို မန်းချောင်းအတွင်း လှေလှော်ရင်း ကြည့်ရှုခံစားနိုင်ရန် မန်းရွှေစက်တော်ဘုရားအဝင် လှေတင်တံတားထိပ်မှ ဆင်စခန်းအထိ ရေမိုင်နှစ်မိုင်ခန့်ကို အပျော်စီးလှေများဖြင့် လှေလှော်ရင်း သွားရောက်လည်ပတ်လေ့လာနိုင်အောင် စီစဉ်ဆောင်ရွက်ထားကြောင်းလည်း သိရသည်။

**စာမျက်နှာ ၁၁ သို့ ☆**

# အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ တိလောကာ ဘိဝံသ၏ သက်တော်(၈၄) နှစ်ပြည့် မွေးနေ့ ကုသိုလ်တော်မင်္ဂလာ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**
နိုင်ငံတော် ဩဝါဒါစရိယ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တတိလောကာဘိဝံသ၏သက်တော်(၈၄)နှစ်ပြည့် မွေးနေ့ကုသိုလ်တော်မင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစာသင်တိုက်ရှိစိန်ရတုသာသနာ့မင်္ဂလာတော် ကျောင်းဆောင်ကြီး၌ ပြုလုပ်ရာ ဆရာတော်ကြီး အမှူးပြုသော သံဃာတော်များကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မွန်ပြည်နယ် မော်လမြိုင်မြို့ မြစေတီရုံကျောင်း ပရိယတ္တိ စာသင်တိုက်ကြီး၏ ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ပါဠိပါရဂူ ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အလှူရှင်များက လှူဒါန်းသည့် အလှူငွေများကို တိုင်းမှူးကလက်ခံရယူသည်။

ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ရွာမပရိယတ္တိ စာသင်တိုက်ကြီး၏ ပဓာနနာယက ဆရာတော်ထံမှ ဩဝါဒတရားများနှင့် မဇ္ဈိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာကြီးများ၏ ပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မဇ္ဈိမဂုဏ်ရည် ဆရာတော် ဒေါက်တာဘဒ္ဒန္တကောဝိဒထံမှ အနုမောဒနာတရားများ နာယူခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



☆ **စာမျက်နှာ ၁၀ မှ**

☆ စာမျက်နှာ ၁၀ မှ

### လာရောက်လည်ပတ်လေ့လာရင်း အပန်းဖြေအနားယူနိုင်

ရွှေစက်တော်မန်းချောင်းအပန်းဖြေ ဆင်စခန်းတွင်ထူးခြားချက်မှာ ကျယ်ဝန်းလှသည့် သဘာဝတောတောင်ရေမြေနှင့် မန်းချောင်းအလှကို ဆင်စီးအပန်းဖြေရင်း ကြည့်ရှုရသည့် စိတ်ခံစားချက်က ဆင်ချစ်သူများအတွက် ဆွဲဆောင်နိုင်ဆုံးအချက်ဖြစ်သလို မန်းချောင်းအတွင်း၌ ဆင်ရေချိုးချိန် (ဆင်ရေချိုးချိန်) ဆင်များနှင့်အတူ ရေချိုးရင်း ဆော့ကစားအပန်းဖြေနိုင်ခြင်း၊ ဆင်များနှင့်အတူ တောထဲ၌နေထိုင်ကြသည့် ဆင်ထိန်းကျောင်းသူ (ဆင်ဦးစီး) ဆင်ဝန်ထမ်းများ၏ လက်တွေ့ဘဝအကြောင်းကို စိတ်ဝင်စားသူများအနေဖြင့် လေ့လာနိုင်ခြင်း၊ ဆင်များကို တောထဲ၌ သဘာဝအတိုင်း လွှတ်ကျောင်းထားသည့်အချိန် ဆင်များ၏ ဓလေ့စရိုက်များကို လာရောက်လေ့လာနိုင်ခြင်း စသည့် ပိုမိုထူးခြားသည့်အချက်များကို လေ့လာနိုင်သည်။

ဘုရားပွဲတော်ကာလတွင် ဆင်လိမ္မာကလေးများနှင့်အတူ ဧည့်ခံကပြဖျော်ဖြေတင်ဆက်မှုများ ဆောင်ရွက်နိုင်စေရန်အတွက် ဆင်ဦးစီး၊ ဆင်ထိန်းများနှင့် ဆင်ဝန်ထမ်းများက ပုံစံမျိုးစုံဖြင့် လေ့ကျင့်သင်ကြားမှုများကို အမြဲမပြတ်ဆောင်ရွက်နေပြီး သစ်ပင်၊ ပန်းအလှပင်များနှင့် အရိပ်ရပင်များကိုလည်း တိုးချဲ့စိုက်ပျိုးထားကာ ဆင်စခန်းကို လာရောက်ချင်စဖွယ်ဖြစ်အောင် ကြိုတင်ပြင်ဆင်ထားသည်။

ရွှေစက်တော်မန်းချောင်းအပန်းဖြေ ဆင်စခန်းတွင် ဆင်ထီးလေးကောင်၊ ဆင်မရှစ်ကောင် စုစုပေါင်း ၁၂ ကောင်ရှိပြီး ဆင်ထီးထဲတွင် မကြာသေးခင်ကမှ ပေါက်ဖွားခဲ့သော ဆင်ထီးကလေး ဟိန်းလပြည့်အောင်လည်း ပါဝင်သည်။ ဆင်ပေါက်ကလေး ဟိန်းလပြည့်အောင်ကို နာမည်ပေး ကင်ပွန်းတပ်မင်္ဂလာအခမ်းအနားကိုလည်း ဆင်စခန်းဖွင့်ပွဲ လေးနှစ်ပြည့်အထိမ်းအမှတ်နေ့တွင် ဆောင်ရွက်ခဲ့သည်။ ဆင်စခန်းရှိ ဆင်များအားလုံးမှာ သူ့နာမည်နှင့်သူ ကိုယ်စီရှိကြပြီး လွန်စွာလိမ္မာကြကာ ဆင်ဦးစီးများ၏ ဆုံးမသွန်သင်မှု (အမိန့်)များကို နာခံတတ်ကြသည်။

ဆင်စခန်းကို ဖွင့်လှစ်ချိန်မှာ နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ သတ်မှတ်ထားကာ ဆင်အလှပြမှုအစီအစဉ်ကို နေ့စဉ် နံနက် ၁၀ နာရီတွင် ထည့်သွင်းဆောင်ရွက်ပေးထားကြောင်း၊ ဆင်စခန်းသို့ လာရောက်သူများကို ပြည်တွင်းခရီးသွား တစ်ဦးလျှင် ဆင်စခန်းဝင်ကြေးငွေကျပ် ၁၀၀၀ နှင့် ခရီးတိုဆင်စီးခ ငွေကျပ် ၅၀၀၀ နှုန်း၊ ပြည်ပနိုင်ငံခြားသားတစ်ဦးလျှင် ဝင်ကြေးငွေကျပ် ၁၀၀၀၀ နှင့် ခရီးတို ဆင်စီးခ ငွေကျပ် ၁၀၀၀၀ နှုန်း၊ တည်းခိုဆောင်အနေဖြင့် ဘန်ဂလို ၁၁ လုံးရှိပြီး တည်းခိုဆောင်တစ်လုံးအတွက် တစ်ရက်လျှင် ငှားရမ်းခ ငွေကျပ် ၃၀၀၀၀ နှုန်း သတ်မှတ်ထားကြောင်း သိရသည်။ ထို့အပြင် ဆင်စခန်း၌ ယခင်က ဘန်ဂလို ခြေတံရှည်တည်းခိုဆောင် ၁၁ လုံးကို မြေစိုက်ကွန်ကရစ်အုတ်ခံ တည်းခိုနားနေဆောင်အဖြစ် အဆင့်မြှင့်တင်ကာ ပြောင်းလဲဆောင်ရွက်ထားပြီး ရှင်းလင်းဆောင်အပါအဝင် VIP ရိပ်သာ နှစ်ခန်းကိုလည်း ထည့်သွင်းဆောက်လုပ်ထားသည်။ VIP ရိပ်သာကိုမူ VIP လူကြီးများ ညအိပ်တည်းခိုခြင်းမရှိသည့်ညများတွင် တတ်နိုင်သည့် အထူးဧည့်သည်များအနေဖြင့် တစ်ညလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ငှားရမ်းတည်းခိုနိုင်သည်။

တည်းခိုဆောင်များတွင် ငှားရမ်းနေထိုင်ကြသူများအတွက် အစားအသောက်ကို စားသောက်ဆိုင်တွင် ဝယ်ယူစားသုံးနိုင်သကဲ့သို့(ဆင်ဦးစီး) ဆင်ထိန်းဝန်ထမ်းများ၏ အမျိုးသမီးများက လာရောက်သည့် ဧည့်သည်များ စားချင်သည့်အစားအသောက်နှင့် တောထဲတွင် အလွယ်တကူရရှိနိုင်သည့် အစားအသောက်များကို ဝယ်ယူပြီး ချက်ပြုတ်ကျွေးမွေးကြောင်းလည်း သိရသည်။ ဥပမာ - ဗမာကြက်သောက်ဆန်း၊ ကြက်ကြော်၊ ကြက်ဘူး၊ ကြက်ခွေးတောက်၊ ကြက်ကာလသားချက်၊ ကြက်တောချက်၊ မန်းချောင်းငါးကြွပ်ကြွပ်ကြော်၊ ငရုတ်သီးငါးပိချက်နှင့် တောထဲတွင် သဘာဝအတိုင်းရရှိသည့် သစ်ဥသစ်ဖု၊ အသီးအရွက်၊ မျှစ်နှင့် ငါးပိရည်၊ တို့စရာ စသည့် ရိုးရှင်းလှသည့် ဟင်းလျာများကိုလည်း မိမိတို့စိတ်ကြိုက် ချက်ပြုတ်ခိုင်းပြီး ဝယ်ယူစားသုံးနိုင်သည်။ ဘုရားဖူးလာရောက်လည်ပတ်ကြသူများက မန်းရွှေစက်တော်နှင့် ဆင်စခန်းသို့ရောက်လျှင် "ဖာလာချဉ်ပေါင်သုပ်" ဟင်းလျာကို မဖြစ်မနေစားသုံးကြသလို ဒေသမှ နာမည်ကြီးသည့် အသုပ်ဟင်းလျာတစ်ခွက်လည်းဖြစ်သည်။

### ဆင်စာဘူဖေးလည်းကျွေးနိုင်

ဆင်ချစ်သူများအနေဖြင့် ဆင်စခန်းရောက်ရှိချိန်တွင် အလှူအတန်းပြုလုပ်လိုလျှင် ကိုယ်တိုင် ဆင်စာဘူဖေးလည်း လှူဒါန်းကျွေးမွေးနိုင်သည်။ ဆင်စာဘူဖေး လှူဒါန်းကျွေးမွေးမည်ဆိုလျှင် ငွေကျပ် ၃၀၀၀၀ မှစတင်ပြီး ငွေကျပ် ၅၀၀၀၀၊ ငွေကျပ် ၁၀၀၀၀၀ နှုန်းဆိုပြီးသတ်မှတ်ထားကာ မိမိတို့တတ်နိုင်သောနှုန်းထားများဖြင့် ကျွေးမွေးနိုင်သလို အွန်လိုင်းမှလည်း ဆက်သွယ်လှူဒါန်းနိုင်သည်။ ဆင်စာအဖြစ် ကြံ၊ ပြောင်းဖူး၊ ငှက်ပျောသီး၊ နာနတ်သီး၊ ဖရုံသီး၊ ဖရဲသီး၊ သခွားသီးနှင့် နေပီယာမြက် စသည်တို့ကို ဝယ်ယူကျွေးမွေးရပြီး အဓိကဖြည့်စွက်စာအဖြစ် ဆေး၊ စပါးနှင့် မန်ကျည်းနှစ်များကိုလည်း ကျွေးမွေးရကြောင်း သိရသည်။

ရွှေစက်တော်မန်းချောင်းအပန်းဖြေ ဆင်စခန်းတွင် ၂၀၂၂ ခုနှစ် ဧပြီလမှ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်နေ့အထိ ဧည့်သည်ဝင်ရောက်မှု လာရောက်လည်ပတ်သူဦးရေ ၉၅၅၃ ဦး၊ ဆင်စီးသူဦးရေ ၇၅၈ ဦး၊ တည်းခိုဆောင်ငှားရမ်းမှု ၁၆၉ ခန်းနှင့် ဆင်စာဘူဖေးကျွေးမွေးသူ ၂၀ ဦးရှိကြောင်း ဆင်စခန်းမှတ်တမ်းများအရ သိရသည်။

အနာဂတ်အစီအစဉ်အနေဖြင့် ဆင်စခန်းအနီးပတ်ဝန်းကျင်တွင် ဒေသတွင်းရှိ ဇီဝငှက်မျိုးစုံ၊ တိရစ္ဆာန်မျိုးစုံ၊ ပန်းပေါင်းစုံနှင့် သစ်ပင်မျိုးစုံ၊ ဆင်ပြတိုက်တို့ဖြင့် မကွေးတိုင်းဒေသကြီးအတွင်း၌ ယခုထက် ပိုမိုလာရောက်ချင်စဖွယ်ကောင်းသော အပန်းဖြေနေရာတစ်ခုဖြစ်အောင် အဆင့်မြှင့်တင်၍ ဖန်တီးဆောင်ရွက်သွားမည်ဖြစ်ပြီး ဆင်စာအခက်အခဲ မဖြစ်ပေါ်စေရေးအတွက်ကိုလည်း နေပီယာမြက်များနှင့် ဆင်စာများကို စိုက်ကေတိုးချဲ့ပြီး စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်း၊ ပြည်ပ ဆင်ချစ်သူများနှင့် ရွှေစက်တော်မန်းချောင်းအပန်းဖြေဆင်စခန်းသို့ လာရောက်လည်ပတ် လေ့လာလိုသူများအနေဖြင့် သဘာဝတောတောင်နှင့် ရေမြေအလှတရားများကို ကြည့်ရှုခံစားရင်း ဆင်ကလေးများ၏ ချစ်စရာဟန်ပန်အမူအရာ၊ စရိုက်လက္ခဏာ အသွင်အပြင်နှင့် ဆင်ဦးစီး၊ ဆင်ထိန်း၊ ဆင်ဝန်ထမ်းတို့၏ လက်တွေ့ဘဝတွင် လုပ်ငန်းဆောင်ရွက်ရမှုအခြေအနေများကို လာရောက်လေ့လာနိုင်စေရန်နှင့် ခရီးသွားကဏ္ဍကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ဖိတ်ခေါ်ရင်း ရေးသားတင်ဆက်လိုက်ရပါတော့သည်။ ။





# ဓာတ်ခွဲနမူနာစုစုပေါင်း ၂၄၇၂ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၇ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၉-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၈-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၉-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၄၇၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၇) ဦးတွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၇)ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၀၁၅,၅၃၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၃,၉၁၁) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၅) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၁၄,၃၆၃) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦးရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၈-၂-၂၀၂၂) ရက်နေ့အထိ အသက် (၁၈)နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၉၃၂,၅၈၁) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၈၁၃,၄၉၅) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

### ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု (၁၈-၂-၂၀၂၂ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၉၃၂,၅၈၁ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၈၁၃,၄၉၅ |

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် –

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။


ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# တွံတေးမြို့နယ် ရွှေမုယင်းဒေသသို့ ဆက်သွယ်ထားသည့် မြေသားကုန်ထုတ်လမ်းအား ကွန်ကရစ်လမ်းခင်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အစီအစဉ်ဖြင့် တွံ့တေးမြို့နယ် ရွှေမုယင်းဒေသသို့ ဆက်သွယ်ထားသည့် မမျိုးစု၊ ကင်းရွာ၊ ခရမ်းဝ၊ ရေတွင်းကုန်း၊ ကွင်းပေါက်ကျေးရွာချင်းဆက် မြေသားကုန်ထုတ် လမ်းအရှည် ၇ မိုင် ၆ ဖာလုံကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရန် အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနတို့ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ယခုအခါ ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ၆၀ ရာခိုင်နှုန်းကျော် ပြီးစီး၍ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အမြန်ပြီးစီးရန် ကြိုးပမ်းလျက်ရှိသည်။



**ဆက်သွယ်ရေးအခက်ခဲများရှိ**

အဆိုပါ ရွှေမုယင်းဒေသသည် တွံတေးမြို့နယ်အတွင်း၌ တည်ရှိသော်လည်း လှိုင်သာယာမြို့နယ် စက်မှုဇုန်များနှင့် အလွန်နီးကပ်သဖြင့် မမျိုးစု၊ ကင်းရွာ၊ ခရမ်းဝ၊ ရေတွင်းကုန်းနှင့် ကွင်းပေါက်ကျေးရွာများရှိ ပြည်သူများသည် မိုးစပါး ရိတ်သိမ်းချိန်အလွန်တွင် အလုပ်အကိုင်အခွင့်အလမ်းဖြင့် လှိုင်သာယာ စက်မှုဇုန်များတွင် ဝင်ရောက် လုပ်ကိုင်ကြသည်။ ထိုသို့ အလုပ်သမားများ သွားလာမှုအဆင်ပြေစေရန် စက်မှုဇုန်ရှိ စက်ရုံ မော်တော်ယာဉ်များသည် အနီးဆုံးရွာသို့ လာရောက် ကြိုပို့ပေးနိုင်သော်လည်း မိုးရာသီတွင် လမ်းပန်းဆက်သွယ်ရေး အခက်ခဲများရှိသဖြင့် အလုပ်မဆင်းနိုင်သူများလည်းရှိသည်။

ရွှေမုယင်းဒေသတွင် ငါးကန်များ အမြောက်အမြားရှိသော်လည်း လမ်းပန်းဆက်သွယ်ရေးခက်ခဲသဖြင့် စီးပွားရေးများ မျှော်မှန်းသလောက် မရရှိကြောင်း၊ ထို့ပြင် ယင်းဒေသသည် မိုးစပါးအပြင် အခြားသီးနှံစိုက်ပျိုးသူ နည်းပါးသဖြင့် ကျေးရွာရှိပြည်သူများသည် နီးစပ်ရာစက်မှုဇုန်များတွင် ဝင်ရောက်လုပ်ကိုင်နေရကြောင်း ဒေသခံတစ်ဦးက ပြောသည်။

ရွှေမုယင်းဒေသ ကျေးရွာကုန်ထုတ်ကွန်ကရစ်လမ်း အမြန်ပြီးစီးနိုင်ရေးနှင့် လုပ်ငန်းများ ထိရောက်စွာ အနီးကပ်ကြီးကြပ်ဆောင်ရွက် နိုင်ရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)၏ ကွန်ကရစ်ဖျော်စက်ကို ကွင်းပေါက်ကျေးရွာအနီး ရွှေ့ပြောင်းဆောင်ရွက်လျက်ရှိရာ ယခုအခါ ကွန်ကရစ်ခင်းမှုကို အချိန်နှင့်တစ်ပြေးညီ ပြီးစီးနိုင်ရေးအပြင် အရည်အသွေးပြည့်မီပြီး ရေရှည်အသုံးပြုနိုင်ရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တိုးတက်ဖွံ့ဖြိုး**

ယင်းဒေသတွင် လျှပ်စစ်မီးအသုံးပြု နိုင်သည့်အပြင် လှိုင်သာယာစက်မှုဇုန်နှင့် နီးကပ်စွာရှိခြင်း၊ တွံတေးအဝေးပြေးလမ်းနှင့် ပေါင်းကူးဆက်သွယ် သွားလာနိုင်ခြင်းတို့ကြောင့် ကွန်ကရစ်လမ်း ပြီးစီးချိန်တွင် မြို့ပြနှင့် ကျေးလက်လူမှုစီးပွား နေထိုင်မှုဘဝ ကွာဟမှုကိုလျှော့ချနိုင်ပြီး ကျေးလက် ကုန်ထုတ်မြေသားလမ်း ၇ မိုင်ကျော်ကို ကွန်ကရစ်ခင်းကျင်းမှုပြီးစီးပါက တွံတေးမြို့နယ်အတွင်းရှိ ဆန်စပါးနှင့် အခြားသီးနှံများ၊ ငါးမွေးမြူရေးလုပ်ငန်းများ၊ စက်ရုံအလုပ်ရုံလုပ်ငန်းများ ယခုထက် တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း သိရသည်။

**စောသိန်းဝင်း**

# ညောင်ရွှေမြို့နယ် နန်းသဲကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ညောင်ရွှေ ဖေဖော်ဝါရီ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နန်းသဲကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများသည် နန်းသဲကျေးရွာတွင် အရှည်ပေ ၁၇၀၀၊ အကျယ် ၁၂ ပေ၊ ဒ ခြောက်လက်မရှိ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

နန်းသဲကျေးရွာတွင် အဆိုပါကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၃၂ ဒသမ ၉၀၃ သန်းဖြင့် ဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများနှင့် ကျေးရွာသူ ကျေးရွာသားများ ပူးပေါင်းကာ ၂၀၂၂ ခုနှစ် ဩဂုတ်လက စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်၍ ကျေးရွာရှိ အကျိုးပြုအိမ်ခြေ ၂၄၂ အိမ်၊ လူဦးရေ ၉၄၅ ဦးတို့အတွက် ရာသီမရွေးသွားလာနိုင်ပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာခဲ့ကြောင်း ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

** JJJ**

■

# သီရိလင်္ကာအစိုးရက ဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများအတွက် အမေရိကန်ဒေါ်လာ ၁၃၂ သန်း သုံးစွဲမည်

**ကိုလံဘို ဖေဖော်ဝါရီ ၁၉**

သီရိလင်္ကာနိုင်ငံရှိ ဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများအတွက် အမေရိကန်ဒေါ်လာ ၁၃၂ သန်း သုံးစွဲသွားမည်ဖြစ်ကြောင်း သီရိလင်္ကာဆိပ်ကမ်းများ၊ သင်္ဘောနှင့် လေကြောင်းဆိုင်ရာဝန်ကြီး နီမယ်သီရိပါလာဒီဆေဗာက ပြောကြားသည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုများကို ဆိပ်ကမ်းလုပ်ငန်းများမှရရှိသည့် ဝင်ငွေများမှသုံးစွဲသွားမည် ဖြစ်ကြောင်း ဝန်ကြီးကဆိုသည်။

ထို့ပြင် the Eastern အမည်ရှိ ကွန်တိန်နာများထားရှိရာ ဆိပ်ကမ်းတည်ဆောက်ရေးအတွက် အမေရိကန် ဒေါ်လာသန်း ၁၀၀ ကျော်နှင့် Jaya အမည်ရှိ ကွန်တိန်နာများထားရှိရာ ဆိပ်ကမ်းတို့အတွက် အမေရိကန်ဒေါ်လာ ၃၂ သန်း ခွဲဝေပေးထားကြောင်း ဝန်ကြီး ဒီဆေဗာက ပြောကြားသည်။

အဆိုပါဆိပ်ကမ်းနှစ်ခုစလုံးသည် နိုင်ငံပိုင် သီရိလင်္ကာဆိပ်ကမ်းအာဏာပိုင်အဖွဲ့က ပိုင်ဆိုင်သည့် လုပ်ငန်းခွဲများဖြစ်သည်။

အထက်ပါ ရင်းနှီးမြှုပ်နှံမှုများအပြင် အစုလိုက်ကုန်တင်ကုန်ချလုပ်ငန်းများအတွက် Trincomalee ဆိပ်ကမ်းနှင့် ရွက်လှေဝန်ဆောင်မှုဖြင့် ခရီးသွားလုပ်ငန်းအတွက် Galle ဆိပ်ကမ်းကို ဖွံ့ဖြိုးတိုးတက်စေရန်နှင့် သင်္ဘောကြီးများကျောက်ချရာတွင် လွယ်ကူချောမွေ့စေရန်အတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

သီရိလင်္ကာနိုင်ငံကို အိန္ဒိယသမုဒ္ဒရာအတွင်း ထောက်ပံ့ပို့ဆောင်ရေးနှင့် သယ်ယူပို့ဆောင်ရေး ဗဟိုချက်ဖြစ်လာရန် မျှော်လင့်ထားကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**





# မြောက်ကိုရီးယားနိုင်ငံက ဒုံးကျည်ပစ်လွှတ်ခဲ့ပြီးနောက် အမေရိကန်နှင့် တောင်ကိုရီးယားတို့ ပူးတွဲလေတပ်စစ်ရေးလေ့ကျင့်မှုပြုလုပ်

**ဆိုးလ် ဖေဖော်ဝါရီ ၁၉**

မြောက်ကိုရီးယားနိုင်ငံက ဖေဖော်ဝါရီ ၁၈ ရက်တွင် ဒုံးကျည်ပစ်လွှတ်ခဲ့ပြီးနောက် အမေရိကန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့မှ လေတပ်များသည် ယနေ့တွင် ပူးတွဲလေတပ်စစ်ရေးလေ့ကျင့်မှုပြုလုပ်ခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

**သတင်းထုတ်ပြန်**

ဖေဖော်ဝါရီ ၁၉ ရက်အစောပိုင်းတွင် ပြုလုပ်ခဲ့သည့်အမေရိကန်နိုင်ငံနှင့်တောင်ကိုရီးယားနိုင်ငံတို့၏ ပူးတွဲလေတပ်စစ်ရေးလေ့ကျင့်မှုတွင် အမေရိကန်နိုင်ငံ၏ B–1 ဗုံးကြဲလေယာဉ်တစ်စင်းအပါအဝင် လေယာဉ်အစင်းပေါင်း ၁၀ စင်း ပါဝင်လေ့ကျင့်ခဲ့ကြောင်း တောင်ကိုရီးယားနိုင်ငံ၏ ယွန်ဟပ်သတင်းအေဂျင်စီက ဖေဖော်ဝါရီ ၁၉ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါလေယာဉ်များသည် ပင်လယ်ဝါဒေသမှ တောင်ကိုရီးယားနိုင်ငံတောင်ပိုင်း ဂျပန်ပင်လယ်အထိ ပျံသန်းခဲ့ကြကြောင်းလည်း ယွန်ဟပ်သတင်းအေဂျင်စီက ပြောကြားသည်။ ယင်းသို့ စစ်ရေးလေ့ကျင့်စဉ်အတွင်း နှစ်နိုင်ငံမှ တိုက်ခိုက်ရေးလေယာဉ်များသည် B–1 ဗုံးကြဲလေယာဉ်ကို စောင့်ကြပ်လိုက်ပါခဲ့ကြကြောင်း တောင်ကိုရီးယားစစ်ဘက်က ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံသည် Hwasong–15 တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည်တစ်စင်းကို ဖေဖော်ဝါရီ ၁၈ ရက်တွင် စမ်းသပ်ပစ်ခတ်ခဲ့ကြောင်း ဖေဖော်ဝါရီ ၁၉ ရက်နံနက်ပိုင်းတွင် ကြေညာခဲ့ခြင်းဖြစ်သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အလင်းသစ်**

# တူကီယဲနိုင်ငံ၌ မြေငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူ ၄၀၀၀၀ ကျော်အထိရှိလာ

**အန်ကာရာ ဖေဖော်ဝါရီ ၁၉**

တူကီယဲနိုင်ငံ အရှေ့တောင်ပိုင်း၌ ဖေဖော်ဝါရီ ၆ ရက်က လှုပ်ခတ်ခဲ့သော မြေငလျင်ကြီးနှစ်ခုကြောင့် သေဆုံးသူအရေအတွက်သည် ၄၀၆၄၂ ဦးအထိရှိလာကြောင်း တူကီယဲနိုင်ငံ သဘာဝဘေးအေဂျင်စီက ဖေဖော်ဝါရီ ၁၈ ရက်တွင် ပြောကြားသည်။

လက်ရှိတွင် ငလျင်ဘေးဒဏ်သင့်ခဲ့သူများအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သဘာဝဘေးနှင့်အရေးပေါ်စီမံခန့်ခွဲမှုဆိုင်ရာ အာဏာပိုင်အဖွဲ့အကြီးအကဲ ယွန်နက်စ်ဆီဇာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

အရေးပေါ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဟာတေးပြည်နယ်တောင်ပိုင်း၌ အားသွန်ခွန်စိုက်လုပ်ဆောင်နေခြင်းဖြစ်ပြီး ယင်းပြည်နယ်သည် ပြီးခဲ့သည့်သီတင်းပတ်အတွင်းက ဖြစ်ပွားခဲ့သည့်ငလျင်ဒဏ်ကို အများဆုံးခံစားခဲ့ရကြောင်း သိရသည်။

ထို့ကြောင့် ယင်းဒေသတွင် သဘာဝဘေးကယ်ဆယ်ရေးလုပ်သား ၁၃၀၀၀ နီးပါးက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သဘာဝဘေးနှင့် အရေးပေါ်စီမံခန့်ခွဲမှုဆိုင်ရာ အာဏာပိုင်အဖွဲ့အကြီးအကဲ ယွန်နက်စ်ဆီဇာက ပြောကြားသည်။

ထို့ပြင် ဟာတေးပြည်နယ်မှ ပြည်သူစုစုပေါင်း ၄၃၀၀၀၀ အား ဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးခဲ့ပြီးဖြစ်ကြောင်း ယွန်နက်စ်ဆီဇာက ပြောကြားသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အလင်းသစ်**



# အိန္ဒိယနိုင်ငံမြောက်ပိုင်း ဟာယာနာပြည်နယ်၌ နျူကလီးယားဓာတ်အားပေးစက်ရုံတစ်ခု တည်ဆောက်မည်

**နယူးဒေလီ ဖေဖော်ဝါရီ ၁၉**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဟာယာနာပြည်နယ်၌ နျူကလီးယားဓာတ်အားပေးစက်ရုံတစ်ခုတည်ဆောက်မည် ဖြစ်ကြောင်း အိန္ဒိယအစိုးရက ယမန်နေ့တွင် ကြေညာခဲ့သည်။

အဆိုပါနျူကလီးယားဓာတ်အားပေးစက်ရုံသည် အိန္ဒိယနိုင်ငံမြောက်ပိုင်း၌ ပထမဆုံး နျူကလီးယားဓာတ်အားပေးစက်ရုံဖြစ်လာမည်ဖြစ်သည်။



ယင်းဓာတ်အားပေးစက်ရုံကို မြို့တော်နယူးဒေလီ၏မြောက်ဘက် ကီလိုမီတာ ၁၅၀ အကွာရှိ ဖာတီဟာဘတ်ခရိုင် ဂိုရတ်ရှ်ပါမြို့၌ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

နျူကလီးယား ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းသည် အိန္ဒိယနိုင်ငံ၏ နျူကလီးယား စွမ်းရည်ကို ပိုမိုမြှင့်တင်နိုင်ရန်ဖြစ်ကြောင်း အိန္ဒိယပြည်ထောင်စုဝန်ကြီး ဂျီတန်ဒရာဆင်းကပြောကြားသည်။

နျူကလီးယားစက်ရုံတွင် နျူကလီးယားဓာတ်ပေါင်းဖို ၁၀ လုံး တပ်ဆင်သွားရန် အိန္ဒိယအစိုးရက ခွင့်ပြုထားကြောင်း သိရသည်။ **ကိုးကား– ဆင်ဟွာ**
**ဘာသာပြန်– အောင်ကျော်ကျော်**

# ဂျပန်နိုင်ငံ၌ ကိုဗစ်- ၁၉ ရောဂါကူးစက်မှုကြောင့် ၁၀၇ ဦး ထပ်မံသေဆုံး

**တိုကျို ဖေဖော်ဝါရီ ၁၉**

ဂျပန်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်မှုကြောင့်၁၀၇ဦးထပ်မံသေဆုံးခဲ့ရာအဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၇၁၆၈၆ ဦးရှိကြောင်း သိရသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်းက ရောဂါကူးစက်ခံရသူ ၁၄၂၃၉ ဦး ထပ်မံတွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ ရောဂါကူးစက်ခံရသူပေါင်း ၃၃၀၉၀၉၃၂ ဦးရှိကြောင်း သိရသည်။

**မြင့်တက်လာ**

ရောဂါထပ်မံ ကူးစက်ခံရသူများအနက် ၉၉၂ ဦးသည် မြို့တော်တိုကျိုမှဖြစ်ကြောင်းသိရသည်။ အဆိုပါရောဂါကူးစက်ခံရသူဦးရေသည် လွန်ခဲ့သောရက်သတ္တပတ်က တွေ့ရှိခဲ့သည့် အရေအတွက်ထက် ၁၉၃ ဦး မြင့်တက်လာကြောင်း တွေ့ရသည်။

အလားတူ အဆိုပါရောဂါကြောင့် ထပ်မံသေဆုံးသူများအနက် ရှစ်ဦးသည် မြို့တော်တိုကျိုမှဖြစ်သည်။

လက်ရှိတွင် နိုင်ငံတစ်ဝန်း၌ ရောဂါပြင်းထန်စွာခံစားနေရပြီး အသက်ရှူကိရိယာများ တပ်ဆင်ထားသူ ၁၃ ဦးရှိကြောင်း သိရသည်။

**ကိုးကား– အင်န်အိတ်ချ်ကေ**
**ဘာသာပြန်– အောင်ကျော်ကျော်**

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ကျပ် ၄၄၇၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်း ဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ကျပ် ၄၄၇၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။ အဆိုပါ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ စက်မှုကုန်ကြမ်းပစ္စည်းများ၊ အင်ဂျင်အပိုပစ္စည်းများနှင့် ယာဉ် သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာတွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၆ ရက်တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျအကောက်ခွန်အဖွဲ့က ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော 30 cm အရှည်ရှိ Party Popper ၂၈၂၆ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်း သုံးမျိုးနှင့် သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသော Cake Topper ၁၇၀ ကီလိုဂရမ်အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၉၅၀၀၀၀) ကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၁၇ ရက်တွင် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ပူးပေါင်းအဖွဲ့က ယာဉ်နှစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသော ထိုင်းနိုင်ငံထုတ် IQ တံဆိပ်ပါ Engine-Mounting ၆၅၀ ကီလိုဂရမ်အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး၊ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော ထိုင်းနိုင်ငံထုတ် နိုင်လွန်ဇာ ၁၈၀၀ ကီလိုဂရမ်အပါအဝင် ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၉၄၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သော ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၈၉၅၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဖေဖော်ဝါရီ ၁၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြို့နယ်သစ်တောဦးစီးဌာန အသီးသီးအလိုက်ဦးဆောင်သော ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးမြို့နယ်၊ ကျောက်တံခါးမြို့နယ်၊ ဖြူးမြို့နယ်နှင့် အုတ်တွင်းမြို့နယ်များအတွင်း တရားမဝင် ကျွန်းသစ်၊ သစ်မာနှင့် အခြားသစ်မျိုးစုံ ၄၈ ဒသမ ၄၆၀၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၈၉၆၂)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ပဲခူးတိုင်းဒေသကြီးအတွင်း၌ တရားမဝင်သစ်မျိုးစုံ သိမ်းဆည်းရမိမှုကို တွေ့ရစဉ်။

သို့ဖြစ်ပါ၍ ဖေဖော်ဝါရီ ၁၆ ရက်၊ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၆၇၀၃၉၆၂) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# မြင်းခြံမြို့နယ် မြို့ကြီးကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**မြင်းခြံ ဖေဖော်ဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တလုပ်မြို့ကျေးရွာအုပ်စု မြို့ကြီးကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယမန်နေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သက်သက်နွယ်နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများသည် မြို့ကြီးကုန်းကျေးရွာတွင် လမ်းအရှည် ၁ မိုင် ၇ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ဒု ၂ ပေ ၉ လက်မရှိ ကျေးလက်ကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

မြို့ကြီးကုန်းကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများကို ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၁၂၄ ဒသမ ၇၈၃ သန်းဖြင့် တင်ဒါအောင်မြင်သော လင်းယုန်အားမာန်ကုမ္ပဏီက ၂၀၂၂ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်၍ အဆိုပါကျေးရွာရှိ အကျိုးပြုအိမ်ခြေ ၆၂၁ အိမ်၊ လူဦးရေ ၂၈၉၁ ဦးတို့၏ လယ်ယာဧက ၁၅၀၀ မှ ထွက်ရှိသည့် လယ်ယာထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**၂၂၂**

■

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၀-၂-၂၀၂၄ တနင်္လာနေ့

**MRTV HD**

**၀၆:၀၀** တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော် (ရတနသုတ်)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** "၂၀၂၂-၂၀၂၃ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲ"
**၀၉:၁၀** နိုင်ငံ့စီးပွားမြင့်မားဖို့စိုက်ပျိုးမွေးကဏ္ဍမြှင့်တင်စို့
**၀၉:၄၀** ချင်းအမျိုးသားနေ့ဂုဏ်ပြုအစီအစဉ် "**နာဒေါင်းပလွေမှုတ်**"
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** Economic Review
**၁၁:၂၀** ချင်းအမျိုးသားနေ့ဂုဏ်ပြုအစီအစဉ် "**ချင်းတိုင်းရင်းသားတို့ရဲ့ချစ်စရာရိုးရာ အိမ်ကလေးများ**"
**၁၁:၃၅** ဘဝနှင့်အနုပညာ "**ဒေါ့ဗမာရဲဖွဲ့ကိုင်ရှင်**" ဦးငွေအောင်(နာယက)(အပိုင်း-၃)
**၁၂:၃၀** မြန်မာဇာတ်လမ်းတွဲ "**ပိန်းကြာဖက်၌တင်သောရေ**"(အပိုင်း-၁၁)
**၁၃:၃၀** Myanmar National News
**၁၄:၀၀** ချင်းအမျိုးသားနေ့ဂုဏ်ပြုအစီအစဉ် "**တောင်စလပ်တို့ရဲ့ရိုးရာအလှ**"
**၁၆:၃၅** မျိုးဂုဏ်တင့်စေဆိုကရေးတီးအငွေ
**၁၇:၃၅** သတင်းသမားပြောတဲ့သတင်းစကား
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** ချင်းအမျိုးသားနေ့ဂုဏ်ပြုတေးသီချင်း
**၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ "**ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း**"(အပိုင်း-၆၉)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၀၀** "၂၀၂၂-၂၀၂၃ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲ"
**၂၁:၁၅** ချင်းအမျိုးသားနေ့ဂုဏ်ပြုတေးသီချင်း "**အောက်ချင်းငှက်တေးသံ**"
**၂၁:၄၅** နိုင်ငံခြားဇာတ်လမ်းတွဲ "**ယုံကြည်ရာလမ်း**"(အပိုင်း-၆)

**mitv**

**07:01** Evergreen Classic: Dhamma Settkyar (Nan Sandi)
**07:11** Tour Around in Myeik Archipelago (Epi-2) Done Waterfall and Thayawthadangyi Island
**07:28** The Art of Making Paper Toys
**07:33** School For the Blind (Kyee Myin Dine)
**08:01** News
**08:27** Faces Of ASEAN (Indonesia)
**08:32** Myanmar Childhood Games (Episode-2)
**08:40** Traditional Chin Clothes
**08:46** Diary of a Fisherman
**09:01** Thilawa SEZ (Thriving Model Special Economic Zone)
**09:17** Myanmar Puppeteers (Zawgyi Dance)
**09:26** Unique Pattern Of Myanma Ethnic Group: A Trend Of Chin Traditional Dress
**10:01** News
**10:26** Topical Topics

**MRTV NRC**

**ချင်း(လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)**
တာရွှန်းရိုးရာတောင်တက်ကပွဲ
**ချင်း(ချိုး) (၀၇:၀၀ မှ ၀၈:၀၀)**
ကိုက်လန့်ဓါတ်ကျန်းမာရေးအကျိုးကျေးဇူးများ
**မွန် (၀၈:၀၀ မှ ၁၀:၀၀)**
ဂဝံယဉ်ကျေးမှု
**ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)**
မျိုးဂုဏ်တင့်စေယဉ်ကျေးမှုအငွေ(အပိုင်း-၄)
**ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)**
ပင်လောင်းသို့ခရီးသွားခြင်း(အပိုင်း-၁)
**"ဝ" (၁၄:၀၀) မှ (၁၆:၀၀) ထိ**
ပင်လယ်ပျော်တို့နားခိုရာ
**ကချင် (၁၆:၀၀) မှ (၁၈:၀၀) ထိ**
မနောအလှ
**ကယား (၁၈:၀၀) မှ (၂၀:၀၀) ထိ**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၄)
**ဝကောကရင် (၂၀:၀၀) မှ (၂၁:၀၀) ထိ**
အမဲသားတုတ်ထိုး
**အနောက်ပိုးကရင် (၂၁:၀၀) မှ (၂၂:၀၀) ထိ**
တံမြက်စည်းလက်မှုပညာ
**အရှေ့ပိုးကရင် (၂၂:၀၀) မှ (၂၃:၀၀) ထိ**
မိတ်ကျိုက်ဘုရား

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၄၅** Weekly International News
**၀၉:၄၅** စိန်ရတုခရီးမှသည်မြန်မာ-ရုရှား ပူးပေါင်းဆောင်ရွက်မှုရှေ့သို့ချီ
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၂:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** Myanmar National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၁၅** စိန်ရတုတိုင်လေပြီမြန်မာ-ရုရှား ဆက်ဆံရေးသည်

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလဲ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "ရေအသုံးကုန်းတစ်ဝက်"
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း အပိုင်း-၄
**၁၁:၀၀** ဒီမိုကရေစီဆိုသည်မှာ (အပိုင်း-၂)
**၁၁:၃၀** 'အတွေးအမြင်' အပိုင်း-၄

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၄၀** ဆန်ကိုအခြေခံ၍ကွတ်ကီးနှင့်ပေါင်မုန့်ပြုလုပ်ခြင်း
**၀၇:၀၀** စိုက်ပျိုးမွေးမြူသုတဘဏ်
**၀၇:၁၅** 'ဝ'ဥစိုက်ကြမယ်
**၀၇:၅၅** နိုင်ငံတကာနည်းပညာတို့လယ်တောမှာ ကျင့်သုံးပါ
**၀၈:၃၀** တောင်သူများအတွက်အကျိုးရှိဖို့စီပင်စိုက်/သုကုလားပဲခြံသို့လေ့လာစို့
**၀၈:၅၅** ဝင်ငွေတိုးပွားရှေ့သွား

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** SPORTS NEWS
**၀၇:၃၀** Soccer View/ Weekly Sports Info/ Sports Diary
**၀၇:၄၅** အားကစားလောကထဲကသူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

SCAN ME
Education Channel ကို စနေ၊ တနင်္ဂနွေမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

ကျန်းမာရေးဝန်ကြီးဌာန

(၅၁) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့ မှ ၂၄ ရက်နေ့အထိ

ဆေးသုတေသနဦးစီးဌာန အမှတ်(၅)၊ ဇီဝကလမ်း၊ ရန်ကုန်မြို့

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်အတွင်း၌ ခရီးသည်တင်မော်တော်ယာဉ် တစ်စီးအား PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့သဖြင့် အပြစ်မဲ့ခရီးသွားပြည်သူ နှစ်ဦးသေဆုံး

နေပြည်တော် ဖေဖော်ဝါရီ ၁၉

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်အတွင်း NUG ၊ CRPH လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက ခရီးသည်တင်မော်တော်ယာဉ်တစ်စီးအား လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်မှုကြောင့် အပြစ်မဲ့ခရီးသွားပြည်သူ နှစ်ဦး သေဆုံးခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း ဦးမင်းမင်းချမ်း မောင်းနှင်ပြီး ခရီးသည် အမျိုးသားခြောက်ဦးနှင့် အမျိုးသမီး လေးဦးတို့ လိုက်ပါလာသည့် မော်တော်ယာဉ်သည် ကော့သောင်းမြို့မှ မြိတ်မြို့သို့ ထွက်ခွာလာခဲ့ရာ ဖေဖော်ဝါရီ ၁၇ ရက် ညနေ ၄ နာရီခွဲခန့်တွင် ဘုတ်ပြင်းမြို့နယ် မန်းရုံးကျေးရွာနှင့် ခဲချောင်းကျေးရွာလမ်းဆုံသို့ ရောက်ရှိစဉ် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ပစ်ခတ်မှုကြောင့် ယာဉ်ပေါ်တွင်လိုက်ပါလာသူများအနက် အမျိုးသမီးတစ်ဦးနှင့် အသက် ကိုးနှစ်အရွယ် ယောကျ်ားလေး တစ်ဦးတို့တွင် လက်နက်ငယ်ကျည် ထိမှန်သေဆုံးခဲ့ကြောင်း သိရှိရသည်။

အထက်ပါဖြစ်စဉ်မှ အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူလူထုနှင့် ပူးပေါင်းလက်တွဲကာ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်





PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သည့် ခရီးသည်တင်မော်တော်ယာဉ်။




PDF အမည်ခံ အကြမ်းဖက်သမားများက ခရီးသည်တင်မော်တော်ယာဉ်အား လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သည့် နေရာပြမြေပုံ။

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ပြည်သာယာရပ်ကွက်နေ ဟေမွန်ဝင်းတင်(ခ)ဟေမွန်သည် ၎င်းအသုံးပြုသည့် “Hay Mon” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရတနာဘူမိအရှေ့ရပ်ကွက်နေ ရွှေနန်းမြင့်(ခ)ရွှေနန်းနှင့် မဟာမြိုင်(၁)ရပ်ကွက်နေ ရဲသင်္ကြန်ထွန်းတို့သည့် ၎င်းတို့အသုံးပြုသည့် “Shwe Nann” Facebook အကောင့်နှင့် “Thingyan Htun” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

မကွေးတိုင်းဒေသကြီးအတွင်း ရောက်ရှိနေသော တပ်မတော်နယ်လှည့် အထူးဆေးကုသရေးအဖွဲ့သည် ယနေ့တွင်တောင်တွင်းကြီးမြို့နယ် ဆတ်သွားကျေးရွာရှိ ပေါ်တော်မူဆုတောင်းပြည့်ဘုရားကြီး ကျောင်းဓမ္မာရုံ၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ စုစုပေါင်း ၁၀၇၅ ဦးကို ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက် ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၂၆၀၊ ခွဲစိတ်ရောဂါ ၁၁၅ ဦး၊ ကလေးရောဂါ ၄၉ ဦး၊ သားဖွားမီးယပ်ရောဂါ ၅၁ ဦး၊ အရိုးရောဂါ ၂၅၆ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၅ ဦး၊ မျက်စိရောဂါ ၁၈၂ ဦး၊ သွားရောဂါ ၅၃ ဦးနှင့် အထွေထွေရောဂါ ၆၄ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေခွဲစိတ်လူနာ ခုနစ်ဦး၊ မျက်စိကုသမှုလူနာ ၁၀ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၅၆ ဦး၊ Ultrasound ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၁၂၁ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၉၅ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၀၁ ဦးတို့ကို ရွှေ့လျားဓာတ်မှန်ရိုက်ယာဉ်နှင့် ရွှေ့လျားဓာတ်ခွဲခန်းယာဉ်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အပြင် နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို သွေးတိုးရောဂါနှင့် ဆီးချို၊ သွေးချိုရောဂါများအကြောင်း ကျန်းမာရေး အသိပညာပေးဟောပြော ဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးကုသမှုခံယူနေသည့် ဒေသခံပြည်သူများအား စားရေးအဆင်ပြေစေရန်အတွက် တာဝန်ရှိသူများနှင့် အလှူရှင်များက နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တာဝန်ရှိသူများက ကြည့်ရှုအားပေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## နယ်စပ်ရေးရာဝန်ကြီးဌာနမှ ရေးမြို့နယ်၌ အိမ်သုံးဆိုလာများ တပ်ဆင်ပေး

ရေး ဖေဖော်ဝါရီ ၁၉

နယ်စပ်ရေးရာဝန်ကြီးဌာနသည် နယ်စပ်ဒေသလမ်းတံတားလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ ရေရရှိရေး၊ မီးလင်းရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိရာ နယ်စပ်ဒေသကျေးရွာများ မီးလင်းရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၀၀ ဒသမ ၄၈၈ သန်းဖြင့် မွန်ပြည်နယ် ရေးမြို့နယ် တရုတ်ထောက်ကျေးရွာ၊ သဲခုံကျေးရွာနှင့် တိုးတက်ကျေးရွာတို့တွင် ၅၀ ဝပ် အိမ်သုံးဆိုလာ အစုံ ၃၉၀ တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။ ကြေးမုံ

# ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုများ လျော့ကျစေရေး မြေပြင်ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု လျော့ကျနိုင်စေရေးအတွက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်လျှပ်စစ်မန်နေဂျာ ဦးအေးကျော် ဦးဆောင်သော ခရိုင်စုဖွဲ့ဝန်ထမ်းများ၊ မြို့နယ်မှ လျှပ်စစ်မန်နေဂျာနှင့်ဝန်ထမ်းများက မြေပြင်ကွင်းဆင်းစစ်ဆေးဆောင်ရွက်သည်။

ထို့သို့ကွင်းဆင်းဆောင်ရွက်ရာတွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်အတွင်းရှိ ရပ်ကွက်၊ စက်မှုဇုန်များ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု လျော့ကျစေရေး လုပ်ငန်းသုံး၊ နေအိမ်အဆောက်အအုံများ၌ တပ်ဆင်အသုံးပြုလျက်ရှိသော စီတီမီတာ၊ ပါဝါမီတာ၊ အိမ်သုံးမီတာများအား မြေပြင်ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခြင်းနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဓာတ်အားလိုင်းနှင့်နီးကပ်သော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

အဆိုပါလုပ်ငန်းများကိုလစဉ်သတ်မှတ်ရက်များအတိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာများနှင့် စက်မှုဇုန်များသို့ မြေပြင်ကွင်းဆင်း စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၂-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၀၀ | ၂၁၅၀ | ၂၁၄၅ | ၂၁၁၀ | ၂၁၅၀ | ၂၁၇၀ | ၂၁၅၅ | ၂၁၃၅ | ၂၂၃၀ | ၂၂၅၀ | ၂၁၄၀ | ၂၁၅၀ | ၂၁၈၅ | ၂၁၈၅ | ၂၁၉၀ | ၂၄၂၀ | ၂၈၁၀ |
| 95 Ron | ၂၁၇၅ | ၂၂၂၅ | ၂၂၂၀ | ၂၁၈၀ | ၂၂၂၀ | ၂၂၄၅ | ၂၂၃၀ | ၂၂၀၅ | ၂၃၀၅ | ၂၃၂၀ | ၂၂၁၅ | ၂၂၃၀ | ၂၂၆၀ | ၂၂၆၀ | ၂၂၆၀ | ၂၄၉၀ | ၂၈၈၅ |
| HSD (500 ppm) | ၂၁၆၀ | ၂၂၁၀ | ၂၂၀၅ | ၂၁၇၀ | ၂၂၀၅ | ၂၂၃၀ | ၂၂၂၅ | ၂၁၉၅ | ၂၃၁၅ | ၂၃၁၀ | ၂၂၀၀ | ၂၂၁၀ | ၂၂၄၅ | ၂၂၄၅ | ၂၂၅၀ | ၂၄၈၀ | ၃၃၅၀ |
| HSD (50 ppm) | ၂၂၄၀ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၀ | ၂၂၈၅ | ၂၃၁၀ | ၂၃၀၅ | ၂၂၇၅ | ၂၃၉၅ | ၂၃၉၀ | ၂၂၈၀ | ၂၂၉၀ | ၂၃၂၅ | ၂၃၂၅ | ၂၃၃၀ | ၂၅၆၀ | ၃၃၇၅ |
| HSD (10 ppm) | ၂၂၄၀ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၀ | ၂၂၈၅ | ၂၃၁၀ | ၂၃၀၅ | ၂၂၇၅ | ၂၃၉၅ | ၂၃၉၀ | ၂၂၈၀ | ၂၂၉၀ | ၂၃၂၅ | ၂၃၂၅ | ၂၃၃၀ | ၂၅၆၀ | ၃၃၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၉၃ | ၂၀၆၆ |
| 95 Ron | ၂၀၆၃ | ၂၁၃၈ |
| HSD (500 ppm) | ၂၀၅၄ | ၂၁၂၅ |
| HSD (50 ppm) | ၂၁၂၈ | ၂၂၀၀ |
| HSD (10 ppm) | ၂၁၂၈ | ၂၂၀၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# အသွင်ပြောင်းဆီများစားသုံးမှု ရှောင်ကြဉ်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ တောင်းဆို

မောင်သာယာ

**၂၀၂၃ ခုနှစ်တွင် အသွင်ပြောင်းဆီဖြင့်ပြုလုပ်ထားသော စက်မှုထုတ်ကုန်ပစ္စည်းများကို ကမ္ဘာတစ်ဝန်း လုံးဝတားမြစ်သွားရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တောင်းဆိုထားသည်။ တုပပြုလုပ်ထားသည့် အသွင်ပြောင်းဆီများကြောင့် ကမ္ဘာတစ်ဝန်း အရွယ်မတိုင်မီသေဆုံးရသူ နှစ်စဉ် သန်းဝက်ခန့်ရှိသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။ အသွင်ပြောင်းဆီပါဝင်သော ထုတ်ကုန်များကို မီးအပူပေးထုတ်လုပ်ထားသော စားသောက်ကုန်ပစ္စည်းများနှင့် ဟင်းချက်ဆီများတွင် များသောအားဖြင့် တွေ့ရသည်။**



၂၀၂၀ ပြည့်နှစ်တွင် နိုင်ငံပေါင်း ၅၈ နိုင်ငံကျော်က တုပပြုလုပ်ထားသော အသွင်ပြောင်းဆီများ စားသုံးခြင်းမှကာကွယ်ရန် ဥပဒေများ ထုတ်ပြန်ခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။ သို့သော်လည်း နိုင်ငံပေါင်း ၁၀၀ ကျော်တွင် အသွင်ပြောင်းဆီဖြင့် ထုတ်လုပ်ထားသော စားသောက်ကုန်များကို ဖယ်ရှားရှောင်ကြဉ်သင့်သည်ဟုဆိုသည်။

နိုင်ငံပေါင်း ၁၅ နိုင်ငံတွင် အသွင်ပြောင်းဆီကြောင့် သေဆုံးရမှု သုံးပုံ-နှစ်ပုံ ရှိခဲ့သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အစီရင်ခံစာ ထုတ်ပြန်ခဲ့သည်။ အဆိုပါနိုင်ငံများအနက် ကနေဒါ၊ လတ်ဗီးယား၊ စလိုဗေးနီးယားနှင့် အမေရိကန်တို့သည် တုပပြုလုပ်ထားသော အသွင်ပြောင်းဆီများကို ကန့်သတ်ထားခြင်း သို့မဟုတ် တားမြစ်ထားသည့် နိုင်ငံများဖြစ်သည်။ သို့သော်လည်း နိုင်ငံအတော်များများတွင် အရေးယူကန့်သတ်ထားခြင်းများ မရှိသေးချေ။ အဆိုပါနိုင်ငံများမှာ အာရှတွင် အဇာဘိုင်ဂျန်၊ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ နီပေါ၊ ပါကစ္စတန်၊ အိန္ဒိယ၊ အီရန်နှင့် တောင်ကိုရီးယားနိုင်ငံတို့ ဖြစ်သည်။ အခြားနိုင်ငံများမှာ အီကွေဒေါ၊ မက္ကဆီကိုနှင့် အီဂျစ်နိုင်ငံတို့ဖြစ်သည်။

တွန်ဖရီဒန်သည် ပြည်သူ့ကျန်းမာရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် 'အသက်ကယ်ဖို့ဖြေရှင်းစို့' အဖွဲ့၏ အကြီးအကဲဖြစ်သည်။ အဆိုပါအဖွဲ့သည် နိုင်ငံတကာစားနပ်ရိက္ခာထောက်ပံ့မှုတွင် တုပပြုလုပ်ထားသော အသွင်ပြောင်းဆီများဖယ်ရှားရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ပူးပေါင်းလုပ်ဆောင်လျက်ရှိသည်။ အစားအသောက်များတွင် အသွင်ပြောင်းဆီများ ဖယ်ရှားလိုက်ခြင်းကြောင့် ၂၀၄၀ ပြည့်နှစ်တွင် နှလုံးနှင့်ပတ်သက်သောရောဂါကြောင့် သေဆုံးရသူ ၁၇ သန်းအထိ ကာကွယ်နိုင်မည်ဟု တွန်ဖရီဒန်က ပြောကြားသည်။

### အသွင်ပြောင်းဆီဆိုတာ ဘာလဲ

အမေရိကန် နှလုံးကျန်းမာရေးအဖွဲ့သည် နှလုံးကျန်းမာရေးနှင့် သုတေသနပြုမှုများ ထောက်ပံ့ကူညီနေသည့် အကျိုးအမြတ်မယူသော အဖွဲ့အစည်းဖြစ်သည်။ အဆိုပါအဖွဲ့က အသွင်ပြောင်းဆီကို သဘာဝအသွင်ပြောင်းဆီနှင့် တုပပြုလုပ်ထားသော အသွင်ပြောင်းဆီဟူ၍ အမျိုးအစားနှစ်မျိုးရှိသည်ဟု ဆိုသည်။ သဘာဝအသွင်ပြောင်းဆီကို တိရစ္ဆာန်အချို့၏ အူများမှရရှိသောအဆီများနှင့် နို့နှင့်အသားထွက်ပစ္စည်းများကဲ့သို့ တိရစ္ဆာန်များမှထုတ်လုပ်ထားသော အစားအစာများတွင် တွေ့ရသည်။

တုပပြုလုပ်ထားသော အသွင်ပြောင်းဆီ တစ်နည်းအားဖြင့် အသွင်ပြောင်းအဆီအက်စစ်ကို ဟင်းရွက်ဆီများထဲသို့ ဟိုက်ဒရိုဂျင်ဓာတ် ထည့်ပေါင်းထားသည့် စက်မှုလုပ်ငန်းစဉ်ဖြင့် ဖန်တီးထားသည်။ အစားအစာထုတ်လုပ်သူများသည် ကုန်ကျစရိတ်သက်သာသည့် အဆိုပါအသွင်ပြောင်းဆီများကို အသုံးပြုခြင်းအားဖြင့် အစားအစာများသည် လတ်ဆတ်မှုပိုကြာရှည်ခံစေနိုင်မည်ဖြစ်သည်။

အသွင်ပြောင်းဆီများကို ဒိုးနပ်၊ ကိတ်မုန့်၊ ကွတ်ကီးနှင့် ကြော်ထားသည့် အစားအစာများတွင် တွေ့နိုင်သည်။ စတိုးဆိုင်စင်များပေါ်တွင် လပေါင်းများစွာ ထားရှိသော်လည်း နူးညံ့ပြီးစိုစွတ်နေသော မုန့်များမှာ များသောအားဖြင့် အသွင်ပြောင်းဆီပါဝင်လေ့ရှိသည်။ အဘယ်ကြောင့်ဆိုသော် ဆီသည် အခန်းအပူချိန်တွင် အခဲအဖြစ်ရှိနေသောကြောင့်ဖြစ်သည်။

'အသက်ကယ်ဖို့ဖြေရှင်းစို့' အဖွဲ့၏ အကြီးအကဲ တွန်ဖရီဒန်က တုပပြုလုပ်ထားသည့် အသွင်ပြောင်းဆီနှင့် ပြည့်ဝဆီများ၏ ကွဲပြားခြားနားချက်ကို သိရှိထားရန်မှာ အလွန်အရေးကြီးသည်ဟု ပြောကြားသည်။ တွန်ဖရီဒန်က အသွင်ပြောင်းဆီကို 'အဆိပ်ဖြစ်စေသော ဓာတု'ဟု ခေါ်ဆိုပြီး စားနပ်ရိက္ခာများမှ လုံးဝဖယ်ရှားပစ်သင့်ကြောင်းနှင့် တုပပြုလုပ်ထားသော အသွင်ပြောင်းဆီမှာ လုံးဝတန်ဖိုးမရှိကြောင်း ပြောကြားသည်။

### အသွင်ပြောင်းဆီများ ဖယ်ရှားရန် ကြိုးပမ်းမှုများ

၂၀၁၈ ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် အစားအသောက်ထောက်ပံ့မှုများမှ တုပပြုလုပ်ထားသော အသွင်ပြောင်းဆီများ ဖယ်ရှားရန်အတွက် ကမ္ဘာတစ်ဝန်းရှိ အစိုးရများကို တောင်းဆိုသည့် တစ်ဆင့်ပြီးတစ်ဆင့်ပြုလုပ်ရမည့် လမ်းညွှန်ချက်တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။ အဆိုပါထုတ်ပြန်ချက်တွင် အသွင်ပြောင်းဆီအစား သံလွင်ဆီကဲ့သို့သောဆီများကို အစားထိုးအသုံးပြုရန်၊ အသွင်ပြောင်းဆီ၏ ဆိုးကျိုးအန္တရာယ်များကို အများပြည်သူ သိရှိစေရန်၊ အသွင်ပြောင်းဆီအသုံးမပြုရေး မူဝါဒများနှင့် ဥပဒေများ ထုတ်ပြန်ပြဋ္ဌာန်းပေးရန် အစိုးရများကို တိုက်တွန်းထားသည်။

၂၀၂၀ ပြည့်နှစ်အကုန်တွင် အသစ်ပြဋ္ဌာန်းပေးလိုက်သည့် ဥပဒေများကြောင့် လူဦးရေ ၃ ဒသမ ၂ ဘီလီယံကျော်ကို ဓာတုပစ္စည်းများဆိုးကျိုးအန္တရာယ်မှ ကာကွယ်ပေးနိုင်ခဲ့သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။ ယင်းကဲ့သို့ အရေးယူဆောင်ရွက်မှုအများစုကို ချမ်းသာသော နိုင်ငံများနှင့် ဒေသများတွင် ပြုလုပ်သည်ကို တွေ့ရသည်။ သို့သော်လည်း ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ ဖိလစ်ပိုင်နှင့် ယူကရိန်းတို့အပါအဝင် ဝင်ငွေအလယ်အလတ်ရှိသည့် နိုင်ငံအချို့သည်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အသွင်ပြောင်းဆီများနှင့်ပတ်သက်သော မူဝါဒများကို လိုက်နာကျင့်သုံးခဲ့ကြသည်။ အိန္ဒိယ၏မူဝါဒသည် လူဦးရေ တစ်ဘီလီယံကျော်ကို လွှမ်းခြုံသက်ရောက်မှုရှိစေသည်။ ထို့ပြင် နိုင်ဂျီးရီးယားနိုင်ငံသည် အသွင်ပြောင်းဆီကိုဖယ်ရှားရန် ဒုတိယမြောက် အာဖရိကနိုင်ငံအဖြစ် တောင်အာဖရိကနိုင်ငံနှင့် ပူးပေါင်းသွားမည်ဟု မျှော်လင့်ရသည်။

လူဦးရေ ငါးဘီလီယံသည် အသွင်ပြောင်းဆီ၏ ဆိုးကျိုးအန္တရာယ်ရှိနေဆဲဖြစ်သည်ဟု တွန်ဖရီဒန်က မှတ်ချက်ပြုသည်။ အစိုးရများအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အကောင်းဆုံးသော မူဝါဒများကို လိုက်နာကျင့်သုံးခြင်းဖြင့် ကာကွယ်နိုင်သော သေဆုံးမှုများကို ရပ်တန့်နိုင်ကြောင်း ၎င်းက ပြောကြားသည်။

နိုင်ငံတစ်နိုင်ငံတွင် မူဝါဒများ အောင်မြင်သွားပြီဆိုလျှင် အခြားနိုင်ငံများတွင်လည်း လိုက်ပါဆောင်ရွက်နိုင်ရေးအတွက် အားပေးကူညီနိုင်ပါကြောင်း၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများအားလုံးအတွက် စံနမူနာများ ဖြစ်လာနိုင်ကြောင်းနှင့် နိုင်ဂျီးရီးယားနိုင်ငံသည် တောင်အာဖရိကနိုင်ငံနှင့်အတူ အာဖရိကတိုက်အတွက် ရှေ့ဆောင်လမ်းပြဖြစ်လာလိမ့်မည်ဟု တွန်ဖရီဒန်က မှတ်ချက်ပြုပြောကြားသည်။

ကိုးကား – WHO Calls for Removal of Trans Fat in 2023 ကို ဘာသာပြန်သည်။ ■

**နိုင်ငံပေါင်း ၁၅ နိုင်ငံတွင် အသွင်ပြောင်းဆီကြောင့် သေဆုံးရမှု သုံးပုံ-နှစ်ပုံ ရှိခဲ့သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အစီရင်ခံစာ ထုတ်ပြန်ခဲ့သည်။ အဆိုပါနိုင်ငံများအနက် ကနေဒါ၊ လတ်ဗီးယား၊ စလိုဗေးနီးယားနှင့် အမေရိကန်တို့သည် တုပပြုလုပ်ထားသော အသွင်ပြောင်းဆီများကို ကန့်သတ်ထားခြင်း သို့မဟုတ် တားမြစ်ထားသည့်နိုင်ငံများဖြစ်သည်။ သို့သော်လည်း နိုင်ငံအတော်များများတွင် အရေးယူကန့်သတ်ထားခြင်းများ မရှိသေးချေ။ အဆိုပါနိုင်ငံများမှာ အာရှတွင် အဇာဘိုင်ဂျန်၊ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ နီပေါ၊ ပါကစ္စတန်၊ အိန္ဒိယ၊ အီရန်နှင့် တောင်ကိုရီးယားနိုင်ငံတို့ဖြစ်သည်။ အခြားနိုင်ငံများမှာ အီကွေဒေါ၊ မက္ကဆီကိုနှင့် အီဂျစ်နိုင်ငံတို့ဖြစ်**

## မြစ်ကြီးနားမြို့နယ် အေးချမ်းသာငွေစုငွေချေးသမဝါယမအသင်းက ဆဋ္ဌမအကြိမ်အဖြစ် မြေပဲဆီသန့်ပိဿာချိန် ၅၀၀ ဖြန့်ဖြူးရောင်းချခဲ့

မြစ်ကြီးနား ဖေဖော်ဝါရီ ၁၉

ကချင်ပြည်နယ် သမဝါယမဦးစီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနတို့ ချိတ်ဆက်ပြီး မြစ်ကြီးနားမြို့နယ်ရှိ အေးချမ်းသာ ငွေစုငွေချေး သမဝါယမအသင်းက မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်သမဝါယမအသင်းစုမှ ထုတ်လုပ်သော မြေပဲဆီသန့် ပိဿာချိန် ၅၀၀ အား ဆဋ္ဌမအကြိမ်အဖြစ် ထပ်မံဝယ်ယူ၍ ဒေသပေါက်ဈေးထက် သက်သာသောဈေးနှုန်းဖြင့် မြို့နယ်သမဝါယမဦးစီးဌာနများမှတစ်ဆင့် အသင်းသားပြည်သူများသို့ ဖြန့်ဖြူးရောင်းချပေးခဲ့သည်။

ယခုအခါ အသင်းအနေဖြင့် ကချင်ပြည်နယ်အတွင်း စားသုံးဆီလိုအပ်ချက်ဖြည့်ဆည်းနိုင်ရန်နှင့် သမဝါယမအသင်းသားပြည်သူများအား သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန် ရည်ရွယ်၍ မြစ်ကြီးနား၊ ဝိုင်းမော်၊ တနိုင်း၊ မိုးကောင်း၊ မိုးညှင်းနှင့် ပူတာအိုမြို့နယ်များရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် အသင်းသားပြည်သူများအား စုစုပေါင်း မြေပဲဆီသန့် ပိဿာချိန် ၅၀၀၀ ရောင်းချပေးနိုင်ခဲ့သည်။ ထို့ပြင်သမဝါယမကဏ္ဍက ဒေသထွက်ကုန်များအား သမဝါယမအသင်းအချင်းချင်း ချိတ်ဆက်၍ ကုန်စည်ဖလှယ်ရောင်းချပေးမှုများကို စားသုံးသူပြည်သူများအတွက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းသား ကျောင်းသူများအားလုံး အလယ်တန်းဆင့် (Grade 9)ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များကို သင်ယူလေ့ကျင့်ခွင့် ရရှိနိုင်ရေးအတွက် ခရိုင် ၅၀ ၏ မြို့နယ်များရှိ အခြေခံပညာအထက်တန်းကျောင်း ၅၁ ကျောင်းတွင် တွဲဖက်ဖွင့်လှစ်နိုင်ရန် **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်မည့် အဆိုပါ အခြေခံပညာအထက်တန်းကျောင်းများတွင် တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများသည် အထက်တန်းဆင့် သင်ယူနေစဉ်ကာလ၌ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့် အသက်မွေးဝမ်းကျောင်းအတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည့် အခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာမည် ဖြစ်ပါသည်။

**(အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်ပါက စိတ်ပါဝင်စားသည့် မည်သူမဆို တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။)**

သို့ဖြစ်ပါ၍ အခြေခံပညာအလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပြီး ပညာဆက်လက်သင်ယူမည့် ကျောင်းသား ကျောင်းသူများနှင့် မိဘပြည်သူများ သိရှိနိုင်စေရန် (၁) အခြေခံပညာအထက်တန်းဆင့် (၂) စက်မှုနည်းပညာ (၃) စိုက်ပျိုးရေးအတတ်ပညာ (၄) မွေးမြူရေးအတတ်ပညာ စသည့်ပညာရေးလမ်းသွယ် လေးမျိုး ရွေးချယ်သင်ယူနိုင်မည့် အခွင့်အလမ်းများကို သတင်းကောင်းပါးအပ်ပါသည်။

### (၁) အခြေခံပညာအထက်တန်းဆင့်

ပုံမှန်ဖွင့်လှစ်လျက်ရှိသော အခြေခံပညာအထက်တန်းကျောင်းများတွင် အခြေခံပညာအထက်တန်းဆင့်(Grade 10, Grade 11, Grade 12)ပညာသင်ကာလ သုံးနှစ် တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများသည် ၎င်းတို့သင်ယူသော ဘာသာတွဲများအလိုက် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး သတ်မှတ်အရည်အချင်း ပြည့်မီပါက အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များဖြစ်သည့် ဆေးတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာ တက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ် အစရှိသည့် တက္ကသိုလ်များ၊ ဝိဇ္ဇာ/သိပ္ပံ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များနှင့် သိပ္ပံများသို့ တက်ရောက်နိုင်မည်ဖြစ်ပါသည်။

### (၂) စက်မှုနည်းပညာ

စက်မှုနည်းပညာလမ်းကြောင်းတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် အထူးပြုဘာသာရပ် သုံးမျိုးဖြစ်သည့် အဆောက်အဦနည်းပညာ (Building Technology)၊ လျှပ်စစ်နည်းပညာ (Electrical Technology)နှင့် စက်ပစ္စည်း အစိတ်အပိုင်းများ ထုတ်လုပ်ခြင်းနည်းပညာ(Machining Technology) ဘာသာရပ်များကို ပညာသင်ကာလ သုံးနှစ်တွင် စာတွေ့/လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများ အသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

စက်မှုနည်းပညာလမ်းကြောင်းတွင် တက်ရောက်သည့် ကျောင်းသားများအတွက် ဆက်လက်သင်ယူနိုင်မည့် အခွင့်အလမ်းများမှာ အထူးအောင်(Credit)ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ် ခြောက်နှစ် တက်ရောက်ရပြီး အင်ဂျင်နီယာဘွဲ့(BE) ပေးအပ်သော နည်းပညာတက္ကသိုလ်များနှင့် ပညာသင်နှစ် လေးနှစ် တက်ရောက်ရပြီး နည်းပညာဘွဲ့(B.Tech) ပေးအပ်သော အစိုးရနည်းပညာကောလိပ်များသို့လည်းကောင်း၊ အဆင့်မီ(Qualified)ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ် သုံးနှစ် တက်ရောက်ရပြီး အင်ဂျင်နီယာနည်းပညာ ဒီပလိုမာ(AGTI Diploma) ပေးအပ်သော အစိုးရစက်မှုလက်မှုသိပ္ပံများသို့လည်းကောင်း ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာ ဒီပလိုမာသင်တန်းကို ထူးချွန်စွာအောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့ လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်သူများအနေဖြင့် ပြီးမြောက်ကြောင်းအောင်လက်မှတ်ရရှိမည်ဖြစ်ပြီး လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ လေ့ကျင့်သင်ကြားပေးထားသဖြင့် ပြင်ပလုပ်ငန်းခွင်များသို့ ဝင်ရောက်ရာတွင်လည်းကောင်း၊ ကိုယ်ပိုင်လုပ်ငန်းများ ဆောင်ရွက်ရာတွင် လည်းကောင်း များစွာအထောက်အကူရရှိစေမည် ဖြစ်ပါသည်။

### (၃) စိုက်ပျိုးရေးအတတ်ပညာ

စိုက်ပျိုးရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် စိုက်ပျိုးရေးအတတ်ပညာဆိုင်ရာ ဘာသာရပ်များကို ပညာသင်ကာလ သုံးနှစ်တွင် စာတွေ့/လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများ အသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

အထူးအောင်(Credit)ဖြင့် အောင်မြင်သူများသည် ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (Bachelor of Agricultural Science) ငါးနှစ် သင်တန်းကို တက်ရောက်နိုင်ကြမည် ဖြစ်ပါသည်။ အဆင့်မီ(Qualified)ဖြင့် အောင်မြင်သူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်ထားသော စိုက်ပျိုးရေးသိပ္ပံကျောင်းများ၏ စိုက်ပျိုးရေး ဒီပလိုမာလက်မှတ်(Diploma in Agriculture) သုံးနှစ် သင်တန်းနှင့် အစိုးရ စက်မှုလက်မှုသိပ္ပံများ၏ အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma – Farm Machinery) သုံးနှစ် သင်တန်းသို့ တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်ပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိုက်ပျိုးရေးသိပ္ပံဘွဲ့ ငါးနှစ် သင်တန်း၏ တတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။


အင်ဂျင်နီယာနည်းပညာဒီပလိုမာသင်တန်းကို ထူးချွန်စွာအောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့ လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက စိုက်ပျိုးရေးအတတ်ပညာ အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး စိုက်ပျိုးရေးနှင့်သက်ဆိုင်သော အခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်ပါသည်။


### (၄) မွေးမြူရေး အတတ်ပညာ

မွေးမြူရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် မွေးမြူရေးအတတ်ပညာဆိုင်ရာဘာသာရပ်များကို ပညာသင်ကာလ သုံးနှစ်တွင် စာတွေ့/လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများ အသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါသည်။ **စာမျက်နှာ ၁၉ သို့ »»**

**အလယ်တန်းဆင့်(Grade 9)ပြီးမြောက်အောင်မြင်သော ကျောင်းသား ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ**




**Learning Opportunities for Grade 9 Passed Students**



»»» **စာမျက်နှာ ၁၈ မှ**

အထူးအောင်(Credit)ဖြင့် အောင်မြင်သူများသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် တိရစ္ဆာန်ဆေးပညာဘွဲ့ (Doctor of Veterinary Medicine) ခြောက်နှစ် သင်တန်းနှင့် မွေးမြူရေးပညာဘွဲ့ (Bachelor of Animal Science) လေးနှစ် သင်တန်းများကို တက်ရောက်နိုင်ကြမည် ဖြစ်ပါသည်။

အဆင့်မီ(Qualitfied)ဖြင့် အောင်မြင်သူများသည် စိုက်ပျိုးရေးသိပ္ပံများ၏ မွေးမြူရေးဒီပလိုမာ (Diploma in Animal Husbandry) သုံးနှစ် သင်တန်းနှင့် ငါးလုပ်ငန်းသိပ္ပံ၏ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာ (Diploma in Fisheries and Aquaculture) သုံးနှစ် သင်တန်းသို့ တက်ရောက်နိုင်ကြမည် ဖြစ်ပါသည်။

မွေးမြူရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် လေးနှစ်သင်တန်း၏ တတိယနှစ် (ပထမနှစ်ဝက်)သင်တန်းမှ စတင်တက်ရောက်နိုင်မည် ဖြစ်ပါသည်။ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူများသည် ရန်ကုန်တက္ကသိုလ် ငါးလုပ်ငန်းဆိုင်ရာ ဘာသာရပ် တတိယနှစ် (ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည် ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက မွေးမြူရေးအတတ်ပညာ အောင်လက်မှတ် ရရှိမည်ဖြစ်ပြီး မွေးမြူရေးနှင့်သက်ဆိုင်သော အခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်ပါသည်။

အလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များကို တွဲဖက်သင်ကြားမည့် အောက်ဖော်ပြပါ အခြေခံပညာအထက်တန်းကျောင်းများတွင် တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

## ၂၀၂၃-၂၀၂၄ ပညာသင်နှစ် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်းများ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ကိုယ်ပိုင် အုပ်ချုပ်ခွင့်ဒေသ | စဉ် | ခရိုင်အမည် | ခရိုင်ရုံး စိုက်ရာမြို့ | ကျောင်း တည်ရှိရာ မြို့နယ် | ကျောင်းအမည် |
|---|---|---|---|---|---|---|
| ၁ | ကချင် | ၁ | မိုးညှင်း | မိုးညှင်းမြို့ | မိုးညှင်း | အထက(၂)မိုးညှင်း |
| | | ၂ | မြစ်ကြီးနား | မြစ်ကြီးနား | ဝိုင်းမော် | အထက(၁)ဝိုင်းမော် |
| | | ၃ | ဗန်းမော် | ဗန်းမော်မြို့ | ဗန်းမော် | အထက(၁)ဗန်းမော် |
| ၂ | ကယား | ၄ | လွိုင်ကော် | လွိုင်ကော် | လွိုင်ကော် | အထက-ချိကယ် |
| ၃ | ကရင် | ၅ | ဘားအံ | ဘားအံ | ဘားအံ | အထက-ဒုံရင်း |
| | | ၆ | ကော့ကရိတ် | ကော့ကရိတ် | ကော့ကရိတ် | အထက(၂)ကော့ကရိတ် |
| ၄ | ချင်း | ၇ | ပလက်ဝ | ပလက်ဝ | ပလက်ဝ | အထက(၁)ပလက်ဝ |
| | | ၈ | ဟားခါး | ဟားခါး | ဟားခါး | အထက(၂)ဟားခါး |
| ၅ | စစ်ကိုင်း | ၉ | မုံရွာ | မုံရွာ | မုံရွာ | အထက(၂)အလုံ |
| | | ၁၀ | ရွှေဘို | ရွှေဘို | ရွှေဘို | အထက(၁)ရွှေဘို |
| | | ၁၁ | စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း | အထက-အုန်းတော |
| ၆ | တနင်္သာရီ | ၁၂ | မြိတ် | မြိတ် | မြိတ် | အထက-သမုတ် |
| | | ၁၃ | ထားဝယ် | ထားဝယ် | ထားဝယ် | အထက(၄)ထားဝယ် |
| ၇ | ပဲခူးတိုင်း | ၁၄ | ပဲခူး | ပဲခူး | ကဝ | အထက-အုန်းနဲ့ |
| | | ၁၅ | သာယာဝတီ | သာယာဝတီ | အုတ်ဖို | အထက-အေးမြသာယာ |
| | | ၁၆ | တောင်ငူ | တောင်ငူ | အုတ်တွင်း | အထက-ညောင်ခြေထောက် |
| | | ၁၇ | ပြည် | ပြည် | ရွှေတောင် | အထက-ရွှေတောင် |
| ၈ | မကွေး | ၁၈ | မင်းဘူး | မင်းဘူး | မင်းဘူး | အထက-စကု |
| | | ၁၉ | မကွေး | မကွေး | မြို့သစ် | အထက-မြေပြင်သာ |
| | | ၂၀ | အောင်လံ | အောင်လံ | အောင်လံ | အထက-ပြလို့ |
| | | ၂၁ | သရက် | သရက် | သရက် | အထက-သရက် |
| ၉ | မန္တလေး | ၂၂ | ရမည်းသင်း | ရမည်းသင်း | ပျော်ဘွယ် | အထက(၁)ပျော်ဘွယ် |
| | | ၂၃ | မိတ္ထီလာ | မိတ္ထီလာ | မိတ္ထီလာ | အထက(၆)မိတ္ထီလာ |
| | | ၂၄ | ညောင်ဦး | ညောင်ဦး | ညောင်ဦး | အထက-လက်ပံပြား |
| | | ၂၅ | ကျောက်ဆည် | ကျောက်ဆည် | မြစ်သား | အထက-မြစ်သား |
| | | ၂၆ | သပိတ်ကျင်း | သပိတ်ကျင်း | စဉ့်ကူး | အထက-ရွှေပြည် |
| ၁၀ | မွန် | ၂၇ | ရေး | ရေး | ရေး | အထက-ဟံဂံ |
| | | ၂၈ | သထုံ | သထုံ | သထုံ | အထက(၁)သထုံ |
| ၁၁ | ရခိုင် | ၂၉ | စစ်တွေ | စစ်တွေ | စစ်တွေ | အထက(၁)စစ်တွေ |
| | | ၃၀ | သံတွဲ | သံတွဲ | သံတွဲ | အထက(၂)သံတွဲ |
| | | ၃၁ | အမ်း | အမ်း | အမ်း | အထက(၁)အမ်း |
| ၁၂ | ရန်ကုန် | ၃၂ | ဒဂုံမြို့သစ် | ဒဂုံမြို့သစ်(တ) | ဒဂုံမြို့သစ်(တ) | အထက-စိုက်မွေး |
| | | ၃၃ | တွံတေး | တွံတေး | တွံတေး | အထက-သဝန်းတော |
| | | ၃၄ | မှော်ဘီ | မှော်ဘီ | မှော်ဘီ | အထက-ညောင်နှစ်ပင် |
| | | ၃၅ | လှည်းကူး | လှည်းကူး | လှည်းကူး | အထက-ငါးဆူတောင် |
| ၁၃ | ရှမ်း (တောင်) | ၃၆ | တောင်ကြီး | တောင်ကြီး | တောင်ကြီး | အထက(၁)အေးသာယာ |
| ၁၄ | ရှမ်း (မြောက်) | ၃၇ | ကျောက်မဲ | ကျောက်မဲ | ကျောက်မဲ | အထက(၃)ကျောက်မဲ |
| | | ၃၈ | လားရှိုး | လားရှိုး | လားရှိုး | အထက(၁)လားရှိုး |
| ၁၅ | ရှမ်း (အရှေ့) | ၃၉ | ကျိုင်းတုံ | ကျိုင်းတုံ | ကျိုင်းတုံ | အထက-ဝမ်အွယ် |
| ၁၆ | ဧရာဝတီ | ၄၀ | ဖျာပုံ | ဖျာပုံ | ဒေးဒရဲ | အထက(၁)ဒေးဒရဲ |
| | | ၄၁ | မအူပင် | မအူပင် | ညောင်တုန်း | အထက-စက္ကော့ |
| | | ၄၂ | ပုသိမ် | ပုသိမ် | ကန်ကြီးထောင့် | အထက-ကန်ကြီးထောင့် |
| | | ၄၃ | မြန်အောင် | မြန်အောင် | ကြံခင်း | အထက-ချင်းမြောင် |
| ၁၇ | နေပြည်တော် | ၄၄ | ဇေယျာသီရိ | ပုဗ္ဗသီရိ | ပုဗ္ဗသီရိ | အထက(၂၀)ပုဗ္ဗသီရိ |
| | | ၄၅ | ပျဉ်းမနား | ပျဉ်းမနား | ပျဉ်းမနား | အထက(၁)ပျဉ်းမနား |
| ၁၈ | ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | ၄၆ | ပအိုဝ်း | ဟိုပုံး | ဟိုပုံး | အထက(ခွဲ)ပေါင်လင်း |
| ၁၉ | ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | ၄၇ | ပလောင် | မန်တုံ | မန်တုံ | အထက-မန်တုံ |
| ၂၀ | ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | ၄၈ | ကိုးကန့် | လောက်ကိုင် | လောက်ကိုင် | အထက(၂)လောက်ကိုင် |
| ၂၁ | ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | ၄၉ | ဓနု | ပင်းတယ | ပင်းတယ | အထက-ကျိုး |
| ၂၂ | နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | ၅၀ | နာဂ | လဟယ် | နန်းယွန်း | အထက-နန်းယွန်း |
| | | ၅၁ | နာဂ | လဟယ် | လဟယ် | အထက-လဟယ် |

ပုံပြင်

# ရဲသုံးဖော်

မင်းယုဝေ

တစ်ရံရောအခါ စစ်သားသုံးဦး ရှိလေသည်။ သူတို့သည် အလွန်ချစ်ခင်သောသူငယ်ချင်းများ ဖြစ်ကြ၏။ စစ်ပွဲပြီးဆုံးသောအခါ သူတို့သုံးယောက်လုံးပင် အလုပ်လက်မဲ့များ ဖြစ်ကုန်ကြလေသည်။ ထို့ကြောင့် သူတို့၏နေရင်းရွာသို့ ပြန်လာကြလေသည်။ သို့ပြန်လာရာတွင် ငွေကြေးမရှိသဖြင့် လမ်းခရီး၌ သူတို့သည် အစာအတွက် တောင်းရမ်း၍ပင် စားသောက်ခဲ့ကြရရှာလေသည်။

ခရီးတစ်ဝက်လွန်သော် သူတို့သည် တောအုပ်တစ်ခုသို့ ရောက်ရှိလာကြ၏။ သူတို့သည် ထိုတောတွင်း၌ မအိပ်စက်လိုပေ။ သို့သော် ခရီးဆက်ရန် မဖြစ်နိုင်သောကြောင့် အိပ်စက်ကြရလေ၏။ ထိုသို့အိပ်စက်ရာတွင် သားရဲတိရစ္ဆာန်တို့၏ဘေးရန်မှ ကင်းဝေးစေခြင်းငှာ တစ်လှည့်စီကင်းစောင့်အိပ်ရန် စီမံကြလေသည်။

သို့ဖြင့် အစောင့်ကျသောစစ်သားသည် မီးဖိုတစ်ခုကို ဖိုကာ ကောင်းစွာစောင့်ကြပ်နေလေသည်။ ကျန်နှစ်ဦးကား ခရီးပန်းလာသဖြင့် လဲလျောင်းလိုက်သည်နှင့်တစ်ပြိုင်နက် အိပ်ပျော်သွားကြလေသည်။ မကြာမီ အင်္ကျီနီဝတ်ထားသော လူကလေးတစ်ယောက်သည် ကင်းစောင့်စစ်သားထံ ရောက်လာ၏။ သူသည် ကင်းစောင့်စစ်သား၏အလုပ်အကိုင်စသည်တို့ကိုမေးမြန်းကာ မိတ်ဖွဲ့သည်။ စစ်သားသည်လည်း ဖော်ရွေခင်မင်တတ်သူဖြစ်ရာ ကောင်းစွာပြန်လည်ပြောဆို၏။ သို့ဖြင့် သူတို့သည် မိတ်ဆွေဖြစ်သွားကြလေသည်။

လူကလေးက စစ်သား၏အဖြစ်အပျက်များကို ကြားသိရသဖြင့် သူ များစွာကြင်နာမိသည်။ ထို့ကြောင့် တစ်စုံတစ်ရာအကူအညီပေးလိုသည်ဟုဆိုကာ ဝတ်ရုံတစ်ခုကို ပေးလေသည်။ သို့ပေးစဉ် လူကလေးက မည်သူမဆို ဝတ်စုံကိုရုံလိုက်ပြီးလျှင် အလိုရှိရာ တောင့်တက တောင့်တတိုင်းပြည့်စုံသည်ဟုဆိုလေသည်။ ထို့နောက် သူသည် နှုတ်ဆက်ကာ ထွက်ခွာသွားလေသည်။

အချိန်စေ့သောအခါ ကင်းစောင့်စစ်သားသည် အိပ်ပျော်နေသော အဖော်နှစ်ယောက်အနက် တစ်ယောက်ကိုနှိုးကာ တစ်လှည့်စောင့်စေပြန်၏။ ထို့နောက် သူသည် ပင်ပန်းလှပြီဖြစ်သဖြင့် သွားရောက်အိပ်စက်လေသည်။ ဒုတိယစစ်သား ကင်းစောင့်၍မကြာမီပင်ယခင်လူကလေးရောက်လာပြန်၏။

လူကလေးသည် ရှေးနည်းအတိုင်း ကင်းစောင့်စစ်သားကိုမိတ်ဖွဲ့၏။ ထို့နောက် ပိုက်ဆံအိတ်တစ်လုံး ပေးကာပြန်သွားလေ၏။ ထိုအိတ်၏ သတ္တိကား အတွင်း၌ ရွှေဒင်္ဂါးအပြည့်ရှိ၍ မည်မျှပင်ထုတ်ယူသုံးစွဲသော်လည်း မကုန်ခန်းနိုင်၊ ရွှေများပြည့်မြဲပြည့်နေခြင်းပင်ဖြစ်လေသည်။

ထိုဒုတိယစစ်သားအလှည့်ပြီးသော် တတိယစစ်သား၏အလှည့်သို့ ကျရောက်ပြန်၏။ သူသည်လည်း သူ့ရဲဘော်များကဲ့သို့ပင် ကံကောင်းလေသည်။ ယခင်လူကလေးသည် သူ့အား ကျွဲချိုတစ်ခုပေးလေသည်။ လူကလေးက မည်သူမဆို ထိုကျွဲချိုကို မှုတ်လျှင် လူအမြောက်အမြား ဝိုင်းရံလာကြလိမ့်မည်။ ထိုသူတို့သည် မိမိတို့ ကိုယ်ပိုင်လုပ်ငန်းဆောင်တာများကို မေ့လျော့ကာ ကျွဲချိုမှုတ်သံ၌သာ စိတ်ဝင်စားနေကြလိမ့်မည်ဟုဆိုလေသည်။ ထို့နောက် လူကလေးသည် ထွက်ခွာသွားလေ၏။

နံနက်လင်းသော် သူငယ်ချင်းသုံးဦးသည် သူတို့ရရှိသောပစ္စည်းများကို အချင်းချင်းပြသကြ၏။ သူတို့သည် အလွန်ချစ်ခင်သောသူငယ်ချင်းများဖြစ်ကြသည့်အလျောက် အတူတကွ ခရီးဆက်လက်သွားကြရန် ဆုံးဖြတ်ကြလေသည်။ သူတို့သည် သူတို့ရရှိသောပစ္စည်းများ၏ အကူအညီဖြင့် ကမ္ဘာအနှံ့ လှည့်လည်သွားလာကြည့်ရှုရန် ကြံစည်ကြလေသည်။ ကြံစည်သည့်အတိုင်းပင် သူတို့သည် ပျော်ရွှင်စွာလှည့်လည်သွားလာနေကြလေသည်။ ထိုအချိန်အတွင်း၌ ထူးဆန်းသောပိုက်ဆံအိတ်ကိုသာ သူတို့အသုံးပြုကြသေးသည်။ ကျန်ပစ္စည်းနှစ်ခုကိုကား မသုံးကြသေးပေ။

ကာလအတန်ကြာသော် သူတို့သည် လှည့်လည်သွားလာရခြင်းကို ငြီးငွေ့လာသည်။ အတည်တကျကောင်းစွာနေထိုင်လိုလာကြသည်။ ထိုအခါ ပထမစစ်သားသည် သူ၏ဝတ်ရုံကို ရုံလိုက်ကာ ခမ်းနားကြီးကျယ်သော ရဲတိုက်ကြီးတစ်ခုကို တောင့်တလိုက်၏။ ချက်ချင်းပင် အလွန်လှပသော ရဲတိုက်ကြီးတစ်ခုသည် သူတို့ရှေ့မှောက်၌ ပေါ်ပေါက်လာလေ၏။ ရဲတိုက်ကြီး၏ ပတ်ဝန်းကျင်တွင် သာယာလှသော ဥယျာဉ်မြက်ခင်းပြင်၊ နွားတင်းကုပ်၊ မြင်းဇောင်း၊ ဆိတ်အုပ် စသည်တို့ကိုပါ တွေ့ရလေသည်။ ထို့ပြင် အလွန်လှပသော မြင်းညိုကြီးသုံးစီးကသည့် ရထားတစ်စီးကိုလည်း တွေ့ရပေသည်။ ထိုရထားသည် ရဲတိုက်ဥယျာဉ်တံခါးမှထွက်ကာ သူတို့ထံ လာနေသည်။ သို့ဖြင့် သူတို့သည် ထိုရထားကိုစီးလျက် ရဲတိုက်ကြီးသို့ သွားကြလေ၏။

သူတို့သည် ဤရဲတိုက်၌ နေထိုင်လျက် ပျော်ရွှင်စွာ စည်းစိမ်ခံစားနေကြ၏။ ကာလအတန်ကြာသော် သူတို့သည် အပြောင်းအလဲကို အလိုရှိလာကြပြန်၏။ ထို့ကြောင့် သူတို့၏ အဖိုးတန်ပစ္စည်းဥစ္စာများနှင့် ကျေးကျွန်များကို ခေါ်ဆောင်ကာ ရထားဖြင့် ခရီးထွက်ကြပြန်သည်။ သူတို့သည် မနီးမဝေးအရပ်ရှိ တိုင်းပြည်မှဘုရင်ကြီးထံ အလည်သွားရန် ဆုံးဖြတ်ကြသည်။ ထိုဘုရင်ကြီးတွင်ကား သမီးတော်တစ်ပါးရှိသည်။ ဘုရင်ကြီးသည် သူတို့အား ဘုရင်၏ သားတော်များဟု ထင်မှတ်သဖြင့် ကောင်းစွာကြိုဆိုဧည့်ခံ၏။

တစ်နေ့တွင် ဘုရင်ကြီး၏ သမီးတော်နှင့် ပိုက်ဆံအိတ်ပိုင်ရှင်စစ်သားတို့သည် ဥယျာဉ်တွင်း၌ အတူတကွလမ်းလျှောက်ကြသည်။ ထိုအခိုက် မင်းသမီးသည် ထိုစစ်သား၏ ထူးဆန်းသောအိတ်ကိုမြင်ရာ ထိုအိတ်အကြောင်း မေးမြန်းလေ၏။ စစ်သားလည်း အမှန်အတိုင်းပြောပြလေသည်။ မင်းသမီးသည် အလွန်ဉာဏ်များသူဖြစ်သည်။ ထို့ပြင် လက်မှုပညာများကိုလည်း ကောင်းစွာတတ်ကျွမ်းသူဖြစ်သည်။ သို့ဖြင့် သူသည် စစ်သား၏အိတ်နှင့်တစ်ပုံစံတည်းတူသောအိတ်တစ်ခုကို ပြုလုပ်၏။ ထို့နောက် စစ်သားအားခေါ်ကာ အရက်အမြောက်အမြားတိုက်၏။ စစ်သားလည်း အမူးလွန်ကာ အိပ်ပျော်သွားလေ၏။ ထိုအခါတွင် မင်းသမီးသည် စစ်သား၏အိတ်နှင့် သူ၏အိတ်ကို လဲလှယ်ထားလိုက်လေ၏။

နောက်တစ်နေ့နံနက်၌ စစ်သားများသည် သူတို့၏ရဲတိုက်ကြီးသို့ သွားကြလေ၏။ ထို့နောက် ရွှေလိုသဖြင့် အိတ်ကိုဖွင့်ကြည့်၏။ အိတ်တွင်း၌ ရွှေစအနည်းငယ်ကို တွေ့ရလေ၏။ သူတို့သည် ထိုရွှေစများကို ယူပြီးသောအခါ၌ကား အိတ်၌ နောက်ထပ်ရွှေစများ ထပ်မံမပြည့်လာတော့ချေ။ ထိုအခါမှ သူတို့သည် မင်းသမီး၏ လှည့်ဖြားခြင်းကို ခံခဲ့ရကြောင်း သိကြလေ၏။ ဤတွင် ဝတ်ရုံရှင်စစ်သားက ထိုအိတ်ကို ပြန်ရအောင် သူသွားယူမည်ဟုဆို၏။ ဆိုသည့်အတိုင်း ဝတ်ရုံကိုရုံကာ မင်းသမီးထံရောက်ရန် တောင့်တလိုက်၏။ ချက်ချင်းပင် သူသည် မင်းသမီး၏အဆောင်အတွင်းသို့ ရောက်ရှိသွားလေသည်။ ထိုအချိန်၌ မင်းသမီးသည် စစ်သား၏အိတ်တွင်းမှ ရွှေများကိုထုတ်ယူကာ များစွာကျေနပ်နေလေသည်။ စစ်သားသည် ထိုအခြင်းအရာကို အတန်ကြာ ငေးစိုက်ကြည့်နေမိသည်။ ဤတွင် သူရောက်နေကြောင်း မင်းသမီးသိသွားကာ "သူခိုး... သူခိုး"ဟု ကျယ်လောင်စွာအော်ဟစ်လေ၏။

(ဆက်လက်ဖော်ပြပါမည်)

ဆရာကြီးမင်းယုဝေ၏ လက်ရွေးစင်ပုံပြင်ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။





## ကဗျာ

### ဆန္ဒ

✻ ချစ်သူမေ
ပန်စေဖို့ ရည်စူး။
ဆူးရံသီ နှင်းဆီပန်းကိုကွယ်
လှမ်းဆွတ်လို့ခူး။
✻ ကြင်ဦးပျို
ပန်ဘူးရယ်လို့ ငြင်းကာဆို။
ချစ်သူမောင် ဘဝင်နွမ်း
ပန်းလှပေ့ါဗျို။
✻ ဘယ်ပန်းကို
ပန်လိုလဲ မေရဲ့။
'အဇ္ဈာကောင်းကင်မြင့်ဆီက
ကြယ်ပွင့်တွေ ခူးခြွေကုံးခဲ့မှ
ဘုန်းပန်မယ်'တဲ့။

ငွေတာရီ

ဆရာမငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှ ကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

လူမှု ၁၀

# လူငယ်များသိသင့်သော ထူးချွန်ထင်ရှားပုဂ္ဂိုလ်များ

**အဒမ်စမစ်**

ဒေါက်တာအဒမ်စမစ်ကို ၁၇၂၃ ခုနှစ်က စကော့တလန်နိုင်ငံ ကတ်ကယ်(လ်)ဒီးမြို့လေး၌ မွေးဖွားခဲ့သည်။ သူမမွေးခင်ကပင် ဖခင်ဖြစ်သူမှာ ကွယ်လွန်ခဲ့ပြီးဖြစ်သည်။ လေးနှစ်သားအရွယ်တွင် သူ့ကို ဂျစ်ပဆီများက ဖမ်းဆီးသွားကြသည်။ ဦးလေးဖြစ်သူ၏ကျေးဇူးကြောင့် ပြန်လည်လွတ်မြောက်လာခဲ့သည်။

သူသည် ငယ်စဉ်ကပင် ပညာထူးချွန်သောကျောင်းသားတစ်ယောက်ဖြစ်သည်။ လူလားမြောက်သည့် (၁၄) နှစ်သားအရွယ်တွင် ဂလပ်စဂိုတက္ကသိုလ်မှ တက္ကသိုလ်ဝင်တန်းအောင်မြင်ကာ အောက်စဖို့ဒ်တက္ကသိုလ်သို့ ဝင်ရောက်ခဲ့သည်။ အောက်စဖို့ဒ်တွင် ခြောက်နှစ်တာ ပညာသင်ယူပြီးသောအခါ ဇာတိမြေစကော့တလန်သို့ပြန်လာပြီး အီဒင်ဘာရာတက္ကသိုလ်တွင် တက္ကဗေဒနှင့် လူ့ကျင့်ဝတ် အဘိဓမ္မာတို့ကို သင်တန်းပေး ဟောပြောပို့ချသည်။ ၁၇၅၁ ခုနှစ်တွင် စမစ်သည် တက္ကဗေဒဆရာဖြစ်လာသည်။ စမစ်သည် ဂလပ်စဂိုတက္ကသိုလ်တွင် ပညာသင်ကြားမှု၌ ကျော်စောထင်ရှားသော်လည်း လူပုဂ္ဂိုလ်အနေနှင့်မူ အများနှင့်မတူသော လူထူးလူဆန်းတစ်ယောက်အဖြစ် အဝေဖန်ခံရသည်။ အများက ဝေဖန်မည်ဆိုလည်း ဝေဖန်လောက်သည်။ သူ့အမူအရာများက အများနှင့်မတူ ကြောင်တောင်တောင်နိုင်သည်ဟု ပြောကြသည်။

သူက ဘုရားရှိခိုးကျောင်းတွင် ဘုရားဝတ်ပြုရင်း သူ့အတွေးနှင့်သူ ပြုံးချင်လည်း ပြုံးနေတတ်သည်။ ပုန်ကန်လိုသည့်အတွေးအခေါ်ရှိသော 'ဒေးဗစ်ဟူး'လို လူမျိုးနှင့်လည်း ရင်းရင်းနှီးနှီးနေသည်။ ဘာသာရေးဆိုင်ရာသင်တန်းများကို ပို့ချပေးပါဆိုလျှင် သူက အပြင်းအထန်ငြင်းဆန်နေတတ်သည်။ အမှန်မှာ စမစ်က ရှေးရိုးဆန်လွန်းခြင်းကိုမကြိုက်။ သူက လွတ်လွတ်လပ်လပ် ပျော်ပျော်ပါးပါးနေလိုသူဖြစ်သည်။ ညနေပိုင်းတွင် ကစားခုန်စားပြုလုပ်သည်။ ညဘက်တွင် မိတ်ဆွေများနှင့် စုပေါင်းဆွေးနွေးသည်။ နေ့ဘက်တွင် တပည့်များအား စာပေပို့ချပေးသည်။ သည်တော့ တပည့်များကလည်း သူ့ကိုချစ်သည်။

ပြုမူနေထိုင်ပုံ ထူးခြားရုံမျှမက ပညာတော်သော စမစ်သည် ၁၇၅၉ ခုနှစ်တွင် "စာရိတ္တဆိုင်ရာအတွေးအခေါ်များ" ဟူသော ကျမ်းတစ်စောင်ကို ထုတ်ဝေခဲ့သည်။ ထိုစာအုပ်ထဲတွင် စမစ်က အတ္တကြီးမားသောလူများထံမှ ပရဟိတစိတ်များထွက်ပေါ်လာပုံကို ဆွေးနွေးထားသည်။


ပညာရဲရင့်သည့်စမစ်သည် မြို့စားလေးတစ်ပါး၏ ကြီးတော်အဖြစ် ခန့်အပ်ခြင်းခံရသည်။ ထိုမြို့စားလေး ဥရောပတိုက်သို့ အလည်သွားသောအခါ စမစ်လိုက်သွားရသည်။ ပြင်သစ်ပြည်သို့ရောက်သောအခါ စမစ်သည် ဘောဂဗေဒပါရဂူ၊ ဒဿနိကပါရဂူ၊ နိုင်ငံရေးသုခမိန် အစရှိသူတို့နှင့် တွေ့ဆုံခွင့်ရခဲ့သည်။ မြို့စားလေးနှင့် လမ်းခွဲပြီးနောက် ၁၇၆၆ ခုနှစ်တွင် စမစ်သည် မွေးရပ်မြေ ကတ်ကယ်(လ်)ဒီးသို့ ပြန်နေခဲ့သည်။ မွေးရပ်မြေတွင် နေရင်း ပျင်းသည့်အခါများတွင် လန်ဒန်သို့သွားကာ ပညာရှင်များနှင့်ဆွေးနွေးသည်။ သူနှင့်ရင်းနှီးသော ပညာရှင်များထဲတွင် ဆာဝေါလ်တာစကော့၊ ဒေါက်တာဆယ်မြူယယ်လွန်ဆင်တို့ ပါဝင်သည်။

၁၇၆၉ ခုနှစ်တွင် စမစ်သည် စာအုပ်တစ်အုပ်ကို စတင်ရေးသားသည်။ ရေးသည်ဆိုခြင်းထက် နှုတ်တိုက်ချပေးသည်ဆိုက ပို၍မှန်လိမ့်မည်။ စမစ်သည် မီးလင်းဖိုကြီးနား ရပ်ကာ နံရံကိုခေါင်းမှီရင်း နှုတ်တိုက်ချပေးသည်။ သူပြောသည်ကို ရေးသူကမီအောင်လိုက်ရေးရသည်။ စိတ်ထက်သန်လာလျှင် နံရံကို ခေါင်းနှင့်ပွတ်တိုက်နေတတ်သေးသည်။ ကြာတော့ နံရံမှာ ခေါင်းလိမ်းဆီရာအကွက်ကြီး ထင်နေတော့သည်။ သူရေးသည့် စာအုပ်အမည်က "နိုင်ငံတို့၏ ဥစ္စာဓနေ" (Wealth Of Nations) ဖြစ်သည်။

### မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)

သူ့စာအုပ်သည် သူ့ခေတ်တွင် ထင်ရှားကျော်ကြားလှသည်။ ထိုစာအုပ်ကြောင့်ပင် စမစ်သည်လည်း ထင်ရှားကျော်ကြားသည့် အတွေးအခေါ်ပညာရှင်တစ်ဦးဖြစ်လာခဲ့သည်။ သူ့စာအုပ်ကို ဝေဖန်ရေးဆရာတစ်ယောက်က ဥရောပတိုက်၏ ယဉ်ကျေးမှုနှင့် သမိုင်းစစ်တမ်းဟု အမည်ပေးသည်။ ဤစာအုပ်တွင် စမစ်က ငွေကြေးစတင်ပေါ်ပေါက်လာပုံ၊ အလုပ်တာဝန်ခွဲဝေပုံ၊ ကုန်ပစ္စည်းဈေးနှုန်း၊ လုပ်ခ၊ စတော့တို့၏ အမြတ်အစွန်း၊ မြေငှားခ၊ ငွေ၏တန်ဖိုး၊ ကုန်ထုတ်များသည့်အလုပ်၊ ကုန်ထုတ်နည်းသည့်အလုပ် စသည်တို့ကို ဆွေးနွေးတင်ပြထားသည်။ ထို့ပြင် ရောမအင်ပါယာပြိုလဲပြီးနောက် ဥရောပတိုက်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပုံ၊ ဥရောပတိုင်းပြည်တို့မှ ကိုလိုနီဝါဒ၊ ဘုရင်၏အခွန်အတုတ်၊ သမိုင်းဦးဘုံမြေခေတ်မှ ကာကွယ်ရေးစနစ်၊ တရားဥပဒေစနစ်၊ စစ်တပ်များဖွဲ့စည်းပုံ၊ အလယ်ခေတ်၏ ပညာရေးသမိုင်း၊ ဘုရားရှိခိုးကျောင်းများ၏ တန်ခိုးထွားလာပုံ၊ အခွန်အတုတ်ကောက်ခံပုံ စသည်တို့ကို တင်ပြဆွေးနွေးထားသည်။

အဒမ်စမစ်သည် ငွေကြေးနှင့်ပတ်သက်သော အယူအဆ၊ ကုန်ဈေးနှုန်းနှင့်ပတ်သက်သော အယူအဆတို့တွင် များစွာခေတ်ရှေ့ပြေးခဲ့သည်။ ။



(ဆက်လက်ဖော်ပြပါမည်)

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၁၅-၂-၂၀၂၃ ရက်မှအဆက်

"ဒါတော့သူငယ်ချင်းရာ၊ အခြေအနေအရ ခုလို ခဏဖြစ်ရတာ အားလျော့စရာတော့မရှိပါဘူး။ အခြေအနေတစ်ရပ်ဟာ ခုလို အမြဲတမ်းဖြစ်နေမှာမှ မဟုတ်ဘဲကွာ။ ပြီးတော့ သူငယ်ချင်းက ဉာဏ်ကောင်းတဲ့လူပါ။ ကိုယ့်ဟာကိုယ် အလွတ်လေ့လာဆည်းပူးပြီး မက်ထရစ်ဝင်ဖြေရင်တောင် အောင်နိုင်ပါတယ်ကွာ"

"အေးပေါ့ကွာ၊ ဉာဏ်ကောင်းတယ်ရယ်လို့တော့ မဟုတ်ဘူးပေါ့။ ဒီလိုပဲ ကိုယ့်ထက်သိတဲ့လူ၊ တတ်တဲ့လူတွေဆီ မေးမြန်းလေ့လာနေရတာပဲ။ စနစ်တကျတော့ ဘယ်ရှိမလဲ"

ကိုအေးဆွေက ဝမ်းနည်းသံဖြင့် ပြောရှာသည်။

"ဒါတော့လည်း ဒါပေါ့ကွာ။ မင်းတတ်နိုင်ရင် မက်စ်နဲ့ အင်္ဂလိပ်ကို ဒီမှာလာပြီး ကျူရှင်လိုက်ပါလား သူငယ်ချင်း"

လှကြည်ကမူ သူ့သူငယ်ချင်းအား ဖြစ်စေချင်သည့်ဆန္ဒဖြင့် တိုက်တွန်းနေသည်။ ဤမျှအထိပင် လှကြည်က ကိုအေးဆွေ၏ဘဝကို မရိပ်မိရှာ။

"သူငယ်ချင်းရာ ဘယ့်နှယ်ပြောပါလိမ့်။ နေချင်တာပေါ့။ ဒါပေမဲ့ မတတ်နိုင်တဲ့အခြေအနေမျိုး မဟုတ်လား။ ဒီတော့ကွာ မင်းဆီက တစ်ခုတော့ ငါ အကူအညီတောင်းချင်တယ်"

ကိုအေးဆွေက လှကြည်၏မျက်နှာကို အကဲခတ်ရင်း ပြောလိုက်၏။

"ဘာကိုလဲ"

"ဩော်၊ မင်းရဲ့ မှတ်စုသင်ခန်းစာတွေကိုပေါ့"

"ဒါများ ပြောနေရသေးသလား အေးဆွေရာ။ အချိန်မရွေးလာယူပေါ့ကွ။ အိမ်မှာပဲလာယူယူ၊ ကျောင်းမှာပဲလာယူယူ၊ မင်းလိုချင်တာယူနိုင်ပါတယ်ကွာ။ ကဲပါ ဒါတွေဘေးချိတ်ထားစမ်းပါ။ ဒီကိစ္စက အကြောင်းမဟုတ်ပါဘူး။ မင်း မင်းခင်သန်းငွေးလေ"

လှကြည်သည် သူ့စကားကို ဖြတ်လိုက်ကာ ကိုအေးဆွေအား အကဲခတ်သောအကြည့်မျိုးဖြင့် ကြည့်လိုက်ရင်း -

"အရင်နဲ့တော့မတူဘူးကွ။ ငါ အကဲခတ်မိတယ်။ တစ်ခါတစ်ခါမှာ မှိုင်မှိုင်နေတယ်။ တကယ်တော့ ဒီအရွယ်မှာ ဘာအတွက် စိတ်ညစ်စရာရှိသလဲ။ လူချမ်းသာသမီးတစ်ယောက်ပဲ။ ဧကန္တ မဟုတ်မှလွဲရော၊ သူကတော့ မင်းကိုလွမ်းပြီး အပူမိနေတယ်လို့ ထင်တာပဲ" ဟု ပြုံးဖြဲဖြဲနှင့် ကြည့်၍ ပြောလိုက်သည်။

"ဟာကွာ၊ မင်းကလဲ မဟုတ်တာ။ တို့က ရိုးရိုးခင်တာပါ"

"ရိုးရိုးခင်တာလား ဘာလားတော့မသိဘူး ကိုရင်၊ ငါမြင်တာ ထင်တာကို ပြောတာပဲ။ ကိုရင်တို့အဖြစ် ကိုရင်တို့သိမှာပေါ့" ဟု ပြောရင်းဆိုရင်း လှကြည်သည် စာသင်နေကြသော အဆောင်ခန်းမကြီးထဲသို့ ပြန်ဝင်သွားလေသည်။

ထိုအခါ ကိုအေးဆွေ၏မျက်စိထဲဝယ် ခင်သန်းငွေးအား သချ်ာပုစ္ဆာတစ်ခုခုကို တွက်ပြပေးရသည့် အခါတိုင်း "ရှင်းရဲ့လား"၊ "နားလည်ရဲ့လား"၊ "သဘောပေါက်ရဲ့လား" ဟု ပြောလိုက်တိုင်း ကြည်လင်လှပ၍ ဝင်းဝါနေသော မျက်နှာလေးတွင် စင်းနေသော နှာတံ၊ ဝိုင်းစက်တောက်ပနေသော မျက်လုံး၊ ထူထဲသောမျက်ခုံးနှင့် ကော့ထောင်နေသော မျက်တောင်ကြီးတို့ဖြင့် မိမိအား မော့၍ကြည့်လိုက်ကာ ရှေ့ဘက်တွင်ကျနေသော ကျစ်ဆံမြီးနှစ်ချောင်းကို နောက်ဘက်သို့ လက်ဖြင့်မတင်လိုက်ရင်း သူ၏ခေါင်းလေးကို ညိတ်ပြလျက် "သဘောပေါက်သွားပါပြီ" ဟု ပြောလိုက်သော ခင်သန်းငွေး၏ အသံက နားထဲတွင် ကြားယောင်လာသလို သူ၏ရုပ်သွင်ကလည်း ပေါ်လွင်လာတော့သည်။

သည်အခါ ကိုအေးဆွေ၏ရင်ထဲတွင် နွေးခနဲဖြစ်သွားကာ တလှိုက်လှိုက်ဖြစ်လာသည်။ စိတ်ထဲတွင်လည်း ဆွေးသလိုလို ဝမ်းနည်းသလိုလို ခံစားလာရတော့သည်။

[ ၉ ]

"မောင်အေးဆွေ၊ လာပါဦးကွယ့်"

ကိုအေးဆွေသည် အလွတ်ပညာသင် ကျောင်းအုပ်ဆရာကြီး ဦးလှဒင်၏အိမ်သို့ တစ်ရက်ခြား ရေစည်လာပို့နေကျအတိုင်း လာပို့ပြီးလျှင် ပြန်၍လှည်းမောင်းထွက်တော့မည်အပြုတွင် ဦးလှဒင်၏ လှမ်းခေါ်လိုက်ချက်ကြောင့် လှည်းပေါ်မှ ပြန်ဆင်းလာခဲ့လေသည်။

"ဒီနေ့ ရေဘယ်နှစည်လောက်တိုက်ရပြီလဲ"

ဆရာကြီး ဦးလှဒင်၏ ရှေ့သို့ရောက်၍ ထိုင်လိုက်လျှင်ပင် ဦးလှဒင်က မေးလိုက်၏။

"သုံးစည်ရှိသွားပါပြီ ဆရာကြီး"

"တော်ပြီလား၊ နောက်ထပ် တိုက်ရဦးမလား"

"နောက်ထပ် တစ်အိမ်ကိုတစ်စည်ပို့ပြီး တော်ပြီ ဆရာ၊ နေလည်းမြင့်လှပြီ"

ကိုအေးဆွေက သူ့နဖူးတွင် အနည်းငယ်စို့နေသော ချွေးပေါက်ကလေးများကို လက်ဖြင့် သပ်ယူချလိုက်ရင်း ပြောလိုက်သည်။

"ဒါနဲ့ နေပါဦးကွယ့်၊ တစ်နေ့မှာ ရေဘယ်နှစည်လောက်တိုက်ရသလဲ"

"ဒါကတော့ အမှန်မရှိပါဘူး ဆရာ။ မနက်ပိုင်းတွင် တိုက်ရင် လေးစည်ငါးစည်ပဲဆိုပါတော့။ ညနေပိုင်းရော တစ်ခေါက်ပြန်လာပြီးတိုက်ရင် တစ်နေ့မှာ ခြောက်စည် ခုနစ်စည်လောက် တိုက်ရတယ်။ ဒါပေမဲ့ မနက်ပိုင်းပဲတိုက်ပါတယ် ဆရာ။ ဘာကြောင့်လဲဆိုတော့ ရွာနဲ့ ဒီကိုလာရတာက ဝေးတော့ လူကတော့ ကိစ္စ မရှိပါဘူး။ နွားက ဆင်းရဲလှပါတယ်။ ပြီးတော့ တခြားယာတို့ ဘာတို့ကလည်း မိုးဦးကျမို့ နွားရှင်က နည်းနည်းပါးပါး ထွန်သေးတယ် ဆရာ"

ဒါဖြင့် မင်းက လှည်းဦးစီးပေါ့"

"ဟုတ်ပါတယ် ဆရာ"

"ဒီလိုဆိုရင် တစ်နေ့မှာ ဝင်ငွေဘယ်လောက်ရှိသလဲ"

"ဆရာလည်း သိတဲ့အတိုင်းပဲ။ မိုးတွင်းရောက်လာပြီဆိုတော့ ရေက ပေါလာပြီမဟုတ်လား။ ကြားပေါက်ယူတဲ့လူကိုသာ တစ်စည်ငါးမူးနဲ့ ရောင်းရပြီး အမြဲတမ်းရေယူနေတဲ့ အိမ်တွေကျတော့ တစ်ကျပ်ဖိုး သုံးစည်ပေးရတယ်။ ဒီတော့ တစ်နေ့ရဲ့ ပျမ်းမျှဝင်ငွေဟာ တစ်ကျပ်ခွဲ နှစ်ကျပ်ပေါ့။ ဒါကို လှည်းနွားရှင်နဲ့ တစ်ဝက်စီခွဲယူရတော့ ကိုယ့်တွက် တစ်နေ့မှာ သုံးမတ် တစ်ကျပ်တော့ ဝင်ငွေရှိတယ်လို့ ဆိုပါတော့၊ ဒါနဲ့ဆရာ၊ မကြာခင် ရေဘုံပိုင်တွေ ဘာတွေတောင် မြို့ထဲထိအောင် တပ်ဆင်ပေးတော့ မယ်လို့ ကြားနေပါလား"

အများက အိမ်တိုင်ရာရောက် ရေရောက်လာမည်ကို ဝမ်းသာနေကြမည်ဖြစ်သော်လည်း ကိုအေးဆွေကမူ သူ့ဘဝအခြေအနေအရ သူ့အတွက် အနည်းနှင့်အများဆိုသလို ရေဝယ်မည့်သူ နည်းပါးသွားမည်ကို အနည်းငယ်စိုးရိမ်သွားသလိုဖြင့် ဆရာကြီးဦးလှဒင်အား မေးလိုက်၏။

"ကြားတော့ ကြားတာပဲကွာ။ ရုတ်တရက်တော့ မဖြစ်သေးဘူးနဲ့တူပါတယ်"

ထို့နောက်တော့ ဆရာကြီး ဦးလှဒင်သည် ရေဘုံပိုင်များ မြို့ထဲတွင်တပ်ဆင်လိုက်လျှင် ရေဝယ်အား နည်းသွားမည်ကို စိုးရိမ်ပူပန်နေရှာသော ကိုအေးဆွေ၏ဟန်ပန်ကို ကြည့်၍လည်းကောင်း၊ ကိုအေးဆွေ၏ တစ်စိတ်တစ်ဒေသသော ဘဝအခြေအနေကို ကြားသိရသောအခါတွင် လည်းကောင်း ပညာသင်ချင်ပါလျက်နှင့် မသင်နိုင်ရှာအားဘဲ မိမိအိမ်ထောင်စု၏ စားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းက ကူညီရှာကြံပေးနေသော ကိုအေးဆွေ၏ဘဝအား သနားကြင်နာလာသည်။ မသန်စွမ်းသည့် ဖခင်ကြီးအား ညှာတာထောက်ထားသော စိတ်ထားမျိုးရှိသည့် သားလိမ္မာတစ်ဦးအဖြစ်လည်း ဆရာကြီး ဦးလှဒင်က မြင်လာသည်။

"ဆရာကြီး ဦးလှဒင်သည် ရေဘုံပိုင်များ မြို့ထဲတွင်တပ်ဆင်လိုက်လျှင် ရေဝယ်အား နည်းသွားမည်ကို စိုးရိမ်ပူပန်နေရှာသော ကိုအေးဆွေ၏ဟန်ပန်ကို ကြည့်၍လည်းကောင်း၊ ကိုအေးဆွေ၏ တစ်စိတ်တစ်ဒေသသော ဘဝအခြေအနေကို ကြားသိရသောအခါတွင်လည်းကောင်း ပညာသင်ချင်ပါလျက်နှင့် မသင်နိုင်ရှာအားဘဲ မိမိအိမ်ထောင်စု၏ စားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းက ကူညီရှာကြံပေးနေသော ကိုအေးဆွေ၏ဘဝအား သနားကြင်နာလာသည်။ မသန်စွမ်းသည့်ဖခင်ကြီးအား ညှာတာထောက်ထားသော စိတ်ထားမျိုးရှိသည့် သားလိမ္မာတစ်ဦးအဖြစ်လည်း ဆရာကြီးဦးလှဒင်က . . ."

နောက်ပြီး မောင်လှကြည်၏ ပြောပြချက်အရ မောင်အေးဆွေသည် ဉာဏ်ကောင်းလှသည်ဟု ဆိုသည်။ သည်လိုဉာဏ်ကောင်း၍ ထက်မြက်သော ရုပ်လက္ခဏာမျိုးရှိသည့် သည်လိုလူငယ်တစ်ယောက်အား မိမိတတ်နိုင်သည့်ဘက်က မြေတောင်မြှောက်ပေးရလျှင် တိုင်းပြည်အတွက် နောင်တစ်ချိန်တွင် အကျိုးရှိနိုင်သလို သူ့မိသားစု အိမ်ထောင်စုအတွက်လည်း ကြီးပွားနိုင်ပေမည်ဟု ဆရာကြီး ဦးလှဒင်က စဉ်းစားလာမိသည်။

"ကဲ ကဲ မောင်အေးဆွေ၊ မင်းဘဝအခြေအနေအားလုံးကိုတော့ မနေ့က မောင်လှကြည်ပြောပြသွားလို့ အားလုံးသိပြီးပါပြီကွာ။ ဒီတော့ မင်းအလွန်လိုလားတောင့်တနေတဲ့ ပညာရေးအတွက် ဆရာ့တာဝန်ထားပါ။ မင်းအားလပ်တဲ့အချိန်ပိုင်းမှာ ဆရာ့ဆီလာပြီးတော့ သင်လှည့်ပေါ့။ ဘာသာစုံပဲ သင်သင်၊ လိုချင်တဲ့ဘာသာကိုပဲ ရွေးသင်သင်၊ သင်ချင်တဲ့ဘာသာကို အချိန်မရွေး လာသင်နိုင်ပါတယ်။ အဲဒါ မောင်အေးဆွေကို ဆရာ မြင်မြင်ချင်း ခင်မင်လွန်းလို့ စေတနာအလျောက် သင်ပေးတာနော်၊ ကြားလား။ ပိုက်ဆံ တစ်ပြားမှပေးစရာမလိုဘူး"

ကိုအေးဆွေသည် ဆရာကြီး ဦးလှဒင်ထံမှ မမျှော်လင့်သောစကားများကို ဒီကဲ့သို့ ရုတ်တရက် ကြားသိလိုက်ရသောအခါတွင်မူ အံ့အားသင့်ဝမ်းသာလိုက်သည်မှာ ပြောစရာပင် မရှိတော့ပေ။ ဝမ်းသာမှု၏ ခံစားချက်ကိုလည်း မည်ကဲ့သို့အကောင်အထည်ဖော်ရမှန်းပင် မသိနိုင်အောင် ဖြစ်သွားလျက် မျက်ရည်များပင် ဝဲလာရှာတော့သည်။ ထို့ကြောင့်လည်း သူ၏နှုတ်ခမ်းကလေးများသည် သူ့ရင်တွင်း၏ လှုပ်ရှားနေမှုကြောင့် တဆတ်ဆတ် တုန်နေရှာတော့သည်။

"ဝမ်းသာလိုက်တာဆရာ"

ကိုအေးဆွေသည် ကလိုင်ထနေသောအသံကြီးဖြင့် ဒါပဲပြောနိုင်တော့ကာ ဆရာကြီးဦးလှဒင်အား ထိုင်၍ကန်တော့နေခြင်းဖြင့်သာ သူ၏ ဝမ်းသာနေမှုကို ပြနေတော့သည်။

x

ထိုအချိန်မှစ၍ ကိုအေးဆွေသည် ဆရာကြီး ဦးလှဒင်၏ အလွတ်ပညာသင်ကျောင်းသို့ ညပိုင်းတွင် သွားရောက်ကျောင်းတက်လေသည်။

ဆရာကြီး ဦးလှဒင်၏ စေတနာ၊ မေတ္တာများကို သိလာရသောအခါ ကိုအေးဆွေကလည်း ပြန်လည်တုံ့ပြန်သောအားဖြင့် ရေအတွက် လုံးဝတာဝန်ယူကာ ကန်တော့လေသည်။ ဆရာကတော်က ထုတ်ပေးသည့် ရေဖိုးများကိုလည်း မည်သည့်အခါမျှ မယူတော့ချေ။

ဤသို့ ကိုအေးဆွေ၏ အလိုက်သိတတ်မှုကို ဆရာကြီး ဦးလှဒင်က သိသောအခါ လက်မခံဘဲ ဇွတ်ပင် အယူခိုင်းလေသည်။ သို့ပေမင့်လည်း ကိုအေးဆွေက မယူပါချေ။

ထိုအခါ ဆရာကြီး ဦးလှဒင်သည် ချို့တဲ့သော်လည်း ကျေးဇူးသိတတ်သော ကိုအေးဆွေ၏ဘဝကို ပို၍ကြင်နာလာသည်။ ထို့ကြောင့်လည်း စားအိမ်သောက်အိမ်အဖြစ် ဖန်တီးစေကာ အတင်းကျွေးမွေးလေသည်။ ဒါတွင်မက ကျောင်းသင်ခန်းစာနှင့်ဆိုင်သော စာအုပ်စာတမ်းများနှင့် မင်ကိုပါ လိုလေသေးမရှိအောင် အတင်းထုတ်ပေးလေသည်။

ဤလိုဖြင့် ကိုအေးဆွေသည် ဆရာကြီး ဦးလှဒင်၏ အရင်းကျဆုံးသော တပည့်တစ်ဦးဖြစ်သွားကာ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို အောင်မြင်ခဲ့လေသည်။

ဆက်လက်ဖော်ပြပါမည်။

ဆရာမောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

စာတည်း

# အိုဆာဆူနာအသင်းကို အနိုင်ရပြီး ဇယားထိပ်က ဘာစီလိုနာအသင်းနဲ့ ရမှတ်ကွာဟမှု ကျဉ်းမြောင်းလာတဲ့ ရီးယဲလ်မက်ဒရစ်အသင်း



အိုဆာဆူနာအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ ဖေဖော်ဝါရီ ၁၈ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ စပိန်လာလီဂါပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းက နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားထိပ်က ဘာစီလိုနာအသင်းနဲ့ ရမှတ်ကွာဟမှု ကျဉ်းမြောင်းသွားပြီ ဖြစ်ပါတယ်။

အိုဆာဆူနာအသင်းနဲ့ ပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးတွေကို ဒုတိယပိုင်း ပွဲကစားချိန် ၇၈ မိနစ်မှာ ဗယ်လ်ဗာဒီနဲ့ နာကျင်အချိန်ပိုနှစ်မိနစ်မှာ အဆန်စီယိုတို့က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူပေးခဲ့တဲ့ ဗယ်လ်ဗာဒီဟာ အခုဘောလုံးရာသီမှာ လာလီဂါသွင်းဂိုး ခုနစ်ဂိုးရှိသွားခဲ့ပြီ ဖြစ်ပါတယ်။ ရီးယဲလ်မက်ဒရစ်အသင်းအနေနဲ့ အိုဆာဆူနာအသင်းကို အနိုင်ရရှိခဲ့လို့ အမှတ်ပေးဇယားထိပ်ဆုံးက ဘာစီလိုနာအသင်းနဲ့ ရမှတ်ငါးမှတ်သာ ကွာဟတော့ပြီး လာလီဂါပွဲစဉ်၂၂ မကစားရသေးမီ ဘာစီလိုနာအသင်းက ရမှတ် ၅၆ မှတ်၊ ရီးယဲလ်မက်ဒရစ် အသင်းက ရမှတ် ၅၁ မှတ်ရရှိထားတာ ဖြစ်ပါတယ်။

## ဘောလုံးလောကသတင်းတိုများ

- စပါးအသင်းက ရီးယဲလ်မက်ဒရစ်အသင်းမှ ဂျာမနီနောက်တန်းကစားသမား အန်တိုနီယိုရူဒီဂျာကို နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ စာချုပ်ချုပ်ဆိုခေါ်ယူသွားဖို့ စိတ်ဝင်စားလျက်ရှိတယ်လို့ သိရပါတယ်။
- မန်ယူအသင်းက အသက် ၃၂ နှစ်အရွယ် စပိန်ဂိုးသမား ဒီဂီယာကို အိုးထရက်ဖို့ဒ်မှာ ဆက်ရှိနေစေရေး တစ်ပတ်လုပ်ခပေါင် ၂၅၀၀၀၀ အထိတိုးမြှင့်ပေးရန် ဆန္ဒရှိနေကြောင်း သိရပါတယ်။
- မန်စီးတီးအသင်းက အာဂျင်တီးနားနောက်တန်းကစားသမား ဂျူလီယန်အယ်လ်ဗာရက်ဇ်ကို စာချုပ်သစ် ချုပ်ဆိုရေး ဆွေးနွေးသွားဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။
- အက်စ်တွန်ဗီလာအသင်းက ရိုးမားအသင်းမှ အင်္ဂလန်တိုက်စစ်မှူး အေဘရာဟမ်ကို နွေရာသီဈေးကွက်အတွင်း ခေါ်ယူသွားဖို့ စိတ်ဝင်စားလျက်ရှိတယ်လို့ သိရပါတယ်။




နယူးကာဆယ်အသင်း ဂိုးသမားနစ်ပုပ်ဟာ ဖေဖော်ဝါရီ ၁၈ ရက်ညပိုင်းက လီဗာပူးအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ အနီကတ်ပြထုတ်ပယ်ခံခဲ့ရတာကြောင့် မန်ယူအသင်းနဲ့ ကစားမယ့် အီးအက်ဖ်အယ်လ်ဖလားနောက်ဆုံး ဗိုလ်လုပွဲစဉ်နဲ့ လွဲချော်တော့မှာ ဖြစ်ပါတယ်။

ဂိုးသမားနစ်ပုပ်ဟာ လီဗာပူးအသင်းနဲ့ ပွဲစဉ်၌ ပွဲကစားချိန် ၂၂ မိနစ်မှာ လီဗာပူးအသင်း တိုက်စစ်မှူး မိုဟာမက်ဆာလာ ရရှိလာတဲ့ဘောလုံးကို ဂိုးဧရိယာအပြင်ဘက်မှာ လက်နဲ့ ဟန့်တားခဲ့တာကြောင့် တိုက်ရိုက်အနီကတ်ပြထုတ်ပယ်ခံခဲ့ရတာဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ နယူးကာဆယ်အသင်းက လီဗာပူးအသင်းကို နှစ်ဂိုး–ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ နယူးကာဆယ်အသင်းဟာ အီးအက်ဖ်အယ်လ်ဖလားနောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် ဖေဖော်ဝါရီ ၂၆ ရက်မှာ ဝင်ဘလေကွင်းမှာ မန်ယူအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။

## စတမ်းဖို့ဒ်ဘရစ်ချ်မှာ ဇယားအောက်ဆုံးက ဆောက်သမ်တန်ကို ရှုံးနိမ့်ခဲ့တဲ့ ချယ်လ်ဆီး

နည်းပြဂရေဟမ်ပေါ်တာရဲ့ ချယ်လ်ဆီးအသင်းဟာ ဖေဖော်ဝါရီ ၁၈ ရက်ညပိုင်းက ဆောက်သမ်တန်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ ဆောက်သမ်တန်အသင်းကို တစ်ဂိုး–ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ချယ်လ်ဆီးအသင်းက အိမ်ကွင်းစတမ်းဖို့ဒ်ဘရစ်ချ်မှာ ယှဉ်ပြိုင်ကစားခဲ့ရတာဖြစ်ပေမယ့် ပရီမီယာလိဂ် အမှတ်ပေးဇယား အောက်ဆုံးက ဆောက်သမ်တန်အသင်းကို ပထမပိုင်း ပွဲကစားချိန် ၄၅ မိနစ်မှာ ခွင့်ပြုပေးလိုက်ရတဲ့ ဝက်ပရောင်းရဲ့ တစ်လုံးတည်းသော သွင်းဂိုးနဲ့ ရှုံးနိမ့်ခဲ့ရတာ ဖြစ်ပါတယ်။

### ငါးပွဲမြောက်ရှုံးပွဲ

အခုလို ဆောက်သမ်တန်အသင်းကို ရှုံးနိမ့်ခဲ့ခြင်းဟာ ချယ်လ်ဆီးအသင်းအတွက် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ပြိုင်ပွဲစုံ ၁၄ ပွဲမှာ နှစ်ပွဲသာလျှင် အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့တဲ့ မှတ်တမ်းဆိုးတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ရတာလည်း ဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းအတွက် ၂၀၂၃ ခုနှစ်အတွင်း ငါးပွဲမြောက် ရှုံးပွဲလည်း ဖြစ်ပါတယ်။



ဆောက်သမ်တန် အသင်းကတော့ အခုလိုအနိုင်ရရှိခဲ့ခြင်းဟာ ၃၅ နှစ်တာကာလအတွင်း ချယ်လ်ဆီးအသင်းကို ပရီမီယာလိဂ်နှစ်ကျော့စလုံး အနိုင်ရရှိခဲ့တဲ့ မှတ်တမ်းတစ်ရပ်စိုက်ထူနိုင်ခဲ့ပြီး ၁၉၈၈ ခုနှစ်က စတမ်းဖို့ဒ်ဘရစ်ချ်မှာ ဆောက်သမ်တန်အသင်းက ချယ်လ်ဆီးအသင်းကို တစ်ဂိုး–ဂိုးမရှိနဲ့ နောက်ဆုံးအနိုင်ရရှိခဲ့ဖူးတာ ဖြစ်ပါတယ်။

### အဆင့် ၁၀ နေရာမှာ ရပ်တည်နေ

ဆောက်သမ်တန်အသင်း အနေနဲ့ ချယ်လ်ဆီးအသင်းကို အနိုင်ရရှိခဲ့ပေမယ့် ပရီမီယာလိဂ်ပွဲစဉ် ၂၃ ပွဲကစားပြီးချိန်မှာ ရမှတ် ၁၈ မှတ်သာ စုဆောင်းနိုင်ခဲ့လို့ ဇယားအောက်ဆုံးမှာပဲ ဆက်လက်ရပ်တည်ခွင့်ရရှိခဲ့ပြီး ချယ်လ်ဆီးအသင်းကလည်း ကစားဖို့ ၁၅ ပွဲအလိုမှာ အမှတ်ပေးဇယားအဆင့် ၁၀ နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

# ဦးဆောင်ဂိုးကို ဆက်မထိန်းနိုင်ခဲ့လို့ ဇယားထိပ်ဦးဆောင်နိုင်မယ့်အခွင့်အရေးနဲ့ လွဲခဲ့ရတဲ့ မန်စီးတီး

လက်ရှိပရီမီယာလိဂ်ချန်ပီယံ မန်စီးတီးအသင်းဟာ ပရီမီယာလိဂ်ပွဲစဉ်(၂၄)အဖြစ် ဖေဖော်ဝါရီ ၁၈ ရက်ညပိုင်းက နော့တင်ဟမ်ဖောရက်စ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရပြီး အဲဒီပွဲစဉ်မှာ ဦးဆောင်ဂိုး စတင်သွင်းယူနိုင်ခဲ့ပေမယ့် ချေပဂိုးပြန်လည်ခွင့်ပြုပေးလိုက်ရတာကြောင့် အမှတ်ပေးဇယားဦးဆောင်နိုင်မယ့် အခွင့်အရေးနဲ့ လွဲခဲ့ရပါတယ်။


### သရေရလဒ်ထွက်ပေါ်

အဲဒီပွဲစဉ်မှာ မန်စီးတီးအသင်းက ပထမပိုင်း ပွဲကစားချိန် ၄၁ မိနစ်မှာ ဘာနာဒိုဆေးလ်ဗားရဲ့ သွင်းဂိုးနဲ့ အဝေးကွင်းမှာ ဦးဆောင်ကစားနိုင်ခဲ့ပြီး ဒုတိယပိုင်းပွဲကစားချိန် ၈၄ မိနစ်မှာ နော့တင်ဟမ်ဖောရက်စ်အသင်းကို ချေပဂိုးပြန်လည်ခွင့်ပြုပေးလိုက်ရကာ တစ်ဖက်တစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

နော့တင်ဟမ်ဖောရက်စ်အသင်းနဲ့ မန်စီးတီးအသင်းတို့ ယှဉ်ပြိုင်မကစားမီ အာဆင်နယ်အသင်းက အက်စတွန်ဗီလာအသင်းကို လေးဂိုး–နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့လို့ အာဆင်နယ်အသင်းက အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့ပြီး မန်စီးတီးအသင်း အနိုင်ရရှိခဲ့မယ်ဆိုရင် ဇယားထိပ်ကို တက်လှမ်းခွင့်ရရှိမှာ ဖြစ်ပါတယ်။

### ဇယားထိပ်မှာ ဦးဆောင်ခွင့်ရရှိခဲ့

ဒါပေမဲ့ မန်စီးတီးအသင်းဟာ သရေတစ်မှတ်သာ ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ် ၂၄ ပွဲကစားပြီးချိန်မှာ ရမှတ် ၅၂ မှတ်ရရှိခဲ့ကာ အာဆင်နယ်အသင်းက ပွဲစဉ် ၂၃ ပွဲကစားပြီးချိန်မှာ ရမှတ် ၅၄ မှတ်ရရှိခဲ့လို့ အာဆင်နယ်အသင်းက မန်စီးတီးအသင်းကို နှစ်မှတ်ဖြတ်ကာ ဇယားထိပ်မှာ ဦးဆောင်ခွင့် ရရှိခဲ့တာဖြစ်ပါတယ်။








**ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန် ကြေညာခြင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အေးရိပ်သာ(၂)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ မြေကွက်အမှတ်(၆၄၁)၊ ပေ(၄၀x၆၀)၊ ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်ထားသူ ဒေါ်ဝင်းကြည်[၉/တသန(နိုင်)၀၀၅၇၄၇]ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ကုမုဒြာ
(LL.B,D.B.L,D.I.L,IDCS)
တရားလွှတ်တော်ရှေ့နေ(စဥ်-၁၄၈၉၉)
ဖုန်း-၀၉-၄၂၀၀၉၉၆၅၆



**"ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း"**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီမြောက်ရပ်ကွက်၊ မြေနီကုန်းဈေးလမ်း၊ အမှတ်(၆၀)၊ (၂/ဘီ)၊ ဒုတိယထပ်၊ (အလျား၂၀ပေx အနံ၆၀ပေ)ရေမီးအပြည့်အစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင်သူ ဒေါ်မြဝတ်ရည်လွင်[၆/ကသန(နိုင်)၀၄၄၄၃၆]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေ ဒေါ်တင်တင်အေး[၁၂/သဃက(နိုင်)၁၄၃၀၂၉]မှ ရောင်းချသူများအား စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်းရောင်းချခြင်းကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက နှစ်ဦးသဘောတူတိုက်ခန်း အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်တင်တင်အေး၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးအေးသက်
LL.B, D.B.L, D.M.L, D.I.R, Dip in English
တရားလွှတ်တော်ရှေ့နေ(စဥ်-၁၂၅၈၆)
အမှတ်(၁၉)၊ ရှမ်းကုန်းလမ်း၊ မြေနီ/မြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၈၆၁၄၈



**သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

တောင်ဥက္ကလာပမြို့နယ်၊ ၁၅ ရပ်ကွက်၊ မြင်သာ(၁)လမ်း၊ အိမ်အမှတ် ၄/ခ နေ ဦးဝင်းသိန်း-ဒေါ်ငွေးကြည်တို့၏ တတိယမြောက်သမီးဖြစ်သူ မကေသီစိုးသည် မိဘအပေါ် စိတ်ဒုက္ခများစွာပေး၍ ၁၈-၂-၂၀၂၃ ရက်တွင် နေအိမ်မှထွက်သွားပါသဖြင့် ထွက်သွားသည့်နေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ **ဦးဝင်းသိန်း-ဒေါ်ငွေးကြည်**


## ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များ ဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

○ ကျောဖုံးမှ

လည်းကောင်း၊ ရန်ကင်းပညာရေး ဒီဂရီကောလိပ်အသင်းက မန္တလေးပညာရေးဒီဂရီကောလိပ်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ဝဏ္ဏသိဒ္ဓိအားကစားကွင်း(B)ရုံတွင် ကျင်းပသည့် အမျိုးသမီးဘော်လီဘော ဆီမီးဖိုင်နယ်ပွဲစဉ်တွင် လားရှိုးပညာရေးဒီဂရီကောလိပ်အသင်းက မြောင်းမြပညာရေးဒီဂရီကောလိပ်အသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ တောင်ကြီးပညာရေးဒီဂရီကောလိပ်အသင်းက ထားဝယ်ပညာရေးဒီဂရီကောလိပ်အသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း အနိုင်ရရှိကြပြီး အမျိုးသားဘော်လီဘော ဆီမီးဖိုင်နယ်ပွဲစဉ်တွင် မိတ္ထီလာပညာရေးဒီဂရီကောလိပ်အသင်းက သဃ်န်းကျွန်းပညာရေးဒီဂရီကောလိပ်အသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိကြကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားကြပြီဖြစ်သည်။

အမျိုးသားဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် မိတ္ထီလာပညာရေးဒီဂရီကောလိပ်အသင်းက ပုသိမ်ပညာရေးဒီဂရီကောလိပ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ ဘားအံပညာရေးဒီဂရီကောလိပ်အသင်းက မကွေးပညာရေးဒီဂရီကောလိပ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိကြကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက်ပိုင်းမှ စတင်ကစားရာ ရန်ကုန်ဇုန်အသင်းက ပုသိမ်ဇုန်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ မြစ်ကြီးနားဇုန်အသင်းက ဒဂုံဇုန်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အနိုင်ရရှိကြသည်။

ဖေဖော်ဝါရီ ၂၀ ရက်တွင် ဆရာအတတ်ပညာ ဦးစီးဌာန ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲမှ ပြေးခုန်ပစ်ပြိုင်ပွဲများနှင့် ဘော်လီဘော(အမျိုးသား၊ အမျိုးသမီး) တတိယနေရာလုပွဲ ပွဲစဉ်များကို လည်းကောင်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲမှ အုပ်စုပွဲစဉ်များကို လည်းကောင်း ဆက်လက်ယှဉ်ပြိုင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ **ရန်ကုန်တိုင်းဒေသကြီးမှ**

ရန်ကုန်တိုင်းဒေသကြီးအတွင်း နိုင်ငံတော်မှ တည်ဆောက်ထားသော ရေလှောင်တမံ ကိုးခု၊ ရေဘေးကာကွယ်ရေးနှင့် ရေငန်တားတမံ ၄၉ ခု၊ ရေထိန်းတံခါး ၁၆၀ နှင့် လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ၂၂ ခုတို့ဖြင့် စိုက်ပျိုးရေလိုအပ်ချိန်တွင် ရေပေးဝေလျက်ရှိပြီး ငမိုးရိပ်ရေလှောင်တမံ၊ တဘူးလှရေလှောင်တမံ၊ ပေါင်းလောင်းရေလှောင်တမံ၊ မဟူရာရေလှောင်တမံ၊ လဂွင်းပြင်ရေလှောင်တမံ၊ ဘန့်ဘွေးကုန်းရေလှောင်တမံ၊ ကလီထော်ရေလှောင်တမံနှင့် တောင်လုံးမြောင်ရေလှောင်တမံတို့မှ အကျိုးပြုဧကပေါင်း ၇၉၀၂၂ ဧက၊ တာတမံ ၄၉ ခုမှ အကျိုးပြုဧကပေါင်း ၃၅၀၁၄၄ဧက၊ ရေနုတ်မြောင်း ၈၉ ခုမှ အကျိုးပြုဧက ၃၅၇၅၅၀၊ ရေတံခါး ၁၆၀ မှ အကျိုးပြုဧက ၂၀၃၅၄၂ဧကနှင့် လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ၂၂ ခုမှ အကျိုးပြုဧက ၂၄၅၁၈ တို့ကို စိုက်ပျိုးရေရရှိရန် နှစ်စဉ် ဆောင်ရွက်ပေးလျက်ရှိသည်။

စိုက်ပျိုးရေးကဏ္ဍတွင် ဆည်ရေကို အကျိုးရှိစွာအသုံးပြုနိုင်ရန် ရေအသုံးချသူ တောင်သူများပါဝင်သော ဆည်ရေစီမံခန့်ခွဲသောစနစ်ကို အကောင်အထည်ဖော်မှုအနေဖြင့် တောင်သူ ၃၀၀၀ ကျော်အား ရေအသုံးချသူများအဖွဲ့ကို ဖွဲ့စည်းပေးပြီး တောင်သူများကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်တတ်သည့် အလေ့အထကောင်းများ ဖြစ်ပေါ်လာမှုမှ ပူးပေါင်းပါဝင်သည့် ဆည်မြောင်းစနစ်ကို ထူထောင်ကျင့်သုံးလျက်ရှိသည်။ ဆည်မြောင်းစနစ်ကို အသုံးပြုရာ၌ မြောင်းမကြီး၊ လက်တံမြောင်း(သို့မဟုတ်) လက်ခွဲမြောင်းများမှ တိုက်ရိုက်ရေပေးဝေပြီး လယ်ကြားမြောင်းများ၌ လယ်ရေသောက်ဧရိယာ ဧက ၁၀၀ တွင် ပါဝင်သော တောင်သူ ဦးရေ၅၀ အောက် တောင်သူများဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် နွေစပါးနှင့် ဆောင်းသီးနှံများ အောင်မြင်စွာစိုက်ပျိုးနိုင်ရန် ရေပေးဝေခြင်းနှင့် ရေရရှိရေးလုပ်ငန်းများ၊ ရန်ကုန်မြို့၊ သန်လျင်မြို့နယ်နှင့် ကျောက်တန်းမြို့နယ်တို့သို့ သောက်သုံးရေပေးဝေခြင်းလုပ်ငန်းများ၊ မိုးစပါးနှင့် ဒေသတွင်းရေကြီးနစ်မြုပ်မှု လျော့နည်းစေရေးလုပ်ငန်းများနှင့် ရေဘေးကာကွယ်ရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကာ ရေလှောင်တမံ၊ ရေတားတမံ၊ ရေထိန်းတံခါးနှင့် မြစ်ရေတင်လုပ်ငန်းများ ထိန်းသိမ်းပြုပြင်မှုတို့ကို နှစ်စဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**
**ဓာတ်ပုံ - ကနူး**

## ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာ စာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများ ပြုလုပ်ပြီး ဆယ်ကျော်သက်လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာ၊ ခေတ်မီအကြောင်းအရာများနှင့် ယခုလအတွက် ရေးသားသည့် "အဂတိကင်းကွာ ပြည်သာယာ"မျက်နှာဖုံး ဆောင်းပါးကြီးများပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် (ဖေဖော်ဝါရီလ)ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလထုတ် သုတပဒေသာနှင့်လူငယ်ရေးရာစာစောင်တွင် ဦးဟန်ညွန့်(ဥပဒေ)၊ K. M. A သန့်လွင်ထွန်း(MPA)တို့၏ "အဂတိကင်းကွာ ပြည်သာယာ"မျက်နှာဖုံး ဆောင်းပါးများ၊ ဒေါက်တာခင်မောင်ညို၊ ကောင်းသန့်၊ မောင်ဒီပ(ပညာရေး)၊ ညီညီဖေ၊ ညီမော်သိမ်း၊ ဝင်းထွဋ်ဦး၊ ထက်ဝေအောင်(စစ်ကိုင်း)၊ တွံဖက်ပါမောက္ခ ဦးလွင်မြင့် တို့၏ လူငယ်ရေးရာဆောင်းပါးများ၊ မောင်ပေါ်ထွန်း၏ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာဆောင်းပါး၊ အေးထွန်းမင်း၊ စန်းစန္ဒီဇော် (စာပေဗိမာန်)၊ ဆန်းသစ်အောင်(မဟာဝိဇ္ဇာ-အင်္ဂလိပ်ဘာသာစကား)တို့၏ နိုင်ငံတကာနှင့် ဒီမိုကရေစီဆိုင်ရာ ဆောင်းပါးများ၊ ဦးစိုင်းကျော်သူ၏ ရွေးကောက်ပွဲဆိုင်ရာ ဆောင်းပါး၊ မြသိန်း၊ ပါမောက္ခကိုကိုအောင်၊ လွဲလွဲဝင်း(သတ္တဗေဒ)တို့၏ သဘာဝပတ်ဝန်းကျင် ရှုထောင့်ဆိုင်ရာဆောင်းပါးများ၊ ဒေါက်တာမြင့်သန်းထွန်း(ပြည်သူ့ကျန်းမာရေး)၏ အကြမ်းဖက်မှုဆိုင်ရာ ဆောင်းပါး၊ စံမြတ်ဘုန်း(စစ်ကိုင်း)၊ ဒေါက်တာမြင့်သန်းတို့၏ မူးယစ်နှင့် ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ စောနိုင်(အသုံးချဘောဂဗေဒ)၊ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)တို့၏ စီးပွားရေးဆိုင်ရာ ဆောင်းပါးများ၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ နေ၊ စိုးစိုး(ပန်းတောင်း)၊ လင်းဆေး(၁)၊ ဆောင်းဝင်းလတ်၊ ကိုဇော်ငွေး(ယဉ်ကျေးမှု)၊ မော်(သန်လျင်) တို့၏ ကဗျာ၊ ဟာသ၊ ဝတ္ထုတို၊ ဖြစ်ရပ်မှန်နှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၃၅၀၀ နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (တ-၅၅)၊ သပြေကုန်းဈေး နေပြည်တော် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် (၈၆)လမ်း၊ (၂၁)လမ်းနှင့် (၂၂)လမ်းကြား မန္တလေး ဖုန်း ၀၂- ၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း- ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ညောင်ဦးမြို့၌ ပြည်သူများအား သက်သာသောဈေးနှုန်းဖြင့် စားအုန်းဆီများ ဆက်လက်ရောင်းချ

**ညောင်ဦး ဖေဖော်ဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့တွင် မြန်မာနိုင်ငံ ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များ၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာနတို့၏ ကြီးကြပ်မှုဖြင့် စားအုန်းဆီများ သက်သာသောဈေးနှုန်းဖြင့် စားသုံးဆီရောင်းချခြင်းကို ယနေ့နံနက် ၈ နာရီမှစတင်ပြီး ညောင်ဦးမြို့နယ် ရပ်ကွက်/ကျေးရွာများသို့ ဆက်လက်ရောင်းချပေးကြောင်း သိရသည်။

ညောင်ဦးမြို့နေပြည်သူများ ချက်ပြုတ်စားသောက်မှုကိစ္စများ တစ်ဖက်တစ်လမ်းမှ အဆင်ပြေစေရန် မီးဖိုချောင်သုံး စားအုန်းဆီများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခြင်းဖြစ်ရာ တစ်ဦးလျှင် စားသုံးဆီ တစ်ပိဿာ ငွေကျပ် ၄၉၀၀ နှုန်းဖြင့် မည်သူမဆို လွတ်လပ်စွာဝယ်ယူနိုင်ရေး ညောင်ဦးမြို့ အမှတ်(၂) ပန်းဘဲတန်းရပ်၊ အမှတ်(၄) ဆုံကုန်းရပ်၊ ညောင်ပင်ဝိုင်းအနီးတို့တွင် ရွေ့လျားယာဉ်ဖြင့် လိုက်လံရောင်းချ လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရွေ့လျားယာဉ်ဖြင့် ရပ်ကွက်/ကျေးရွာနေပြည်သူများ လက်ဝယ်အရောက် ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိရာ စားအုန်းဆီပိဿာချိန် ၂၇၅၂ ပိဿာ ရောင်းချပေးနိုင်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရှိမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၅၇၆ ဆူ | ၁၄၄ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀× ၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၄၃၂၉. ၀၂ | ၂ | - | ၂ |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၅၈၂၆. ၀၅ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၈. ၇၅ | ၁ | - | ၁ |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | - | ၁ |
| ၇။ | အဝင်မုခ်ဦးငယ်(အနောက်ဘက်) | ၁၂၂၀ | ၁ | - | ၁ |
| ၈။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၉။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၁၀။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၁၁။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၁၂။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၇၅ ခန်း | ၃၈၀ ခန်း |
| ၁၃။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၅၀ တိုင် | - |
| ၁၄။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၃၂ ခု | ၅၂၀ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၅. ၄၀ | ၂၁၁၉. ၅၃ ကျင်း | ၈၀ ကျင်း | ၂၀၃၉. ၅၃ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၇ ကျင်း | ၁၉၁. ၁၄ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၄. ၅၀ | ၅၉၁၀. ၆၆ ကျင်း | ၂၃ ကျင်း | ၅၈၈၇. ၆၆ ကျင်း |
| ၁၉။ | ကြွေပြား ၁ ကျင်းနှုန်း | ၃. ၆၀ | ၁၇၃၆. ၀၈ ကျင်း | ၃၂၃ ကျင်း | ၁၄၁၃. ၀၈ ကျင်း |
| ၂၀။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၂၈ သိန်း | ၁၇၄၀၃ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၅. ၄၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၁။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | ၃ ခု | ၇၉ ခု |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရှိမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၃၆ စုံ | ၄၆၄ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၁၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

MAEX

MYANMAR AGRO EXCHANGE PUBLIC CO., LTD.

မြန်မာ အက်ဂရိအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီ လီမိတက်

## Right Issue ထုတ်ပေးခြင်းနှင့်ပတ်သက်၍ အသိပေးခြင်း

၁။ မြန်မာအက်ဂရိအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (MAEX) ဒါရိုက်တာအဖွဲ့အစည်းအဝေး (၃/၂၀၂၂-၂၀၂၃)၏ အစည်းအဝေးအရ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ(၂၀၁၇) ဥပဒေပုဒ်မ ၆၃(ဂ)နှင့် ကုမ္ပဏီ၏ မူလဖွဲ့စည်းပုံအခြေခံစည်းမျဉ်း အပိုဒ် ၅၉ နှင့်အညီ ရန်ကုန်စတော့အိတ်(စ်)ချိန်းသို့ မတက်ရောက်မီ လက်ရှိအစုရှယ်ယာရှင် များအား ဦးစားပေးရောင်းချသည့်အစီအစဉ် Right Issue ဖြင့် မူလအစုရှယ်ယာ(၁၀)စုပိုင်ဆိုင်လျှင် (၁)စုနှုန်းဖြင့် ထပ်မံဝယ်ယူခွင့်ပြုရန် ဆုံးဖြတ်ခဲ့ပါသည်။ အစုရှယ်ယာတစ်စောင်၏ ဈေးနှုန်းမှာ တစ်စောင်လျှင်(၁၅၀၀)ကျပ်ဖြစ်ပါသည်။

၂။ အစုရှယ်ယာရှင်များအနေဖြင့် မိမိအစုရှယ်ယာအချိုးအရ ဝယ်ယူပိုင်ခွင့်ရှိသည့် အစုရှယ်ယာများအား ကိုယ်တိုင်ဝယ်ယူလိုခြင်းရှိမရှိ ပြန်ကြားနိုင်ရန် Link အား SMS ဖြင့် ပေးပို့သွားမည်ဖြစ်ပြီး ရှယ်ယာရှင်များအနေဖြင့် ၁၀-၃-၂၀၂၃ရက်(သောကြာနေ့) နောက်ဆုံးထား အကြောင်းပြန်ကြားပေးရမည်ဖြစ်ပါသည်။

၃။ ကိုယ်တိုင်ဝယ်ယူမည်ဟု အကြောင်းပြန်ကြားသော အစုရှယ်ယာရှင်များသည် မိမိဝယ်ယူမည့်အစုရှယ်ယာ တန်ဖိုး၏ ၅၀% အား ပထမအရစ်အဖြစ် ၃၁-၃-၂၀၂၃ ရက် (သောကြာနေ့)တွင် နောက်ဆုံးထားပေးသွင်းရမည်ဖြစ်ပြီး ကျန် ၅၀% တန်ဖိုးငွေအား ဒုတိယအရစ်အဖြစ် ၃၁-၅-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့)တွင် နောက်ဆုံးထားပေးသွင်းရမည်ဖြစ်ပါသည်။

၄။ အစုရှယ်ယာဝယ်ယူရန် ပထမအရစ်ရှယ်ယာတန်ဖိုး၏ ၅၀% ငွေပေးသွင်းပြီး ဒုတိယအရစ် ကျန် ၅၀% တန်ဖိုးငွေအား သတ်မှတ်ရက်အတွင်း ပေးသွင်းရန် ပျက်ကွက်သော အစုရှယ်ယာရှင်များသည် ပေးသွင်းပြီးသည့် ငွေတန်ဖိုးနှင့်ကိုက်ညီသော အစုရှယ်ယာအရေအတွက်ကိုသာ ပိုင်ဆိုင်ခွင့်ရရှိမည်ဖြစ်ပါသည်။

၅။ သတ်မှတ်ကာလအတွင်း အကြောင်းပြန်ကြားမှုမပြုသည့် အစုရှယ်ယာရှင်များ၊ ဝယ်ယူခြင်းမပြုကြောင်း အကြောင်းပြန်ကြားသည့် အစုရှယ်ယာရှင်များ၊ သက်ဆိုင်ရာ အရစ်အလိုက် နောက်ဆုံးနေ့ရက်အထိ ငွေပေးသွင်းမှု ပျက်ကွက်သည့် အစုရှယ်ယာရှင်များတို့၏ ဝယ်ယူခွင့်ရှိသော အစုရှယ်ယာများအား ကုမ္ပဏီမှ သင့်လျော်သည်ဟု ထင်မြင်သည့်အတိုင်း ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် ခွဲဝေရောင်းချပေးသွားမည်ဖြစ်ပါသည်။

၆။ ယခုထုတ်ဝေသော Right Issue ရှယ်ယာများကို ဝယ်ယူသူများသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အမြတ်ဝေစုခွဲဝေခြင်း နှင့်ပတ်သက်၍ ကြေညာခြင်းမပြုမီ ရှယ်ယာတန်ဖိုး အပြည့်အဝပေးချေပြီးပါက မူလရှယ်ယာများနည်းတူ အမြတ်ဝေစုဆိုင်ရာ အကျိုးခံစားခွင့်ရရှိသွားမည်ဖြစ်ပါသည်။

၇။ MAEX ၏ လက်ရှိဆောင်ရွက်လျက်ရှိသော လုပ်ငန်းအခြေအနေများကို စတော့အိတ်(စ်)ချိန်း စာရင်းတင်သွင်းရန် ဖော်ပြချက်စာတမ်း Disclosure Document for Listing တွင်ဖော်ပြထားပြီး MAEX ၏ website **www.maex.com.mm** တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။

၈။ Right Issue Share ထုတ်ဝေရောင်းချခြင်းနှင့်ပတ်သက်ပြီး အသေးစိတ်သိရှိလိုပါက MAEX website (သို့) MAEX Viber Phone Number; 09-889955485 နှင့် 09-885522033 သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**

**မြန်မာအက်ဂရိအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊လှိုင်မြို့နယ်၊(၁၁)ရပ်ကွက်၊မေ့္ဘာရုံလမ်း၊ခြံအမှတ်(၁၅၊၁၅-က)၊ ROYAL MAUNG BAMAR RESIDENCE TOWER (B) ROOM (7-O) ဟုခေါ်တွင်သည့်(၁၇၃၀-စတုရန်းပေ) အကျယ်ရှိတိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုတရားဝင်လက်ဝယ်ထားပိုင်ဆိုင်၍ အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူဒေါ်သန္တာဝင်း(၁၂/ပဘတ(နိုင်)၀၀၉၈၆၀)ထံမှကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်စရန်ငွေတစ်ချို့ပေးချေထားပြီးဖြစ်ပါသဖြင့်ကန့်ကွက်လိုပါကယနေ့မှစ၍(၇)ရက်အတွင်းခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ထက်ကျော်လွန်ပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်မေရည်စိုးဦး

LL.B.,D.B.L

တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၁၂)

Fb Page: Aung Myay Saytanar Realestate Co.,Ltd, E-mail: aungmyayrealestate@gmail.com

အမှတ် (၈၈၈)၊အခန်း(၃)၊မေတ္တာလမ်းကွန်ဒို၊မေတ္တာလမ်းမ၊(၁၀)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။

09- 5080073 , 09- 76 5080073 , 09- 69 5080073 , 09- 50 577 14

---

## ပြင်ဆင်ဖတ်ရှုပါရန်

(၁၈-၂-၂၀၂၃) ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ-၂၇ ပါ အထက်တန်းရှေ့နေ ဒေါ်ရည်မွန်အောင်၏ ကန့်ကွက်နိုင်ပါသည် ကြော်ငြာချက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)အစား ဒဂုံမြို့သစ်(အရှေ့ပိုင်း)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

---

ဥတု

ရာသီ

တောကို

မှီ၏

---

## သားအဖြစ်မှ စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ဆင်မင်းလမ်း၊ အမှတ်-၆၁/၆၃၊ ၄-လွှာ၊ အခန်းအမှတ်-၄ B နေ ဦးဇော်ဝင်း[၁၂/အလန(နိုင်)၀၂၆၄၄၉] နှင့် ဒေါ်သီသီစိုး [၁၂/အလန(နိုင်)၀၂၆၄၅၀]တို့၏သားဖြစ်သူ ညီညီနိုင် [၁၂/အလန(နိုင်)၀၄၃၂၈၂]သည် မိဘတို့၏ဆိုဆုံးမမှုတို့ကို မနာခံတော့သောကြောင့် ယနေ့မှစ၍ အမွေစားအမွေခံ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဖခင်-ဦးဇော်ဝင်း**

**မိခင်-ဒေါ်သီသီစိုး**

---

## အများသိစေရန် ကြေညာခြင်း

ဒေါ်တင်မျိုးမျိုးနိုင်[၉/မကန(နိုင်)၀၆၃၂၈၉]သည် ခင်ပွန်းနှင့်မိသားစုကို အကြိမ်ကြိမ်ဂုဏ်သိက္ခာကျဆင်းအောင်ပြုလုပ်၍ အိမ်ပေါ်မှမိမိသဘောဆန္ဒအလျောက်ထွက်သွားပါသဖြင့် ကျွန်တော် ဦးခင်စိုး[၁၂/တမန(နိုင်)၀၈၄၂၂၁]နှင့် ပတ်သက်မှုမရှိကြောင်း ဒေါ်တင်မျိုးမျိုးနိုင်နှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမှ (လုံး၀)(လုံး၀)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးခင်စိုး**

**[၁၂/တမန(နိုင်)၀၈၄၂၂၁]**

---

## အထူးကိုယ်စားလှယ်လွှဲစာပြန်လည်ရုတ်သိမ်းခြင်းကိစ္စ

ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင်ဦးရန်ရှင်းဆန်၏သမီး မှတ်ပုံတင်အမှတ်(၁၃/လရန(နိုင်)၀၈၁၃၄၈)ကိုင်ဆောင်သူဒေါ်ယဉ်နှင်းခိုင်မှ ဦးစိန်အောင်မင်း(ဘ)ဦးပု(၁၂/ဥကမ(နိုင်)၁၃၇၁၂၀)ထံမှရယူထားသော အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၅၆၂၄/၂၀၁၉)အား(၂၀-၂-၂၀၂၃)ရက်နေ့မှစ၍ပြန်လည်ရုတ်သိမ်းလိုက်ပါကြောင်းအများသိစေရန် ကြော်ငြာအပ်ပါသည်။လွှဲအပ်ညွှန်ကြားချက်အရ

ဦးအောင်ကျော်ထွန်း

LL.B.,LL.M.

တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၁၆၃)

09- 420 189 919

---

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ (၂)ရပ်ကွက်၊ ပြည်လမ်း၊ အမှတ်(၉၃၀)နေ ဒေါ်ကေခိုင်နွယ် [၁၂/မဘန(နိုင်)၀၈၀၃၀၈]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်-

ဦးတင်အောင်ထွန်း နှင့် ဒေါ်ကေခိုင်နွယ်တို့သည် (၆-၁-၂၀၂၃)နေ့၌ မှော်ဘီမြို့နယ်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ် ချုပ်ဆို၍ ကွာရှင်းခဲ့ပြီးဖြစ်ပါသည်။ ထိုသို့ ကွာရှင်းပြီးဖြစ်ပါ၍ ဦးတင်အောင်ထွန်း ကိုယ်တိုင်နှင့်သော်လည်းကောင်း၊ ဦးတင်အောင်ထွန်းနှင့်ပတ်သက်၍ လူမှုရေး၊ စီးပွားရေးတို့တွင်လည်းကောင်း၊ ဒေါ်ကေခိုင်နွယ်နှင့်ပတ်သက်စပ်ဆိုင်ခြင်းလုံးဝမရှိပါကြောင်း မည်သည့်ကိစ္စရပ်ကိုမျှ ဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်စုစုအောင်(LL.B,D.B.L,D.I.L)**

**အထက်တန်းရှေ့နေ(စဉ်-၃၅၅၀၉/၁၆-၁၂-၂၀၁၀)**

**တိုက်(၂၁)၊ ပထမထပ်၊ ဇေယျမင်္ဂလာ(၁)လမ်း၊ (၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ Ph:09-31066498,09-769147794**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၃)၊ နဝရတ်လမ်း၊ အမှတ်(၂၂၆)၊ ဦးမောင်စိုး အမည်ပေါက် ပါမစ်မူရင်းပါ မြေအကျယ်ပေ(၄၀x၆၀)အနက်မှ(မြေကွက်ကို မျက်နှာမူလျှင်-ဘယ်ဘက်ရှိ) (ပါမစ်မိတ္တူခြမ်း) မြေအကျယ်ပေ(၂၀x၆၀)ရှိ မြေနှင့် ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော နေအိမ် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်သူဇာရှိန် [၁၂/ဥကတ(နိုင်) ၀၀၀ ၆၂၅] မှ ဝယ်ယူပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဒေါ်ယုယုဝင်းစံ [၁၂/ဥကတ(နိုင်)၁၃၀၉၂၀]မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ(၁၄)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ယုယုဝင်းစံ၏ ညွှန်ကြားချက်အရ-**

**ဒေါ်ဝေဝေခိုင်(ခ) ဒေါ်မြမြငွေး(H.G.P, LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၀၅)၊ (၂၀-၇-၁၉၉၈)**

**ရုံး-(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**

**ဖုန်း-၀၉-၅၄၀၇၂၂၉**

---

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် (၂၀၂၂-၂၀၂၃) ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် ရန်ကုန်မြို့တွင်ရှိသော ဆေးသိုလှောင်ရုံအဆောက်အဦအဟောင်းအား မြို့ပြလုပ်ငန်းပြုပြင်ခြင်းနှင့် လျှပ်စစ်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ရန် ကုမ္ပဏီများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါပုံစံအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ခုတင်(၁၀၀၀)ဆေးရုံဝင်း၊ ရောဂါနိမ်နင်းရေးရုံး၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက်ရယူနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

| | |
|---|---|
| အိတ်ဖွင့်တင်ဒါအမှတ် | Tender.EPI.CCR.Reno/1 (2022-2023) |
| အိတ်ဖွင့်တင်ဒါစတင်ခေါ်ယူသည့်ရက် | ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀)ရက် |
| အိတ်ဖွင့်တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် | ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄)ရက် |

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်။ ဖုန်း-၀၉-၄၃၁၄၅၇၂၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

---

## ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ စာဂလမ်း၊ အမှတ်(၈၁၈/က)၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၈၁၈/က)/(၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် နေအိမ်အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်။

အထက်လိပ်စာပါ နေအိမ်နှင့်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ခင်စန်းရီ(ဘ) ဦးဟူစိန်(S/OKA-109864)[၁၂/ဥကတ(နိုင်)၀၃၈၁၀၈]၏အမည်ဖြင့် မှတ်သားတည်ရှိနေပါသည်။ အမည်ပေါက်သူ ဒေါ်ခင်စန်းရီထံမှ ဒေါ်ခင်ဝင်းမာ[၁၂/စခန(နိုင်)၀၀၃၈၄၄]က ဝယ်ယူထားစဉ် ဒေါ်ခင်ဝင်းမာထံမှ ဦးသိန်းထိုက်[၁၂/သဃက(နိုင်)၁၇၆၇၅၄]က အဆိုပါအိမ်ခြံမြေကို ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ပြည့်စုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အိမ်ခြံမြေအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးသိန်းထိုက်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်မာလာ(LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀)**

**(KHIN MAR LAR LAW FIRM)**

**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်။**

**ဖုန်း-၀၉-၅၁၈၁၈၂၀**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

